www.burmeseclassic.com

# ဆွဲကြိုးချကုန်းကတာရွှေ
## နှင့်
# ကျွန်းပင်စောင့်သရဲ



မောင်မှိုင်းညို့(ချောင်းဦး)

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် ◆ ၂၀၁၄ မေ လ
အုပ်ရေ ◆ ၅၀၀
တန်ဖိုး ◆ ၈၀၀ ကျပ်
အဖုံးဒီဇိုင်း ◆ ဦးကံကောင်း
တွန်ပျူတာစာစီ ◆ ချယ်ရီမေ (အင်းစိန်)
အတွင်းဖလင် ◆ ADORN၊ ၀၉-၄၅၀၀၁၇၃၃၂
ထုတ်ဝေသူ ◆ ဦးချစ်ညွန့် (၀၄၀၀၄)
ဇင်ရတနာစာပေ
၂၀၅၊ က/၄လမ်း၊ မြို့သစ်
(က+ခ)ရပ်ကွက်၊ အင်းစိန်။
ချုပ်နှာဝိုးနှင့် အတွင်းပုံ ◆ ဦးကျော်မင်းစိုး(မြ-၀၇၃၄၆)
စိုးမေတ္တာပုံနှိပ်တိုက်
အမှတ်(၁၇)၊ ၅၆-လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

"ထုတ်ဝေသည့်စာအုပ်တတ်တလောတ်အညွှန်း" (CIP)

မောင်ညီမှိုင်း(ချောင်းဦး)၊
ဆွဲကြိုးချကုန်းတတစ္ဆေနှင့်ကျွန်းပင်စောင့်သရဲ
ဇင်ရတနာစာပေ
၂၀၉ - စာ . ၀၂.၅ × ၁၀ စင်တီ
(၁) ဆွဲကြိုးချကုန်းကတစ္ဆေနှင့်ကျွန်းပင်စောင့်သရဲ

(တစ္ဆေဖြစ်ရပ်မှန်)

# ဆွဲကြိုးချကုန်းတတစ္ဆေ
နှင့်
# ကျွန်းပင်စောင့်သရဲ

... မောင်မှိုင်းညို (ချောင်းဦး) ...

www.burmeseclassic.com

www.burmeseclassic.com

## ဝန်ခံချက်

စာရှုသူများထံသို့ ...

ယခုတင်ပြသော ဇာတ်လမ်းများမှာ စာရေးသူရေးဖွဲ့ထားသော စိတ်ကူးယဉ် ဇာတ်လမ်းများမဟုတ်ပါ။

နာနာဘာဝများနှင့် ကိုယ်တိုင်ကြုံတွေ့ခဲ့သူများ ပြောပြသည့် ဖြစ်ရပ်မှန်များကို အမည်၊ နေရပ်၊ ပြောင်းလဲ ရေးသားထားခြင်းသာဖြစ်ကြောင်း ဝန်ခံအပ်ပါသည်။

စာရှုသူများအား လေးစားလျက်

မောင်မိုင်းညို့(ချောင်းဦး)

*23-March-2014*



## မာတိကာ


| | | |
|---|---|---|
| ၂။ | နပန်းသရဲ | ၄ |
| ၃။ | ဆွဲကြိုးချကုန်းကတစ္ဆေ | ၂၆ |
| ၁။ | ကျုတ်ကုန်းမြေက နာနာဘာဝ | ၄၇ |
| ၄။ | ဆေးရုံပေါ်ကတစ္ဆေ | ၇၉ |
| ၅။ | ကားပျက်တဲ့ည | ၉၇ |
| ၆။ | သရဲစိုးမင်း | ၁၂၆ |
| ၇။ | မရဏာဝဋ်ကြွေး | ၁၄၉ |
| ၈။ | ကျွန်းပင်စောင့်သရဲ | ၁၇၃ |
| ၉။ | ဥစ္စာစောင့်နန်းစောမွန် | ၁၉၁ |

www.burmeseclassic.com

# နုပန်းသရဲ

သရဲကောင်ကြီးရဲ့ကိုယ်မှာ တစ်ကိုယ်လုံး အမွှေးတွေ ဖုံးနေတယ် …။

မျက်လုံးပြူးပြူးကြီးက အနီရောင်မီးလုံးကြီးနှစ်လုံးလို ရဲနေ တာပဲ။

နှာခေါင်းက ပွပွကြီးကြီး၊

ဒါပေမယ့် မြင်မကောင်းအောင် တိုလွန်းတယ်။

ပါးစပ်ကြီးပြဲနေတာကလည်း ရုပ်ပျက်ဆင်းပျက်နဲ့ …

"တော်ပါသေးရဲ့ မသီကို ခေါ်မလာမိလို့၊ မသီသာမြင်ရ လိပ်ပြာလွင့်သွားနိုင်တယ် …"





## တစ်

"သိပ် ဒုက္ခပေးတဲ့သရဲ …"

နိုင်ကြီးစိတ်ပျက်လက်ပျက်နှင့် ညည်းတွားမိလိုက်တယ် …၊

ဟုတ်တော့လည်းဟုတ်ရဲ့၊

ဘယ်ဘဝက သေပြီး ဖြစ်လာတဲ့သရဲလည်းမသိဘူး။

အလိုက်ကန်းဆိုးကလည်း လုံးဝမသိဘူး။

တစ်နေကုန် ပင်ပန်းလွန်းလို့ မလှုပ်ချင်၊ မကိုင်ချင် ဖြစ်နေ ပါတယ်ဆိုမှ …

သူနှင့်နပန်းလုံးရမယ်တဲ့။

နိုင်ကြီးလည်း "မထူးဘူး၊ ချဟာ" ဆိုပြီး စိတ်ပေါက်ပေါက်နှင့် ထလုံးတယ်။

သူလည်းမော၊ ကိုယ်လည်းမောပြီဆိုမှ သရဲမသားက ပြန်တော် မူတယ်။

နောက်နေ့ အိပ်မယ်လုပ်တော့ တစ်ခါရောက်လာပြန်ရော။

နပန်းလုံးရပြန်ရော …၊



www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်လည်းမတုတ်၊ နှစ်ရက်လည်းမတုတ်။ နေ့တိုင်းလိုလိုကို ဖြစ်နေတော့ နိုင်ကြီးစိတ်ပျက်လာတယ်။

ဒီသရဲမလာအောင်ဆိုပြီး၊ နေဝင်တာနှင့်တတ်သမျှ မှတ်သမျှ ဂါထာတော်တွေရွတ်တယ်။

၂၄ ပစ္စည်း၊ ပဋ္ဌာန်းစာအုပ်ကြည့်ရွတ်ပြီး စည်းချတယ်။

သူကပဲ ငါးပါးသီလ မမြဲတဲ့ လူမို့လား။

ရွတ်တာ၊ ဆိုတာ၊ ဌာန်ကရိုဏ်း မကျလို့လား မသိဘူး။

ဘာသားချောကတော့ ဝတ္တရားမပျက်ဘဲ။

အချိန်တန်တာနှင့် တဲထောင့်မှာ ဝုတ်တုတ်ထိုင်လျက် ရောက်နေပြီ ...။

"ဒီနေ့တော့ လာရဲလာကြည့်၊ ဓားနှင့်ခုတ်ပစ်မယ်"လို့ နိုင်ကြီးကြိမ်းထားတယ်။

ဇက်ကြီးတောင်ကိုလည်း ခြေသလုံးမွှေးကျအောင် သွေးထားတယ်။

ကြိမ်းထားတဲ့နေ့ကျမှ ဒီကောင်က နောက်ကျနေတယ်။

တော်တော်နှင့်ရောက်မလာဘူး။

"မလာလောက်တော့ဘူး"ဆိုပြီး နိုင်ကြီးအိပ်ရာပေါ် ပက်လက်လှန် လှဲလိုက်တယ်။





အဲဒီအချိန်မှာမှ တဲက သိမ့်ခနဲ လှုပ်သွားတယ်။

"ဟော၊ လာပြီ ..."

နိုင်ကြီး ဝေါက်ခနဲ ထထိုင်လိုက်တယ်။

ဟုတ်တယ်၊ ဒုက္ခပေးနေကျအကောင်က တဲထောင့်မှာ ဆောင့်ကြောင့်ထိုင်ပြီး သူ့ကို မသက်သာတဲ့မျက်လုံးတွေနှင့် ကြည့်နေတယ်။

## နှစ်

နိုင်ကြီးလယ်စာရင်းငှား မလုပ်ရတာကြာပြီ။

မသီနှင့်မညားခင် မိဘတွေလက်ထဲမှာတုန်းကတော့ တစ်မိုး၊ နှစ်မိုး လုပ်ဖူးတယ်။

မသီနှင့်ညားပြီးတဲ့နောက်တော့ အောက်ကျနောက်ကျ နိုင်လွန်းလို့ မလုပ်တော့ဘူး။

အိမ်မှာပဲ ဝက်တွေ၊ ဘဲတွေ၊ ကြက်တွေ မွေးတယ်။

အကောင်ကြီးတွေ ရောင်းထုတ်လိုက်၊ အကောင်လေးတွေ ပြန်ဝယ်ထည့်လိုက်နှင့်၊ တွက်ခြေကိုက်တယ်၊ မဆိုးဘူး။

အခုပေမယ့် ဒီနှစ်မှာတော့ နိုင်ကြီးစာရင်းငှားလုပ်ဖို့အကြောင်းဖန်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



တလင်းသိမ်းပြီးရင် ယိုးဒယားကို အောက်လမ်းကသွား
စီစဉ်ထားပြီးပြီ။

မသီကိုတော့ ခေါ်သွားလို့မဖြစ်ဘူး။

အောက်လမ်းက သွားရမှာမို့ မသီပါရင် အန္တရာယ်များတယ်

ဒါကြောင့် ကျန်ခဲ့မယ့်မသီအတွက် မချေးရ၊ မငှားရအော

ကိုပုဆီမှာပဲ မိုးလုပ်ငှား၊ နွေလုပ်ငှား၊ နှစ်မိုးစလုံး လုပ်လိုက်တာ

ပြီးတော့ ကိုပုလယ်က ကျတ်ကွင်းထဲမှာမို့ တော်ရုံ
လုပ်ငှားမလုပ်ရဲဘူး။ လုပ်ငှားရှားတယ်။

ဒီတော့ လုပ်ငှားခ ပိုရတယ်လေ။

နိုင်ကြီးကတော့ “ကြောက်တယ်ဆိုတာ ဘယ်လိုဟာမျိုးလဲ”
မေးမယ့်လူစား။

ကျတ်ကွင်းမြေဆိုတာကလည်း တစ်ခြားလူတွေအဖို့ သ
ကြောက်စရာ၊ လန့်စရာ။

နိုင်ကြီးက နေ့မရှောင်၊ ညမရှောင်၊ ငှက်ပစ်ရင်း၊ ငှက်ဖမ်းရင်
ငါးခုတ်ရင်း၊ ဖားရိုက်ရင်း ကွင်းအနှံ့သွားနေကျ။

နာနာဘာဝဆိုတာတွေနှင့်လည်း တွေ့နေကျ။

ဒါပေမယ့် သူ့လမ်းသူသွား၊ သူ့အလုပ်သူလုပ်။

ကိုယ့်လမ်းကိုယ်သွား၊ ကိုယ့်အလုပ်ကိုယ်လုပ်ပဲ။





ကိုပုဆီမှာ လုပ်ငှားလုပ်တော့ နိုင်ကြီးက မသီကို ခေါ်မသွားဘူး။

ဒီကွင်းက ကြမ်းတယ်လေ။

နာနာဘာဝတွေနှင့် မတော်တဆတွေ့ရင် မသီလန့်မှာစိုးလို့
ထင်တဲ့အတိုင်းပဲ ဒီကောင်ကြီးနှင့်တွေ့တာပဲ။

နိုင်ကြီးနှင့် ဒီအကောင်ကြီး စတွေ့ပုံကလည်း ခပ်ကြမ်းကြမ်း
ယ် ...၊

တစ်နေ့ နေ့ခင်းမှာ လယ်ရှင်ကိုပုက နိုင်ကြီးတို့မိသားစု
အဖို့ ရွာမထဲကနေ ဝက်သားပိသာတွဲတစ်တွဲ ပို့ခိုင်းလိုက်တယ်။

နိုင်ကြီးလည်း အလုပ်များနေတာနှင့် မသီဆီ မပို့ဖြစ်ဘူး။

အလုပ်သိမ်းမှ သွားပို့တော့ နေဝင်ဖိုးဖျ၊ မှောင်ရီသန်းနေပြီ။

နိုင်ကြီးဝက်သားတွဲကြီးဆွဲပြီး ရွာအက်ထွက်လာခဲ့တယ်။

လယ်သိုးကွက်ကျော်က သရက်ပင်အိုကြီးအောက်က အဖြတ်
နိုင်ကြီးလက်ထဲက ဝက်သားတွဲကို တစ်စုံတစ်ယောက်က
သုယူတာ ခံလိုက်ရတယ်။

နိုင်ကြီးအံ့အားသင့်သွားတယ်။

ကြောက်ဖို့ကတော့ ဝေးရောပဲ။

လုယူတဲ့သူလည်း မမြင်ရဘူး။

လေထဲမှာ ဝဲသွားနေတဲ့ ဝက်သားတွဲကိုပဲ တွေ့နေရတယ်။



www.burmeseclassic.com

www.burmeseclassic.com



"သရဲ"ဆိုတာ နိုင်ကြီး သိလိုက်တယ်။

နိုင်ကြီးအတင်းပြေးလိုက်တယ်။

လေထဲကဝက်သားတွဲကို မိမိရရ ပြန်ဆွဲလုတယ်။

ဒါပေမယ့် ဝက်သားတွဲက သူ့လက်ထဲကို လွတ်လွတ်ကျွတ်ကျွတ် ပြန်ပါမလာဘူး။

မမြင်ရတဲ့အကောင်တစ်ကောင်က ပြန်ဆွဲနေသလို ခံစားရတယ်။

"မင်းက ဘာကောင်လဲကွ၊ ငါ့ဝက်သားတွဲကို ဘာလို့ လုတာလဲ"

နိုင်ကြီးဝက်သားတွဲကို ဆွဲထားရင်း မေးလိုက်တယ်။

"ငါ စားချင်လို့"

မမြင်ရတဲ့အကောင်ဆီက အသံသဲ့သဲ့ကြီးထွက်လာတယ်။

"စားချင်ရင် တောင်းစားပေါ့ကွ၊ အကုန်လုံးတော့ ဘယ်ရမှာလဲ၊

ငါတို့လည်း စားရဦးမှာပေါ့ ...၊

တစ်ဝက်ယူလိုက်၊ ငါ့ကို တစ်ဝက်ပြန်ပေး ..."

နိုင်ကြီးဒီလိုပြောလိုက်တာနဲ့ ဝက်သားတွဲကြီး နှစ်ပိုင်း ပြတ်သွားတယ်။





တစ်ပိုင်းက နိုင်ကြီးလက်ထဲ ပါလာပြီး၊ တစ်ပိုင်းကတော့ လေထဲမှာ။

"မင်းကိုကြောက်လို့ ပေးတာမဟုတ်ဘူးနော်၊ သနားလို့ ကျွေးတာ ..."

မမြင်ရတဲ့ သရဲကောင်တော့ ဒေါသထွက်နေမလား၊ စိတ်ဆိုးနေမလားဘဲ

နိုင်ကြီးတ မခံချင်အောင်ပြောပြီးမှ အိမ်ပြန်လာခဲ့တယ် ...၊

ယသီဆီက နိုင်ကြီးပြန်လာတော့ ညဉ့်နက်သန်းခေါင် ဖြစ်နေပြီ။

မှောင်လိုက်တာကလည်းမဲလို့၊

ဓာတ်မီးထိုးပြီး ပြန်လာတဲ့နိုင်ကြီးတာ သူ့နောက်ဘက်က ခြေသံတဖျတ်ဖျတ်နှင့်လိုက်လာတာကို ကြားနေရတယ်။

နောက်လှည့်ပြီး ဓာတ်မီးနှင့် ထိုးကြည့်တယ်။

ဘာမှမတွေ့ရဘူး။

ခြေသံလည်း မကြားတော့ဘူး။

ဒါနှင့် သူ ရှေ့ဆက်သွားတယ်။

ခြေသံတဖျတ်ဖျတ်နှင့် လိုက်လာပြန်တယ်။

"ငါ့ကိုခြောက်ရင်တော့ အလကားပဲနော်၊

ငါက ကြောက်တတ်တာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



နိုင်ကြီးတာတ်မီးနှင့် လှည့်ထိုးရင်း ပြောလိုက်တယ်။

မမြင်ရတဲ့အကောင်ဟာ ဘာမှ ပြန်မပြောဘူး။

လယ်တဲထိ ရောက်အောင်ပဲတော့ ခြေသံတဖျတ်ဖျတ်နှင့် နောက်က လိုက်လာတယ်။

လယ်တဲရောက်တော့ နိုင်ကြီး ခြေလက်ဆေးတယ်။

တဲပေါ်တက်၊ ဖျာကြမ်းပေါ် စောင်တစ်ထည်ခင်းပြီး အိပ်မယ် လုပ်ရုံရှိသေး ...

တဲတစ်ခုလုံး သိမ့်ခနဲ၊ သိမ့်ခနဲ လှုပ်သွားတယ်။

နိုင်ကြီး ဘာမှမပြောဘဲ အိပ်ရာထဲမှာပဲ အသာငြိမ်နေလိုက်တယ်။

တဖြေးဖြေးနှင့် တဲလှုပ်တာက ပိုပြင်းလာတယ်။

မမြင်ရတဲ့အကောင်က တဲကို စိတ်ရှိလက်ရှိ ကိုင်ပြီး လှုပ်နေပုံပဲ။

"အေး၊ အေး၊ ခပ်ကြမ်းကြမ်းသာလှုပ်တော့၊ ဒီမှ ပုခက်စီးရသလိုဖြစ်ပြီး မြန်မြန် အိပ်ပျော်မှာ"

ပြောလည်းပြော၊ စောင်ခေါင်းမြီးခြုံပြီး နိုင်ကြီး အိပ်ပစ်လိုက်တယ် ...၊

သရဲဘယ်အချိန် ပြန်သွားလည်းဆိုတာတောင် မသိလိုက်ဘူး။





နောက်တစ်နေ့ညကျတော့ နိုင်ကြီး အလုပ်ပင်ပန်းတာမို့ စောစော အိပ်ပျော်သွားတယ်။

အိပ်ကောင်းနေတုန်းမှာ တဲက သိမ့်ခနဲ၊ သိမ့်ခနဲ တစ်ချက်နှစ်ချက် လှုပ်သွားတယ်။

"တော်တော် နောက်ယှက်တဲ့သရဲပဲ ..."

နိုင်ကြီးပြောလည်းပြော၊ အိပ်ရာကလည်းထပြီး တာတ်မီးနဲ့ ထိုးကြည့်တယ်။

တဲရဲ့ခြေရင်းဘက်မှာ ဂုတ်တုတ်ထိုင်နေတဲ့ အကောင်ကြီးကို တွေ့လိုက်ရတာပဲ။

အရပ်က ခုနစ်ပေလောက်ရှိမယ်။

နိုင်ကြီးအရပ်ထက် တစ်ပေလောက် ပိုမြင့်မယ်။

အလုံးအထည်ကတော့ နိုင်ကြီးထက်တောင် နည်းနည်းသေးပုံရတယ်။

နိုင်ကြီးကတောင် သရဲထက် ဗလကောင်းချင်သေးတယ်။

သရဲကောင်ကြီးရဲ့ကိုယ်မှာ တစ်ကိုယ်လုံးအမွှေးတွေ ဖုံးနေတယ်။

မျက်လုံးပြူးပြူးကြီးက အနီရောင်မီးလုံးကြီးနှင့်လုံးလိုပဲ ရဲနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



နှာခေါင်းက ပွပွကြီးကြီး၊ ဒါပေမယ့် မြင်မကောင်းအောင် တို့လွန်းတယ်။ ပါးစပ်ကြီး ပြဲနေတာကလည်း ရုပ်ပျက်ဆင်းပျက်နဲ့။

"တော်ပါသေးရဲ့၊ မသီကို ခေါ်မလာမိလို့၊

မသီသာမြင်ရင် လိပ်ပြာလွင့်သွားနိုင်တယ် ..."

နိုင်ကြီးကတော့ အာဂလူပဲ။

သရဲတစ်ကောင်လုံး ရှေ့မှာ ငုတ်တုတ်ရောက်နေတာတောင် ကြောက်ရလန့်ရမှန်း မသိဘူး။

သူ့မယားအတွက် တွေးပူနေသေးတယ်။

"မင်း၊ ငါ့ဝက်သားတွဲကို လုတဲ့ကောင်လား ..."

နိုင်ကြီးက သရဲကိုမေးလိုက်တယ်။

"အေး၊ ဟုတ်တယ် ..."

သရဲက အသံအက်အက်၊ သြသြကြီးနှင့်ဖြေတယ်။

"ငါ့ဆီ ဘာလုပ်လာတာလဲ"

"နင်နှင့် နပန်းလုံးမလို့ ..."

သရဲပြောတာကြားတော့ နိုင်ကြီး အံ့အားသင့်သွားတယ်။

ဘယ်လိုသရဲတုန်း၊ နပန်းလုံးချင်တယ်လို့ပဲ။

နိုင်ကြီးဘာမှမပြောဘဲ သရဲကို အကဲခတ်တယ်။

အရင်ဒိုရှည်တာပဲ ရှိတယ်။ ဗလချင်းတတော့ မတိမ်းမယိမ်းပဲ





"ငါ၊ တစ်နေကုန် အလုပ်လုပ်ထားရလို့ ပင်ပန်းနေတယ်ကွ၊ နောက်နေ့ကျမှ လုံးမယ် ..."

"မရဘူး၊ ခုပဲလုံးမယ် ..."

ပြောပြောဆိုဆို သရဲက ကုန်းကုန်းကြီး ထလာတယ်။

နိုင်ကြီးလည်း နေလို့မရတော့ဘူး၊ ဝုန်းခနဲထပြီး သရဲကောင်ကြီးရဲ့ လည်ပင်းကို ဖက်လုံးတယ်။

သရဲကောင်ကလည်း အမွေးထူတွေပေါက်နေတဲ့ လက်ကြီးတွေနှင့် ဖက်ပြီး နိုင်ကြီးကို လှဲချဖို့ ကြိုးစားတယ်။

နပန်းလုံးနေရင်း နိုင်ကြီးသတိထားမိလိုက်တယ်။

ခွန်အားဗလချင်းအတူတူလောက်ရှိတယ်ဆိုတာပဲ။

တစ်ချိုတစ်ချိုမှာ သရဲရဲ့ဝမ်းဗိုက်နေရာကို နိုင်ကြီးလက်သီးနှင့် ထိုးကြည့်တယ်။

လေတင်းနေတဲ့ဘောလုံးကို ထိုးရသလိုပဲ၊ လက်သီးက ပြန်ကန်ထွက်လာတယ်။

သူတို့ နပန်းလုံးတာ နာရီဝက်လောက်ကြာတယ်။

လယ်တဲတစ်ခုလုံးလည်း သိမ့်သိမ့်တုန်ပြီး ပြောင်းဆန်နေလေရဲ့။

နိုင်ကြီးတအားမော၊ သရဲကောင်လည်း တအားမောပြီဆိုမှ နပန်းလုံးတာကို ရပ်ပြီး ပြန်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ညလည်းမဟုတ်၊ နှစ်ညလည်းမဟုတ်၊

ညတိုင်းညတိုင်း မှောင်တာနှင့် သရဲကောင်ရောက်လာတယ်။

နပန်းလုံးဖို့ ပြောတယ်။

မလုံးချင်ဘူးပြောလို့လည်း မရဘူး။

မလှုပ်ချင်လောက်အောင် ပင်ပန်းနေလည်း နပန်းလုံးရတယ်။

အဲကြောင့် ...

နိုင်ကြီးစိတ်လည်းပျက်၊ ဒေါသလည်းထွက်နေတာ ဖြစ်တယ်။

"ဂုဏ်တော်ရွတ်လည်းမရ၊ နှစ်ဆယ့်လေးပစ္စည်းနှင့်လည်း

မရတဲ့သရဲ၊

ဒီနေ့ ငှက်ကြီးတောင်စာ ကျွေးပစ်မယ်"လို့ ကြိမ်းဝါး

ထားတယ် ...။

ခု သရဲကောင်က တဲထောင့်မှာ ထိုင်နေပြီ၊

နိုင်ကြီးကို မသက်သာတဲ့မျက်လုံးတွေနှင့် ကြည့်နေပြီ ...။

သုံး

"နင်၊ ဒီနေ့တစ်နေကုန် ဓားပဲသွေးနေတာပါလား ..."

သရဲကောင်ဆီက ခပ်အက်အက်အသံကြီးထွက်လာတယ်။

နိုင်ကြီး အံ့သြသွားတယ်။





"မင်းဘယ်လိုလုပ် သိတာလည်း ..."

"ငါလည်း တစ်နေ့လုံး၊ နင်ဓားသွေးနေတာကို နင့်ဘေး

နားမှာထိုင်ပြီး ကြည့်နေတာပေါ့ ..."

ဟုတ်သားပဲ၊ သရဲက သူ့ကို လူတွေမမြင်အောင် နေနိုင်

တာပဲ။

"နင်ဓားသွေးတာ ဘာခုတ်မလို့လဲ"

သရဲကောင်ရဲ့စကားက နိုင်ကြီးရဲ့ဒေါသတွေကို မီးလောင်ရာ

လေပင့်လိုက်သလို ဖြစ်သွားတယ်။

နိုင်ကြီး ဖျာအောက်မှာ အဆင်သင့်ထားတဲ့ ဂှက်ကြီးတောင်

ကိုဆွဲတယ်။

ဝုန်းခနဲထပြီး သရဲဆီပြေးသွားတယ်။

အနီးရောက်တာနှင့် သရဲကောင်ရဲ့ခေါင်းကို ဓားနှင့်ခုတ်ချ

လိုက်တယ်။

"ခွမ်း"ခနဲ အသံမြည်ပြီး ခေါင်းကြီးထက်ခြမ်း ကွဲသွားမယ်။

သရဲရဲ့ခေါင်းထဲက အဖြူရောင်ပျစ်ပျစ်အရည်တွေ ဒလဟော

ထွက်ကျလာမယ်လို့ နိုင်ကြီးတွေးထင်ထားမိတယ်။

တကယ်ခုတ်လိုက်တော့ ...

လေကိုပဲခုတ်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုလေ၊ သရဲကောင်ရဲ့ခေါင်းကို မခုတ်မိတာမဟုတ်ဘူး။ ခုတ်မိတယ်။

ဒါပေမယ့် လေထဲကို ဓားနှင့်ခုတ်လိုက်တဲ့အခါ ဖြစ်သွားသလို မျိုး နိုင်ကြီးခံစားလိုက်ရတယ်လို့ ပြောတာ။

နိုင်ကြီး နောက်တစ်ကြိမ်ခုတ်ဖို့ဓားကို အားနှင့်လွှဲနေတုန်းမှာပဲ သရဲကောင်ကြီး ပျောက်သွားတယ်။

သူ့နေရာမှာ အုန်းသီးလောက်မီးလုံးကြီးတစ်လုံးရောက်လာ ပြီး တဲအနှံ့ဝဲနေတယ်။

နိုင်ကြီးဓားနှင့်လိုက်ခုတ်ပေမယ့် မီးလုံးကြီးက ကွေ့ရှောင် နေလို့ မခုတ်မိဘူး။

တော်တော်လေးကြာတော့ မီးလုံးကြီး တဲအဖြင့်ထွက်သွား တယ်။

ဘယ်ဘက်သွားတာလဲလို့ နိုင်ကြီးထွက်ကြည့်တယ်။

မီးလုံးကြီးက လယ်တဲအပြင်ဘက် ကောင်းကင်ယံမှာ ခဏ လောက်ဝဲပြနေသေးတယ်။

ပြီးတော့မှ သရက်ပင်အိုကြီးရှိရာ ပျံသွားတယ်။

သရက်ပင်အိုကြီးထက်မှာပဲ ပျောက်တွယ်သွားတယ်။

သရဲကောင်ကြီး ပြန်လာဦးမလား ...။





ဘယ်လိုများ ရန်ပြဦးမလဲ ...။

အမျိုးမျိုး၊ အဖုံဖုံတွေးပြီး နိုင်ကြီးစိုးရိမ်မိသေးတယ်။

ဒါပေမယ့် အဲဒီညတစ်ညလုံး သရဲကောင်ကြီး ပြန်မလာ တော့ဘူး။

နောက်ညတွေမှာတော့ ထုံးစံအတိုင်း ပြန်ရောက်လာတယ်။

နိုင်ကြီးစိတ်ဆိုးမှန်းသိလို့ထင်ရဲ့။

နပန်းလုံးဖို့ ပြောဖို့ နေနေသာသာ သူ့ရဲ့အကောင်အထည် တိုတောင် လုံးဝမပြတော့ဘူး။

သူလာတာ နိုင်ကြီးသိအောင်တော့ တဲကို သိမ့်ခနဲ၊ သိမ့်ခနဲ လှုပ်ပြတယ်။

အချို့ညတွေကျ ခပ်ကြမ်းကြမ်း လှုပ်ပြတယ်။

ဘာပဲဖြစ်ဖြစ်၊ နိုင်ကြီးကတော့ သရဲနှင့်နပန်းမလုံးရတော့လို့ ကျေနပ်မိတာအမှန်ပဲ။

နိုင်ကြီးတာ အဘဆရာနှင့် ကြုံကြိုက်တဲ့တစ်နေ့မှာ သရဲနှင့် နပန်းလုံးရတဲ့အကြောင်း ပြောပြတယ်။

"သရဲဆိုတာ အပါယ်လေးဘုံမှာပါတဲ့ ပြိတ္တာတစ်မျိုးပေါ့ နိုင်ကြီးရေ ...။



www.burmeseclassic.com

www.burmeseclassic.com



ကြောက်အောင် လန့်အောင်ခြောက်လှန့်တတ်လို့လည်း သရဲ တစ္ဆေလို့ ခေါ်တာကွယ့် ...။

မင့်ကို ရန်မပြုဘူးဆိုကတည်းက စိတ်ကောင်းရှိတဲ့ သရဲလို့ သတ်မှတ်ရမှာပေါ့ကွယ် ...။

သံသရာရဲ့ တစ်နေရာမှာ မင်းနှင့်ဆွေမျိုးသားချင်း တော်စပ်ခဲ့ဖူးသူလည်း ဖြစ်ချင်ဖြစ်မှာပေါ့ ...။

ဓားနှင့်ခုတ်တာကတော့ မင်းလွန်သွားတယ်ကွ။

အတိတ်ဘဝမှာ ညီအစ်ကိုတော်ခဲ့တာဆိုရင် ဘယ်လိုလုပ်မလဲ။

အဖေလည်းဖြစ်နိုင်တယ်၊ အဖိုးလည်းဖြစ်နိုင်တာပဲလေ။

ကိုယ့်ကို ရန်မပြုဘူးဆိုရင်တော့ ဥာ ဘုံသားအားလုံးရဲ့ အပေါ် မေတ္တာတရားနှင့် ဆက်ဆံတာပဲ အကောင်းဆုံးပဲကွယ့်"

အဘဆရာ ရှင်းပြတော့မှ နိုင်ကြီးကိုယ့်ကိုယ်ကို လွန်သွားမှန်း သိတယ်။

ဒါပေမယ့်၊ ဖြစ်ပြီးသွားပြီဆိုတော့ ပြန်ပြင်လို့ မရတော့ဘူး လေ ...၊

ဒီလိုနှင့် တလင်းသိမ်းချိန်ကို ရောက်လာတယ်။

နိုင်ကြီးလည်း စီးပွားရှာဖို့ ယိုးဒယားကို ထွက်သွားခဲ့ ရတယ် ...။





## လေး

ယိုးဒယားက မီးသွေးဖောင်းတစ်ခုမှာ နိုင်ကြီးခြောက်လ လောက် လုပ်ခဲ့တယ်။

လူမျိုးရေး အနိုင်ကျင့်လွန်းတာနှင့် ဖူးခက်က ဆောက်လုပ် ရေးဆိုက်ကို ပြောင်းပြီးလုပ်တယ်။

အဲဒီ နိုင်ငံမင်း(သူဌေး)က မဆိုးဘူး။

ဒါကြောင့် ပြန်တဲ့အချိန်ထိ အဲဒီဆောက်လုပ်ရေးဆိုက်မှာပဲ အလုပ်လုပ်ခဲ့တယ်။

စုစုပေါင်း သုံးနှစ်နီးပါးကြာခဲ့တယ်။

တော်တော်လေးစုမိ၊ ဆောင်းမိတာနှင့် မြန်မာနိုင်ငံကို ပြန်လာ ခဲ့တယ်။

ဖူးခက်ကနေ ရနောင်း၊

ရနောင်းကနေ စက်လှေစီးပြီး ကော့သောင်း၊

ကော့သောင်းကမှ သင်္ဘောကြီးနှင့် ရန်ကုန်ထိ၊

ရန်ကုန်ကမှ တွန်းနောက်ရွာလေးထိ မီးရထားစီးခဲ့ရတယ်။

သူ့ခြံရှေ့ကိုရောက်တော့ ရင်တွေကို ခုန်လို့၊

"မေသီ ... မေသီ ..."



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထရံကိုပုတ်ပြီး အသံအယာ သူနိုးတယ်။

မသိဝမ်းသာအယ်လဲ၊ အိပ်မှုန်စုံမွှားနှင့် ထလာတယ်။

ဝေးနေရတဲ့ အလွမ်းတွေကို အတိုးချပြီး လင်မယားနှစ်ယောက် စကားတွေ အများကြီးပြောကြတယ် ...

"မသိ အစစအရာရာ အဆင်ပြေရဲ့လား ..."

"ပြေပါတယ် ကိုနိုင်ရယ်၊ တော်ပြည့်စုံအောင် ရှာပေးခဲ့တာကြောင့် ဘယ်ကမှ မရှာရပါဘူး ...၊ ဒီကြားထဲ ချဲတွေ နှစ်လုံးတွေကလည်း ခဏခဏ ပေါက်တယ်။

ဒီမှာလေ ဆွဲကြိုးရော၊ လက်ကောက်တွေရော လုပ်ထားတယ်"

မသိကိုကြည့်ပြီး နိုင်ကြီးဝမ်းသာသွားတယ်။

"ငွေမိန်းမ တယ်ဟုတ်နေပါလား၊

ပြောပါဦး၊ တွက်ဂွင်တွေလား၊ အိပ်မက်တွေလား"

"ကျုပ်က မတွက်တတ်ပါဘူးတော်၊ အိပ်မက်ပေးလို့ပါ။

အိပ်မက်ဆိုလို့ ပြောရဦးမယ်။

တော် ယိုးဒယား ထွက်သွားပြီး တစ်နှစ်လောက်ကြာတော့ တစ်ညမှာ လေကြီးမိုးကြီးတွေ တိုက်တယ်တော့၊

တော်လှုပ်ရှားဝင်တဲ့ ကိုပုလယ်ထောင့်က သရက်ပင်အိုကြီး အမြစ်ကနေ လဲသွားတယ်။ အဲဒီအချိန်မှာ မီးလုံးကြီးတစ်လုံး





ပျံလာပြီး ကျုပ်တို့ခြံ အနောက်မြောက်ထောင့်က ကုက္ကိုပင်ကြီး ပေါ်မှာ ပျောက်သွားတာ တွေ့ရတယ်"

နိုင်ကြီးစာရင်းငှားဝင်လုပ်တုန်းကအဖြစ်တွေကို ပြန်သတိရပြီး ထိတ်ထိတ်ပျာပျာ ဖြစ်သွားတယ်။

မသိက သူ့စကားကို ဆက်ပြောတယ်။

"အဲဒီညမှာပဲ ကျုပ်ကို အိပ်မက်လာပေးတယ်တော့၊ ယောကျ်ားတစ်ယောက်၊ အသက်ခပ်ကြီးကြီးထဲကပဲ၊ ငါနေစရာမရှိလို့၊ နင်တို့ကုက္ကိုလ်ပင်မှာ နေပါရစေတဲ့၊ ကျုပ်လည်း နေပေါ့တော်လို့ ပြောလိုက်တယ်။

အဲဒီနောက် မကြာခဏ ဆိုသလို ကျုပ်ကို အိပ်မက်ထဲမှာ နှစ်လုံး၊ သုံးလုံး လာပေးတယ်။

သူပေးသမျှ ဂဏန်းတွေကလည်း အကုန်ကွက်တိချည်းပဲ။

ကျုပ်တောင် ကုက္ကိုပင်မှာ နတ်စင်လေးတစ်ခု ရိုက်ထားတယ်"

"ဪ၊ ဟိုအကောင်ကြီးပဲ ဖြစ်ရမယ် ...

သရက်ပင်အိုကြီး လဲသွားတာကြောင့် ငါ့အိမ်မှာ လာနေတာ"

နိုင်ကြီး မသိကို တိုးတိုးပြောလိုက်တယ်။

မသိက နိုင်ကြီးပြောတာကို ရုတ်တရက် နားမလည်လိုက်ဘူး။

"ဘာပြောတာလည်း ..."လို့ ပြန်မေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာပဲ ...

သူတို့အိမ်ကို မမြင်ရတဲ့ တစ်စုံတစ်ယောက်က ကိုင်လှုပ်တာ ခံလိုက်ရတယ်။

အိမ်က သိမ့်ခနဲ၊ သိမ့်ခနဲ လှုပ်သွားတယ်။

ဆောင့် ဆောင့်ပြီး လှုပ်နေတယ်။

**"တော့ကောင်၊ နပန်းသရဲ"**

နိုင်ကြီး၊ ဒေါသဖြစ်ဖြစ်နှင့် အော်ပစ်လိုက်တယ်။

အဲဒီနောက်မှာတော့ ...

အိမ်က သိမ့်ခနဲ သိမ့်ခနဲ တစ်ချက်ချင်း လှုပ်နေရာကနေ

ပို၍ ... ပို၍ ..

ကြမ်းလာ ...

ပြင်းထန်လာ ...

တဝုန်းဝုန်း တမြုန်းမြုန်း၊ အဆက်မပြတ်အောင်ကို လှုပ်လာပါတော့တယ်။ ။

❖ ❖ ❖



# ဆွဲကြိုးချကုန်းကတစ္ဆေ

မသီငယ်သံပါအောင် အော်ပစ်လိုက်တယ်။

အော်တာမှ စူးစူးဝါးဝါး မရပ်မနားဘဲ။

စောင်းပြီး လှည့်ကြည့်လိုက်တဲ့ အကောင်ကြီးရဲ့

မျက်လုံးနှစ်လုံးက နီရဲနေတယ်။

ပုံပျက်ပန်းပျက် တွန့်ရှုံ့နေတဲ့ မျက်နှာကြီးနှင့်

မသီကို စိမ်းစိမ်းဝါးဝါးကြီး ကြည့်နေတယ်။

ကြီးမားတဲ့ပါးစပ်ကြီးထဲက သွားရည်တွေ

တများများ ထွက်ကျလို့ ...

မသီ သတိမေ့ပြီး၊ မြေကြီးပေါ် ပုံလဲသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



## တစ်

"တောက် ... တောက် ... တောက် ... တောက်"

နိုင်ကြီးက သူ့ရဲ့ကျွဲခလောက်ကြီးကို လက်နှစ်ဖက်နှင့်ကိုင်ပြီး လှုပ်ကြည့်လိုက်တယ် ...။

ခလောက်ရဲ့အသံက သစ်သားနံရံကို သွားရိုက်ပြီး တတောက်တောက်နှင့် မြည်နေတယ်။

ကျွဲခလောက်သံကြားတာကြောင့် မသီ မီးဖိုချောင်ဘက်က ကမန်းကတန်း ထွက်လာတယ်။

သူ့လက်ထဲမှာက ယောက်မတန်းလန်း၊ လက်ခုစုတ်တန်းလန်းနှင့်၊

"တော်၊ ကိုင်းတောထဲ သွားမလို့လား ..."

"အေးလေ၊ ဒီနေ့ လမိုက်ရက်မို့ သွားမလားလို့ ..."

"သွားရင်တော့၊ တော့်ဘာသာသွားနော်၊ ကျုပ်ကို မခေါ်နှင့်၊

ကိုင်းတောကြီးထဲရောက်တိုင်း ကျုပ်စိတ်ထဲမှာ အလိုလိုကြောက်လာတယ်။

ပြီးတော့ လိပ်ပြာလည်းငယ်တယ်တော့ ..."

"ငါတစ်ယောက်လုံး ပါတာပဲတာ၊

ဘာကြောက်စရာရှိလည်း ...၊





ပြီးတော့၊ ဖါတစ်ယောက်ထဲနှင့် အလုပ် လုပ်လို့မှမရတာ။

ဒီညတော့ လိုက်ခဲ့ပါဦး မသီရယ်။

စာကလေးလိုချင်တဲ့သူတွေကလည်း ကြိုမှာထားလို့ပါ ..."

နိုင်ကြီးက လေပျော့လေးနှင့်ပြောတာမို့ မသီလည်း မျော့ကျသွားတယ်။

ဒါဆို မသီလိုက်မှာ သေချာပြီ၊

"တော်ပါသေးရဲ့ ..."

နိုင်ကြီးခုမှ စိတ်အေးသွားတယ်။

စာကလေးဖမ်းရာမှာ ယူရမယ့် လက်နက်ပစ္စည်းတွေကို အဆင်သင့်ဖြစ်အောင် ပြင်ဆင်လိုက်တယ်။

များများတော့ မတုတ်ပါဘူး။

၆ ဗို့ ဘက်ထရီအိုးနှင့် ဆက်ထားတဲ့ နဖူးတပ်ဓာတ်မီးရယ်။

စာကလေးထည့်ဖို့ ပလိုင်းရယ် ဒါပါပဲ။

နောက်၊ တစ်တောင့်ထွာလောက် ဝါးဆစ်တုတ်တစ်ချောင်းလည်း ပါရသေးတယ်။

ကိုင်းတောထဲမှာက နွာတိုတွေပေါတယ်။

တစ်ချို့နွာတိုကြီးတွေဆို နှစ်ချို့ကြီးတွေ

အကောင်ကလည်းကြီး၊ အဆိပ်ကလည်း ပြင်းသလားမမေးနဲ့။



www.burmeseclassic.com

www.burmeseclassic.com



တွယ်လိုက်တာနဲ့ နေရာမှာတင် တုန်းခနဲပဲ။

ဒီလိုနာတိုတွေနှင့်တွေ့ရင် ဝါးဆစ်တုတ်ကမှ ကိုယ့်ရဲ့မိတ်ဆွေ ရဲဘော်ရဲဘက်လေ။

နှစ်

ညဥ့်တစ္ဆေရဲ့ အမိုက်မှောင်ကြီးထဲမှာ ထိတ်လန့်မှုတွေ စိုးမိုး နေတယ် ...

တိတ်ဆိတ်ခြင်းတွေက ချောက်ချားစရာကောင်းအောင် နက်ရှိုင်း လို့ ...။

"ဂီး ..."

တစ်ချက်၊ တစ်ချက်ထိုးလိုက်တဲ့ ငှက်ဆိုးသံကလည်း အသည်း ထိတ်အောင် ဖန်တီးနေသလိုပဲ။

ဒီလိုညရဲ့အနေအထားမှာ အသဲငယ်တဲ့ မသီတစ်ယောက် ကြက်သီးတွေ တဖြန်းဖြန်းထနေတာ အဆန်းတော့မဟုတ်ပါဘူး။

ယောက်ျားဖြစ်တဲ့ နိုင်ကြီးတစ်ယောက်လုံးပါပေမယ့်၊ သူ့က ရှေ့က သွားနေတာ။

ကိုယ်ကနောက်က။





အမှောင်ကြီးထဲမှာ မကောင်းဆိုးဝါးကများ နောက်ကနေ ပုခုံးပုတ်လိုက်ရင်လို့ တွေးမိပြီး ...

လိုက်သာလိုက်နေရတာ မသီ နောက်ကို လှည့်မကြည့်ရဲ ဘူးလေ။

ချိုးချိုးချွတ်ချွတ်အသံကြားတာနှင့်၊

မသီ ရင်တွေပန်းတွေ တုန်သွားတယ်။

မျက်လုံးထောင့်စွန်းကနေ ဖြိုးခနဲ၊ ဖျတ်ခနဲ အရိပ်လိုလို၊ အကောင်လိုလို မြင်လိုက်ရရင်လည်း နှလုံးတွေက တဒိတ်ဒိတ် ခုန်သွားတယ်။

ဒီလိုနှင့် မသီ ခြေးတွေ ပြန်နေတယ် ...။

နိုင်ကြီးကတော့ သူ့မယားမသီရဲ့အဖြစ်ကို စဉ်းစားမိပုံမရဘူး။

လောဘဇောနှင့် ရှေ့ကိုပဲ တွင်တွင်သွားနေလေရဲ့ ...။

ကိုင်းခြုံတောကြား၊ အိပ်တန်းတက်နေတဲ့စာကလေးတွေကို ဘယ်/ညာ လက်နှစ်ဖက်စလုံးနှင့်ဖမ်းပြီး ပလိုင်းထဲ တွင်တွင် ထည့်နေလေရဲ့ ...၊

သူတို့စာကလေးဖမ်းပုံဖမ်းနည်းက တောလေ့ပေမယ့် ပညာ သားတော့ အပါသားဗျ ...၊



www.burmeseclassic.com

www.burmeseclassic.com



ရွာမှာက ကျွဲတွေကို ကိုင်းတောထဲ လွှတ်ကျောင်းကြတာ၊

တစ်လ ကိုးသီတင်းထားပြီး သစ်ဆွဲ၊ ဝါးဆွဲ အသုံးလိုမှ ကိုင်းတောထဲ သွားရှာကြတာ။

ရှာတော့လည်း လွယ်ပါတယ်။

ကျွဲတိုင်းရဲ့လည်ပင်းမှာ သစ်သားခလောက်ကြီးတွေ ဆွဲပေးလိုက်တာမို့ ...

ခလေက်သံကြားတာနှင့် သူ့ကျွဲ၊ ကိုယ့်ကျွဲ ဘယ်နေရာရောက်နေတယ်ဆိုတာ သိကြတယ်လေ။

ဒီလို၊ ကျွဲပိုင်ရှင်က ကျွဲခလောက်သံ မှတ်ထားသလို၊

ကိုင်းတောထဲမှာ ကျက်စားတဲ့ ငှက်လေးတွေကလည်း ကျွဲခလောက်သံ တဖောက်ဖောက်ကို မှတ်ထားကြတယ်။

ကျွဲလာရင် သူတို့အတွက် အန္တရာယ်မရှိဘူးဆိုတာလည်း အတွေ့အကြုံအရ သိနေကြတယ်။

ဒါကြောင့် ကျွဲလာတာမြင်ရင်၊ ကျွဲခလောက်သံကြားရင်၊ အစာမပျက်၊ အအိပ်မပျက်ဘဲ၊ နောက်ဆုံးခေါင်းတောင် ထောင်မကြည့်တော့ဘူး ...။

အဲဒီအချက်က ငှက်ရဲ့အားနည်းချက်ဖြစ်သွားတာပေါ့ ...။





နိုင်ကြီးက ငှက်ရဲ့အားနည်းချက်ကို အသုံးချပြီး ငှက်ဖမ်းနည်း ထွင်လိုက်တာလည်းဖြစ်တယ်။

နောက်က မသိက ကျွဲလာတဲ့ ပုံသဏ္ဍာန်နှင့် ကျွဲခလောက်ကို ကိုင်ပြီး လှုပ်လာတယ်။

ရှေ့က နိုင်ကြီးက ဘက်ထရီအိုးနှင့်ဆက်ထားတဲ့နှမှုးက မီးရောင်နှင့်ကြည့်။

တုတ်တုတ်တောင်မလှုပ်ဘဲ အိပ်တန်းတက်နေတဲ့ စာလေးတွေကို အသာလက်နှင့်ဖမ်းပြီး ပလိုင်းထဲထည့်လိုက်ရုံပဲ။ မပိုင်လား။

စာကလေးကို ဖမ်းလိုက်တာနှင့် ကျွမ်းကျင်နေတဲ့ နိုင်ကြီးရဲ့ လက်ညှိုးနှင့်လက်မက စာကလေးတွေရဲ့ ဦးခေါင်းကို ဖျစ်ပြီး ဇိဝိန်ချုပ်ပေးပြီးပြီ။ ဒီရာသီက စပါးတွေမှည့်တဲ့ ဆောင်းဦးရာသီဖြစ်လို့ စာကလေးငှက်တွေပဲရတယ်။

ဆောင်းနှောင်းရာသီကနေ မိုးဦးကျအထိဆိုရင် ဖျံ့လွှားလေးတွေပဲ ရတတ်တယ်လေ။

ညက တဖြည်းဖြည်း နက်လာတယ်။

အမှောင်ကလည်း ပိုပြီး သိပ်သည်းလာသလိုပဲ။

နိုင်ကြီးဆောင်းမှာ လွယ်ထားတဲ့ ပလိုင်းထဲမှာလည်း စာကလေးတွေ တော်တော်များများ ရနေပြီ ...။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာ နိုင်ကြီးတို့ လင်မယားဟာ ဆွဲကြိုးချကုန်းက သစ်ညိုပင်မောင်နှမရဲ့အောက်ဖက် အမှောင်ရိပ်ကြီးထဲမှာ ရောက်နေကြပြီလေ ...။

## သုံး

ဆွဲကြိုးချကုန်း ...

ရှာက သမီးရည်းစားနှစ်ယောက် မိဘတွေ သဘောမတူလို့ ဆိုပြီး သစ်ညိုပင်မောင်နှမမှာ ဆွဲကြိုးချ သေခဲ့ကြလို့ ဆွဲကြိုးချကုန်းလို့ နာမည်တွင်သွားတာ။

အဲဒီကတည်းက ဒီကုန်းရဲ့ အရှိန်အဝါ ကြီးမားသွားခဲ့တာပေါ့ ...။

အသဲငယ်တဲ့သူဆို နေ့ခင်းကြောင်တောင်တောင် မလာရဲကြဘူး။

ကုန်းကိုရှောင်ကွင်းပြီး သွားကြတယ်။

ညဆိုရင်တော့ ဝေးရောပဲ။

သရဲခြောက်တယ်၊ တစ္ဆေခြောက်တယ် ...။

လျှာကြီးတွေထွက်၊ မျက်လုံးကြီးတွေပြူးပြီး ...





ဆွဲကြိုးချရက်တန်းလန်းကြီးတွေနှင့် တွေ့ရတယ်ဆိုတဲ့ သတင်းစကားတွေကလည်း

ဆွဲကြိုးချကုန်းအနီးရောက်လာတဲ့ လူတွေကို ကြက်သီးမွေးညှင်း ထစေခဲ့တယ် ...။

ကျောချမ်း၊ ကြောက်လန့်စေခဲ့တယ် ...၊

နိုင်ကြီးကတော့ တစ္ဆေမကြောက်၊ သရဲမကြောက်သူမို့ ဒီကုန်းပေါ်တက်လာခဲ့တာ ...။

လူသူအရောက်အပေါက်နည်းတော့ သစ်ပင်၊ ခြုံပင် ထူထပ်မယ် ...။

သစ်ပင်ခြုံပင် ထူထပ်ရင် အိပ်တန်းတက် ငှက်တွေ မိုပေါ်မယ် ...။

သူတွေးမိတာက ဒီလောက်ပဲ။

ဒါပေမယ့် ဆွဲကြိုးချကုန်းက ဇာတိပြလာတယ်။

ကုန်းပေါ်စတက်တာနှင့် ပုပ်အဲ့အဲ့အနံ့ပေးတော့တာပဲ။

သစ်ညိုပင်မောင်နှမအောက်ရောက်တော့ အပုပ်နံ့က ဟောင်စော်နေပြီ ...၊

မသိဆိုက ကျွဲခလောက်သံ မကြားရတော့ဘူး။

သူ့အနားအတင်းကပ်ပြီး လက်ကိုဆွဲလာတယ်။



www.burmeseclassic.com

www.burmeseclassic.com



မသီကြောက်နေပြီ။

ဒီတော့မှ နိုင်ကြီး သူမှားသွားပြီဆိုတာ သိလိုက်တယ်။

မသီရဲ့လက်ကို တင်းတင်းကိုင်ပြီး ဆွဲကြိုးချကုန်းပေါ်ကနေ ဆင်းတယ် ...။

ဆွဲကြိုးချကုန်းရဲ့အောက်ခြေကိုရောက်တော့ တင်းကျပ်နေတဲ့ စိတ်တွေ နည်းနည်းလျော့သွားသလို ခံစားလိုက်ရတယ်။

"မကြောက်နှင့်တော့၊ တို့ အိမ်ပြန်ရင်းနှင့် တွေ့တဲ့စာလေးတွေပဲ ဖမ်းသွားတော့မယ် ..."

နိုင်ကြီးက မသီကို အားပေးစကားပြောရင်း အလုပ်ပြန်စဖို့ သတိပေးလိုက်တယ်။

ကုန်းအောက်ရောက်လာပြီဆိုတော့ မသီလည်း ကြောက်စိတ် နည်းနည်း ပြေသွားတယ်။

နှလုံးခုန်သံကတော့ မြန်နေတုန်း။

နိုင်ကြီး၊ နပူးကမီးကို တည့်အောင်ပြုပြင်ပြီး ကိုင်းတောထဲ တိုးဝင်လိုက်တယ်။

မသီကလည်း ကျွဲခလောက်ကြီးကို ကိုင်ပြီး တဘောက်တောက် မြည်အောင်လုပ်ပြီး လိုက်သွားတယ်။





ဒါပေမယ့် တစ်ခုတော့ သူတို့ မသိလိုက်ဘူး။

အဲဒါကတော့ ...

ဆွဲကြိုးချကုန်းက တစ္ဆေကြီးနှစ်ကောင် သူတို့နောက်ကနေ ထပ်ပြီး ပါလာတယ်ဆိုတာပါပဲ ...။

## လေး

တစ္ဆေကြီးနှစ်ကောင်က မသီရဲ့ကျောနောက် အမှောင်ထဲကနေ တပ်ပြီး လိုက်လာတယ်။

နိုင်ကြီး ဘာမှ မခံစားရပေမယ့်၊

မသီစိတ်ထဲမှာ တုန်တုန်ယင်ယင်နှင့် တစ်မျိုးကြီး ဖြစ်နေတယ်။

ကြက်သီးတဖြန်းဖြန်းထပြီး ကျောမလုံသလို ခံစားနေရတယ်။

နောက်ဘက်အမှောင်ထဲလည်း လှည့်မကြည့်ရဲဘူး ...။

ရှေ့ကသွားနေတဲ့ နိုင်ကြီးရဲ့ ကျောမဲမဲကိုပဲ မျက်ခြေမပြတ် ကြည့်လိုက်နေရတယ် ...။

တစ်နေရာရောက်တော့ သူတို့ရှေ့မှာ မြုံကြီးတစ်မြုံ ခံနေတာ တွေ့ရတယ်။

နိုင်ကြီး မြုံကိုတွေ့ပြီး ဆက်သွားတော မသီတွေ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



သူလည်း ကွေ့လိုက်မယ်အလုပ်မှာ ရုတ်တရက် ခေါင်းထဲက မိုက်ခနဲ ဖြစ်သွားတယ်။

မျက်စိစုံမှိတ်၊ နဖူးကိုလက်ထောက်ပြီး ခဏရပ်နေမိတယ်။

ခဏမှ တကယ့်ခဏ၊ မျက်တောင်တစ်ခတ်လောက်ပဲ ကြာတယ်။

ချက်ချင်း မျက်လုံးပြန်ဖွင့်ပြီး ရှေ့က နိုင်ကြီးရဲ့နောက်ကို ခပ်သွက်သွက်လိုက်ရတယ်။

နိုင်ကြီးကတော့ မသိ ဘာဖြစ်တယ်ဆိုတာ သိပုံမရဘူး။

စာကလေးတွေကိုပဲ အာရုံစိုက်ပြီး ဖမ်းနေတယ်။

မသိကလည်း တာဝန်မပျက် ကျွဲခလောက်ကြီးလှုပ်၊ နောက်က လိုက်နေဆဲကိုး ...။

တစ်အောင့်နေတော့ မသိနာခေါင်းထဲမှာ ပုပ်အဲ့အဲ့အနံ့တစ်ခု ရလိုက်တယ်။

ဆွဲကြိုးချကုန်းပေါ် အတက်မှာရတဲ့ အပုပ်နံ့မျိုး၊

မသိကြောချမ်းသွားတယ်။

သူ့ယောက်ျားနှင့်နီးအောင် ရှေ့ကိုပိုပြီး တိုးကပ်လိုက်တယ်။

အဲဒီမှာ မသက်မသာရာတစ်ခုကို စတွေ့လိုက်ရတာပဲ။ မသိ ရင်တွေ ပန်းတွေတုန်သွားတယ်။





ရှေ့က သွားနေတဲ့ သူ့ယောက်ျားရဲ့ကိုယ်မှာ ဘက်ထရီ ထည့်ထားတဲ့ လွယ်အိတ်မရှိတော့ဘူး။

ပြီးတော့ စာကလေးတွေထည့်တဲ့ ပလိုင်းလည်းမပါဘူး။

သူ့ရဲ့ရှေ့မှာ ဓာတ်မီးအလင်းရောင်လည်း မရှိဘူး။

ဒါပေမယ့် စာကလေးတွေကိုတော့ ဖမ်းနေတယ်။

သေချာကြည့်လိုက်တော့ ကျောကုန်းမှာ အမွေးအမျှင် တွေနှင့် ...။

မသိလက်က ကျွဲခလောက်ကြီးအောက်ကို လွတ်ကျသွား တယ် ...။

ရှေ့ကလူက နောက်ကိုစောင်းလှည့်ကြည့်လိုက်တယ်။

"အား ... အား ...

အား ... အား ..."

မသိငယ်သံပါအောင် အော်ပစ်လိုက်တယ်။

အော်တာမှ စူးစူးဝါးဝါး မရပ်မနားဘဲ၊

စောင်းပြီးလှည့်ကြည့်လိုက်တဲ့ အကောင်ကြီးရဲ့ မျက်လုံး နှစ်လုံးက နီရဲနေတယ်။

ပုံပျက်ပန်းပျက် တွန့်ရှုံ့နေတဲ့ မျက်နှာကြီးနှင့် မသိကို စိမ်းစိမ်းဝါးဝါး ကြည့်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကြီးမားတဲ့ ပါးစပ်ကြီးထဲက သွားရည်တွေ တမျှားမျှား ထွက်ကျလို့ ...

မသီ သတိမေ့ပြီး မြေကြီးပေါ် ပုံလဲကျသွားတယ်။

၄း

နိုင်ကြီး၊ ကြောက်လန့်တကြားနှင့် စူးစူးဝါးဝါး အော်လိုက်သံကို ကြားလိုက်ရတယ် ...၊

ခြေတွေရော၊ လက်တွေရော တုန့်ခနဲဖြစ်သွားတယ် ...၊

အော်သံက လေး/ငါးခါ ဆက်တိုက်အော်ပြီး ပျောက်သွားတယ် ...။

"မသီ၊ အသံနှင့်တူလိုက်တာ ...၊

ဒါပေမယ့် မသီက ငါ့နောက်မှာ ရှိနေတာပဲ ..."

နိုင်ကြီးက စိုးရိမ်စိတ်နှင့် မသီကို လှည့်ကြည့်လိုက်တယ်။

သူ့နောက်မှာ ရှိနေတာက နီကြင့်ကြင့် အမွေးအမျှင်တွေ ဖုံးနေတဲ့ တစ္ဆေကြီး။

ဆံပင်ဖားလျားတွေက ရှုပ်ရှုပ်ထွေးထွေး မျက်နှာပေါ်ကို ဖုံးအုပ်ထားတယ် ...။





တထားတဲ့ပါးစပ်ထဲက အစွယ်နှစ်ချောင်းကို လှစ်ခနဲမြင်လိုက်ရတယ် ...။

သူကြည့်နေတုန်း ခဏမှာပဲ တစ္ဆေကောင်ကြီးရဲ့အရုပ်က တဖြေးဖြေး ရှည်ထွက်နေတယ်။

နိုင်ကြီးခါးက ဓါးဆစ်တုတ်ဖြုတ်ပြီး ရိုက်ဖို့တန်အပြင်မှာ တစ္ဆေကောင်ကြီးက မျက်ခနဲ ပျောက်သွားတယ်။

နိုင်ကြီး မသီအတွက် အရမ်းစိတ်ပူသွားတယ်။

"မသီ ..."

"မသီ ..."

"မသီ ..."

အဆက်မပြတ်အော်ခေါ်ရင်း စောစောက အသံကြားရာကို ပြေးလာခဲ့တယ်။

တော်တော်ကြာကြာ ရှာမိတော့မှ ဆွဲကြိုးချကုန်းအတက်နားမှာ သတိလစ် လဲကျနေတဲ့ မသီကို တွေ့လိုက်ရတယ် ...၊

ဘယ်လိုဖြစ်ပြီး မသီ ဆွဲကြိုးချကုန်းကို ပြန်ရောက်သွားရတာလည်း ...၊

ဘယ်လိုဖြစ်ပြီး သူ့နောက်ကို လိုက်နေရင်းကလည်း ပျောက်သွားရတာလည်း ...



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် သူစဉ်းစားလို့ မရဘူး။

စဉ်းစားဖို့အချိန်လည်း မရဘူး။

မသီကို ပခုံးပေါ်ကောက်ထမ်းပြီး နိုင်ကြီး၊ ကိုင်းတောကြီးထဲကနေ အမြန်ဆုံးပြေးထွက်လာခဲ့တယ် ...။

ငှက်ဖမ်းမုဆိုးရဲ့ နှုတ်ဖျားမှာ နှလုံးသားက စီးကျလာတဲ့ မေတ္တာစိုးရိမ်စိတ်တွေ တစ်လမ်းလုံး ဖိတ်စဉ်ကျသွားတယ် ...၊

"မသီ ဘာမှ မဖြစ်ပါစေနှင့် ...

မသီ ဘာမှ မဖြစ်ပါစေနှင့် ..."

**ခြောက်**

ခုတော့ ပျော်ပျော်ပါးပါးနှင့် ရယ်မောနိုင်ကြပါပြီ။

အဘဆရာရဲ့ ပညာအစွမ်းနှင့် မသီလည်း ပုံမှန်သိစိတ် ပြန်ရနေပြီ ...

သတိလည်စအချိန်က ပြူးတူးကြောင်တောင် ဖြစ်နေသေးပေမယ့် ခုတော့ လူကောင်းပကတိ ပြန်ဖြစ်နေပြီပေါ့ ...။

နိုင်ကြီးက အဘဆရာကို ဖြစ်ကြောင်းကုန်စင်အားလုံး ပြောပြတယ် ....။

"ကံကြီးပေလို့ပေါ့ကွာ၊





မသီကို စောင့်ရှောက်နေတဲ့ ပုဂ္ဂိုလ်ကလည်း အစွမ်းရှိလို့ပေါ့ကွာ ...

နို့မို့ဆို မသီ ဒုက္ခကြီးကြီးမားမား ကြုံတွေ့နိုင်တယ်။

နိုင်ကြီး မင်းလည်း တော်တော်မိုက်တဲ့ကောင်ပဲ။

မိန်းမကိုခေါ်ပြီး ညကြီးမင်းကြီး ဆွဲကြိုးချကုန်းပေါ် သွားရတယ်လို့ကွာ ...၊

မင်းပြောတဲ့အတိုင်းဆိုရင် ဆွဲကြိုးချကုန်းက တစ္ဆေနှစ်ကောင် လိုက်လာပြီး မသီကို ခွဲထုတ်သွားတာကွ။

သူတို့ပိုင်နက်ဖြစ်တဲ့ ဆွဲကြိုးချကုန်းပေါ်က သစ်ညိုပင် မောင်နှမထိရောက်သွားရင်တော့ မသီကို အလောင်းပဲ တွေ့တော့မယ်၊

ရုပ်နှင့်ခန္ဓာတွဲလျက်တွေ့ဖို့ မဖြစ်နိုင်ဘူးကွ"

အဘဆရာရဲ့ ပြောစကားကြောင့် နိုင်ကြီးရော၊ မသီရော၊ လူမမာသတင်းမေးလာသူတွေရော ဟာခနဲ၊ ဟင်ခနဲ ဖြစ်သွားကြတယ်။

အချို့ကတော့ စုတ်တသပ်သပ်နှင့် "ကံကြီးပေလို့၊ ကံကြီးပေလို့"နှင့် ရေရွတ်နေကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆွဲကြိုးချကုန်းနှင့် သစ်ညိုပြင်မောင်နှမက တစ္ဆေတွေရဲ့ အကြောင်းကလည်း သူတို့ရွာလေးမှာ ကြက်သီးတထထနှင့် ပြောစရာစကားဖြစ်လာခဲ့ပါတယ် …။

ဘာပဲဖြစ်ဖြစ် …

နိုင်ကြီးနှင့်မသီတို့လင်မယား ဝက်ဖမ်းမုဆိုးအလုပ်ကို စွန့်လွှတ်လိုက်ကြတာကတော့ အဆိုးထဲက အကောင်းလို့ ပြောရတော့မှာပါပဲ။ ။

❖ ❖ ❖



# ကျွတ်ကုန်းမြေက နာနာဘာဝ

အဲဒီအချိန်မှာပဲ …
လေပြင်းမုန်တိုင်းတိုက်သလို
ညောင်ပင်ကြီးတစ်ပင်လုံး
တဝုန်းဝုန်း ယိမ်းထိုး လှုပ်ခါသွားတယ်။
ငှက်တွေ ဝုန်းခနဲ ထပျံကြတယ်။
ငှက်တွေဟာ လန့်ထိတ်စရာအသံတွေ
အဆက်မပြတ် အော်ရင်း၊ မြည်ရင်း …
နိုင်ကြီးနှင့် မသီရဲ့ခေါင်းပေါ် ခပ်မြင့်မြင့်ဆီကနေ
မရပ်မနား ဝဲပျံနေကြတယ် …



www.burmeseclassic.com

www.burmeseclassic.com



## တစ်

ညက မှောင်မည်းနေတယ် ...

ပိန်းပိတ်အောင် မှောင်မိုက်နေတဲ့ည ...

ဒီကြားထဲ ...

တိမ်မည်းမည်းတွေက ဖုံးအုပ်ထားတာကြောင့် ကြယ်ရောင် လရောင် မှိန်မှားမှားတောင်မရှိဘူး ...

အမှောင်လောကကြီး တစ်ခုလုံးကို အဆက်မပြတ်အောင် အော်မြည်နေတဲ့ ညပိုးပုရစ်တွေရဲ့ ...

"ကျည် ... ကျည် ... ကျည် ... ကျည် ... ကျည်" ဆိုတဲ့အသံကြီးကပဲ စိုးမိုးမင်းမူနေတယ်။

ဆိုရရင် ချောက်ချောက်ချားချား တိတ်ဆိတ်လွန်းတဲ့ညလို့ ပြောရမယ် ...

ဒီလို ညမှောင်ကြီးထဲမှာမှ လူနှစ်ယောက်က လက်နှိပ်ဓာတ်မီး ရောင်ကို အားကိုးပြီး တရွေ့ရွေ့ တိုးဝင်နေကြတယ်။

သူတို့နှစ်ယောက်က နိုင်ကြီးနှင့်သူ့မယား မသီတို့ပဲ။

လေသေနတ်တစ်လက်နှင့် ငှက်ပစ်ထွက်လာကြတာလေ။

ဒီလိုများငှက်ပစ်ရမယ်ဆိုရင် အင်မတန်ကို လိုက်ဖက်ညီတဲ့ လင်မယားပေါ့ ...





မောင်တစ်ထမ်း၊ မယ်တစ်ရွက်၊ ရောင်နောက်ဆံထုံးပါ ဆိုသလိုပဲ။

နိုင်ကြီးက ငှက်ပစ်၊

မသီက ငှက်ကောက်၊

အဆစ်ကိုပြေလို့ ...။

နိုင်ကြီးက အရပ် ၆ ပေလောက်မြင့်တယ်။

သန်မာထွားကျိုင်းတယ်။

ခန္ဓာကိုယ်ကလည်း တောင့်တင်းတယ်။

ဒါကြောင့် ဗလအားကိုးနှင့် ဘာကိုမှ ကြောက်တတ် လန့်တတ် တဲ့သူ မဟုတ်ဘူး။

မသီကတော့ ခပ်ပုပုရယ်။

အရပ်က ၅ ပေလောက်ပဲရှိတယ်။

ကိုယ်လုံးကိုယ်ပေါက်ကလည်း ညှက်တဲ့အထဲ ပိန်သေး။

ဒါပေမယ့် သူလည်း ကြောက်တတ်တဲ့စာရင်းထဲမှာ မပါဘူး။

တစ်ခုတော့ ရှိတာပေါ့။

သူမကြောက်တတ်တာက သူ့လင်နိုင်ကြီးရဲ့ ဗလအားကိုးနှင့် ခုလည်းကြည့်လေ ...



www.burmeseclassic.com

www.burmeseclassic.com



အသဲထိတ်စရာ ညအမှောင်ကြီးထဲမှာ ငှက်ပစ်ထွက်လာတယ်တဲ့။

ပိုဆိုးတာက ငှက်ပစ်ထွက်တဲ့နေရာ။

ရွာအနောက်ဘက်က ကျွတ်ကုန်းတောထဲမှာ။

ကျွတ်၊ တစ္ဆေ၊ သရဲ၊ ဖုတ်၊ ပြိတ္တာစတဲ့ နာနာဘာဝတွေ ကျက်စားနေထိုင်ကြတယ်လို့ အရမ်းနာမည်ကြီးတဲ့ နေရာပေါ့။

ကျွတ်ကုန်းက တကယ်လည်း ဆိုးတယ်။

ကျွတ်ကုန်းမြေမှာ လယ်လုပ်တဲ့ လယ်ရှင်တွေဆို လယ်ထွန်နွားချေးချ၊ ပျိုးကြဲတဲ့ လယ်အဝင်မှာ တစ်ကြိမ်၊

စပါးရိတ်၊ ချွေလှေ့၊ တလင်းသိမ်းဆိုတဲ့ လယ်အထွက်မှာ တစ်ကြိမ်၊

ကြက်ဖို၊ ကြက်မ၊ အရက်၊ ထမင်း စတာတွေနှင့် တစ်နှစ်ကို နှစ်ကြိမ် ကျွေးမွေးပေးရတယ်။

ပသတင်မြှောက်ရတယ်။

ဒါ၊ ဓလေ့ထုံးစံ အစဉ်အလာပဲ။

ဒီလို ရိုးရာမပျက်ကျွေးမွေးမှ ဘေးအန္တရာယ်ကင်းတယ် လယ်လုပ်ငန်းခွင် ချောမောတယ်။





ဒီမြေမှာလုပ်ပြီး ဒီလိုမှ မကျွေးမမွေးရင်တော့ ဘေးဆိုးရန်ဆိုး တစ်ခုမဟုတ်တစ်ခု ကြုံရပြီသာမှတ်တော့။

ဒီကျွတ်ကုန်းမြေနှင့်ပတ်သက်ပြီး ထူးဆန်းတဲ့ နာနာဘာဝ ဇာတ်လမ်းတွေက အများအပြားပဲ။

ရွာရဲ့အနောက်ဘက်ရှူးရှူးမှာ မြင်ပင်၊ သင်မန်းခင်၊ လေးအိမ်စု၊ သရက်တောစတဲ့ ရွာတွေရှိတယ်။

အဲဒီရွာတွေကို ကျော်သွားရင်လည်း မင်းလမ်းကူး၊ ရေအိုးစင်စတဲ့ ပဲခူးရိုးမတောင်ခြေက ရွာလေးတွေကို ရောက်တယ်။

တစ်ချို့ခရီးသွားတွေက ကျွတ်ကုန်းမြေကိုဖြတ်ပြီး အနောက်ဘက်က ရွာတွေဆီသွားကြတယ်။

ကျွတ်ကုန်းမြေအကြောင်း မသိတဲ့လူစိမ်းတွေ ရံဖန်ရံခါ ညကြီးဘက် ခရီးသွားမိကြတယ်။ ကျွတ်ကုန်းမြေထဲ ဝင်လာမိကြတယ်။

အဲဒီအခါမှာ ...

ပွဲတွေလမ်းတွေ ကျင်းပနေတဲ့ ရွာလေးတစ်ရွာကို တွေ့ကြသတဲ့။

မီးရောင်တထိန်ထိန်နှင့် ဇာတ်စင်မှာ မင်းသမီးမင်းသားတွေ ကလည်း ကလို့။



www.burmeseclassic.com

www.burmeseclassic.com



လှရှင်တော်တွေကလည်း ပြက်လုံးတွေထုတ်လို့ ...

ပွဲကြည့်နေတဲ့ ပရိသတ်တွေကလည်း တအုန်းအုန်း၊ တရုံးရုံး၊ တဝေါဝေါ၊ တသောသော ရယ်ကြ၊ မောကြနှင့်တဲ့။

ပွဲဈေးတန်းကြီးကလည်း မီးတိုင်၊ မီးခွက်တွေ ထိန်ညီးလို့ ဈေးဝယ်သူတွေ စည်ကားလို့တဲ့။

ခရီးသွားလူစိမ်းဟာ ပွဲခင်းကို ငေးမောရင်း ...

မရောက်ဘူးတဲ့ဒေသမှာ ယောင်လည်လည် ဖြစ်နေခဲ့တယ်။

အဲဒီအချိန်မှာ မိန်းမပျိုတစ်စု ရောက်လာတယ်။

ခရီးသွားလူစိမ်းကို ကြိုဆို ခေါ်ဆောင်သွားသတဲ့။

ခရီးသွားကလည်း လိုက်သွားတာပေါ့။

ပွဲကြည့်ပြီး တော်တော်လေးကြာတော့ မိန်းမပျိုတွေက သူတို့နေတဲ့ အိမ်ကိုခေါ်သွားကြပြန်ရော။

အိမ်ရောက်တော့ အစားအသောက်၊ အကျွေးအမွေးတွေနှင့် ဧည့်ခံကြပြန်တယ်။

ခရီးသွားကလည်း ဆာဆာနှင့် စားသောက်ပစ်လိုက်တာပေါ့။

စားသောက်ပြီးတော့၊

"မိုးတအားချုပ်နေပြီ၊ ဒီမှာပဲ အိပ်လိုက်ပါတော့၊ မနက်ကျမှပဲ ခရီးဆက်ပါတော့" လို့ပြောပြီး အိပ်ရာပြင်ပေးတယ်။





ခရီးကလည်း ပန်းလာ၊ ဗိုက်ကလည်းပြည့်အင့်သွားပြီမို့ ခရီးသွားလည်း ချက်ချင်းပဲ အိပ်ပျော်သွားသတဲ့။

အိပ်ရာကလည်းနိုးရော ...

ခရီးသွားဟာ တောချုံပုတ်တွေကြားမှာ အိပ်ပျော်ခဲ့တာကို သိလိုက်ရတယ်။

အနီးပတ်ဝန်းကျင်ကို ကြည့်လိုက်တော့လည်း ခြုံနွယ်ပိတ်ပေါင်းတွေ ဖုံးနေတဲ့ ကွင်းပြင်ကြီးပဲ တွေ့ရသတဲ့။

ညကတွေ့ခဲ့တဲ့ ရွာတွေ၊ ပွဲခင်းတွေ၊ အိမ်တွေ၊ မိန်းမပျိုတွေ ဘာဆိုဘာမှ မရှိဘူး။

အရိပ်အယောင်တောင် မတွေ့ရဘူးတဲ့။

ဒီတော့မှ သူဟာ ကျွတ်ရွာကို ရောက်ခဲ့တာပါလားဆိုတာ တွေးမိတယ်။

နာနာဘာဝတွေရဲ့ ဇာတ်ပွဲကိုကြည့်ပြီး၊

နာနာဘာဝမိန်းမပျိုလေးနှင့်တွေ့၊

သူတို့ကျွေးတဲ့ အစားအသောက်တွေစား၊

သူတို့အိမ်မှာ အိပ်ခဲ့ရတာပါလားဆိုတာ သဘောပေါက်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့မှ ခရီးသွား လူစိမ်းလည်း၊ နေရာကနေ လူးလဲထပြီး ထွက်ပြေးခဲ့ရသတဲ့ …။

နောက်ဇာတ်လမ်းတစ်ပုဒ်မှာတော့ …

ခရီးသွားလူစိမ်းဟာ မီးတထိန်ထိန်နှင့် ရွာလေးတစ်ရွာကို တွေ့မိတယ်။

တချို့အိမ်တွေက ထမင်းအိုး၊ ဟင်းအိုးတွေ တည်နေကြတယ်။

တဲအိမ်တစ်အိမ်ထဲမှာ ထမင်းစားနေတဲ့မိသားစုတစ်စုကို မြင်လိုက်တယ်။

"ထမင်းဝင်စားပါဦး …"လို့တောင် ထမင်းစားနေတဲ့ လူကြီးက ပလုပ်ပလောင်းကြီးနှင့် လူစိမ်းကို လှမ်းခေါ်သေးသတဲ့ …။

"မောင်ဘယ်သူရေ …"

"မဘယ်ဝါရေ …"နှင့် တကြော်ကြော် အော်ခေါ်နေတဲ့ အသံတွေလည်း ကြားရသတဲ့။

ခရီးသွားလူစိမ်းဟာ အဲဒီရွာလေးကိုဖြတ်ကျော်ပြီး သူသွားလိုတဲ့ ရွာကိုရောက်သွားတယ်။

သူ့မိတ်ဆွေတွေကို လမ်းမှာတွေ့ခဲ့တဲ့ ရွာလေးအကြောင်း ပြောပြမိတယ်။





မိတ်ဆွေ၊ အိမ်ရှင်လည်း ပထမတော့ ဇဝေဇဝါဖြစ်သွားတယ်။

"ဒီနားမှာ ရွာမရှိပါဘူး"ပေါ့။

ခဏနေတော့မှ စဉ်းစားမိသွားတယ်။

ခရီးသွားကို အကျိုးအကြောင်း ပြောပြလိုက်တယ်။

အဲဒီနေရာမှာ ရွာမရှိတဲ့အကြောင်း၊

နာနာဘာဝတွေ နေတဲ့ ကျတ်ကုန်းမြေ ဖုန်းဆိုးတောကြီးသာ ရှိတဲ့အကြောင်း …

ခရီးသွားအနေနဲ့ ကံအားလျော်စွာ ကျတ်တွေနေတဲ့ရွာကို တွေ့ခဲ့ခြင်းသာ ဖြစ်နိုင်ကြောင်း ရှင်းပြလိုက်တယ်။

ဒီတော့မှ ခရီးသွားလူစိမ်းလည်း လန့်ဖျတ်သွားရသတဲ့ …။

အများကြီးပါပဲ။

ကျတ်ကုန်းမြေနှင့်ပတ်သက်တဲ့ လူပြောသူပြောဇာတ်လမ်းတွေ။

ဒီလို လူပြောသူပြောများပြီး နာမည်ကြီးလွန်းတဲ့ ကျတ်ကုန်းထဲကို နိုင်ကြီးတို့လင်မယား ငှက်ပစ်လာကြတယ်ဆိုကတည်းက

ဘာကိုမှ မကြောက်၊ မယန့်တတ်တဲ့ လင်မယားဆိုတာ သိလောက်ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



## နှစ်

နိုင်ကြီးရဲ့ညာဘက်လက်မှာ လေသေနတ်ကို ခါးလယ်က ကိုင်ထားတယ်။

ဘယ်ဘက်လက်မှာက လေးဆထိုး ဓာတ်မီးတစ်လက် ရှိတယ်။

နိုင်ကြီးတို့လင်မယား အရင်ဦးဆုံးရောက်သွားတဲ့အပင်က ပေါက်ပင်ကြီး။

သက်တမ်းရင့်ပေါက်ပင်ကြီးဆိုတော့ အကိုင်းအခက်တွေ အလက်အရွက်တွေ အုပ်ဆိုင်းပြီး နည်းတဲ့အပင်ကြီးမဟုတ်ဘူး။

နိုင်ကြီးက ပေါက်ပင်ကြီးရဲ့ အကိုင်းအခက်တွေကြားထဲ ဓာတ်မီးနှင့် ထိုးကြည့်တယ်။

တစ်ကိုင်းပြီးတစ်ကိုင်း၊ တစ်နေရာပြီးတစ်နေရာ ဝေ့ဝေ့ပြီး ထိုးကြည့်တယ်။

အိပ်တန်းတက်နေတဲ့ ငှက်ရဲ့ဝမ်းဗိုက်ဖွေးဖွေး ဓါတ်မီးရောင် ထဲမှာ ပေါ်လာတယ်။

နိုင်ကြီးက သေနတ်ရဲ့ ပြောင်းကာအောက်မှာ ဓါတ်မီးကို ကိုင်လိုက်ပြီး ငှက်ကိုချိန်တယ်။





စူးရှလင်းထိန်တဲ့ဓာတ်မီးရောင်ကြောင့် ငှက်က ခေါင်းထောင် ကြည့်တယ်။

နိုင်ကြီး ခလုပ်မောင်းပေါ်တင်ထားတဲ့ လက်ညှိုးလေးကို ဒုတိယအဆင့်ထိ ကွေးချလိုက်တယ်။

"ဖောင်းခနဲ"ခပ်အုပ်အုပ် အသံပေးပြီး ထွက်သွားတဲ့ ခဲကျည်က ငှက်ရဲ့ခေါင်းထဲ တန်းဝင်သွားတယ်။

ငှက်၊ ချာလပတ်လည်ပြီး ပေါက်ပင်ပေါ်က ပြုတ်ကျလာတယ်။

နိုင်ကြီးက ငှက်ကျတဲ့နေရာကို ဓာတ်မီးတစ်ချက်ဝေ့ပြ လိုက်တယ်။

မသီတာ ငှက်ကို ပြေးကောက်ပြီး ဘေးမှာ လွယ်ထားတဲ့ လွယ်အိတ်ထဲ ထည့်လိုက်တယ်။

နိုင်ကြီးက လေသေနတ်ပစ် အရမ်းလက်တည့်တယ်။

ရင်အုံဆိုရင်အုံ၊ ခေါင်းဆိုခေါင်းပဲ။

ဒါပေမယ့်၊ နိုင်ကြီးကတော့ ခေါင်းကိုပဲ ရွေးပစ်တယ်။

ကြွားပြောတာမဟုတ်ဘူး။

တစ်ချက်၊ တစ်တောင့်၊ တစ်ကောင်၊ ကျိန်းသေပဲ။

ပေါက်ပင်ကြီးမှာ ငှက်တော်တော် ရလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီကနေ၊ နောက်တစ်ပင်၊ နောက်တစ်ပင်၊

မသီရဲ့လွယ်အိတ် တစ်ဝက်ကျော်ကျော် ဖောင်းကားနေပြီ။

လွယ်ရတာလည်း တော်တော်နင့်နေပြီ၊

ဒါပေမယ့် လောဘဇောနှင့် မပြန်နိုင်သေးဘူး။

တစ်ပင်ပြီးတစ်ပင်ကူးပြီး ပစ်နေကြတုန်း။

ဒီလိုနှင့် အလွန်ကြီးမားတဲ့ အပင်ကြီးတစ်ပင်ရဲ့အောက်ကို သူတို့လင်မယားရောက်သွားတယ်။

ဓာတ်မီးနှင့်ထိုးကြည့်လိုက်တော့မှ ညောင်ပင်အိုကြီးတစ်ပင် ဖြစ်နေတာသိလိုက်ရတယ်။

ညောင်ပင်အိုကြီးက လူကြီးခြောက်ယောက်၊ ခုနစ်ယောက် ဖက် မကဘူး။

မြစ်ပါးပျဉ်းတွေကလည်း ခုံးခုံးထလို့။

ပင်စည်အိုကြီးမှာ အမြစ်ဇကာကွက်တွေက ကိုယ်လုံးပြည့်နှင့်။

ညောင်မုတ်ဆိတ်နွယ်တွေကလည်း တိုးလို့တွဲလောင်း လှုပ်လို့ ယမ်းလို့။

ကြီးမားပြန့်ကားနေတဲ့ ညောင်ကိုင်းကြီးတွေကနေ ကိုင်း ထောက်မြစ်တွေ ထွက်ကျနေပုံက အဖိုးအိုတစ်ယောက် ဆံးကျနှံး နေပုံမျိုး ...။





နိုင်ကြီး အံ့ဩမိတယ် ...။

"ဒီလို ညောင်ပင်ကြီးမျိုး၊ ဒီကျွတ်ကုန်းထဲမှာ မရှိပါဘူး" လို့လည်း တွေးမိတယ်။

ဒါကြောင့် မသီတို့ မေးလိုက်တယ်။

"မသီ၊ တို့ဘယ်နေရာ ရောက်နေတာလဲဟ၊

ဒီကွင်းထဲမှာ ဒီလိုညောင်ပင်ကြီးမျိုး မတွေ့ဖူးပါဘူး ..."

မသီလည်း အံ့အားသင့်နေပုံပဲ။

"တုတ်တယ်တော့၊ ကျုပ်လည်း အဲဒါပဲ စဉ်းစားနေတာ။

ဒီလိုညောင်ပင်ကြီးမျိုး ဒီကွင်းမှာ မရှိပါဘူးလို့၊

ညောင်ပင်ကြီးကလည်း ကြီးလိုက်တာ၊

ကျုပ်တော့ ကြောက်တောင်ကြောက်လာပြီ ..."

မသီက စိုးရိမ်မကင်းတဲ့လေသံလေးနှင့် ပြောတယ်။

နိုင်ကြီးက သူ့မယားမသီ ကြောက်မှာစိုးလို့ အရေးမလုပ် သလောက်တဲ့ပုံနှင့် ပြောတယ်။

"နင်ကလည်းတာ၊ ဒါကြောက်စရာမှ မဟုတ်တာ ..."

ပြောမယ့်သာပြောလိုက်ရတာ သူကိုယ်တိုင်ကလည်း ညောင် ကြီးနှင့်ပတ်သက်ပြီး စိတ်ထဲမှာ တစ်မျိုးကြီးခံစားနေရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျုတ်ကုန်းမြေ ကွင်းတစ်ကွင်းလုံး ဘယ်နေရာ ဘယ်သူ့လယ်၊ ဘယ်နေရာပယ်မြောင်း၊ ဘယ်နေရာ ဘာပင်ရှိတယ်ဆိုတာကအစ သူ့အလွတ်ရပြီးသား။

သူ့ဆီ လင်မယား၊ ကွင်းကျော်ပြီး သင်မန်းခင်၊ သရက်တောကွင်းဘက် ရောက်လာတာများလား၊

ဒါလည်း မဖြစ်နိုင်ပြန်ဘူး။

အိမ်ကထွက်လာတဲ့အချိန်နှင့် ငုက်ပစ်နေတဲ့အချိန် တွက်ကြည့်ရင် ဘာမှ မကြာသေးဘူး။

ကွင်းကျော်စရာအကြောင်း မရှိဘူး။

ဒါဆို၊ ကျုတ်ကုန်းမြေကွင်းထဲမှာပဲလားလို့ တွေးပြန်တော့လည်း ...

မဖြစ်နိုင်ဘူး။

ကျုတ်ကုန်းမြေတစ်ကွင်လုံးမှာ ဒီလိုအမိကရ ညောင်ပင်ကြီးမျိုး၊ တစ်ပင်ဆိုတစ်ပင်မှ မရှိပါဘူးဆို။

ခက်နေတာက သူကိုယ်တိုင်လည်း ဘယ်နေရာရောက်နေတယ်ဆိုတော့ မတွေးတတ်ဘူး။

တစ်လောကလုံးကလည်း မှောင်မဲနေတော့ ဘယ်လိုမှ ခန့်မှန်းလို့မရဘူး။





တွေးလို့မရတဲ့အဆုံး နိုင်ကြီး ဦးနှောက်ခြောက်မခံတော့ဘူး။ ဆက်ပြီး တွေးမနေတော့ဘူး။

သူ့အာရုံက သူလုပ်ရမယ့်အလုပ်ဆီ ပြန်ရောက်သွားတယ်။

လေးဆထိုးဓာတ်မီးနှင့် ညောင်ကိုင်းတွေကြားထဲကို ဟိုတိုသည်သည် ဝှေ့ကြည့်တယ်၊ ထိုးကြည့်တယ် ...။

"တာ ..."

နိုင်ကြီးဝမ်းသာပြီး၊ အသံတောင် ထွက်သွားလေရဲ့ ...။

သူ့အသံကြားလို့၊ မသီက ခပ်အုပ်အုပ်၊ ခပ်တိုးတိုးမေးတယ်။

"ဘာလဲ ... ဘာလဲ ...

တော်၊ ဘာတွေ့လို့လဲ ..."

"ငှက်ကြီးတွေဟ၊ အုပ်လိုက်ပဲ"

နိုင်ကြီးကလည်း လေသံတိုးတိုးနှင့် ပြန်ဖြေတယ်။

တစ်ဆက်တည်း၊ ငှက်တွေဆီကို မီးနှင့်ထိုးပြတယ်။

တုတ်တယ်၊ ငှက်တွေ၊

ညောင်ကိုင်းပေါ်မှာ တန်းစီပြီး အိပ်တန်းတက်နေကြတယ်။

"တစ်ကောင်၊ နှစ်ကောင်၊ သုံးကောင်၊

လေးကောင်၊ ငါးကောင်၊ ခြောက်ကောင်၊

ဟိုမှာတစ်ကောင်၊ ဟိုးမှာ တစ်ကောင်၊



www.burmeseclassic.com

www.burmeseclassic.com



စုစုပေါင်း ရှစ်ကောင် ...”

မသီတစ်ကောင်ပြီးတစ်ကောင် ရေတွက်ကြည့်နေတယ်။

“ဒါတောင်၊ မတွေ့တဲ့အကောင်ကျန်ဦးမယ် ...”

မသီတောင် လောဘဇောပ်ပြီး တော်တော်ဝမ်းသာသွားတယ်။

ငှက်ဆိုတာ၊ အနီးစပ်ဆုံးပြောရရင်၊ ခိုလိုအကောင်မျိုးတွေပဲ။ ဒါပေမယ့် ခိုထက်ကြီးတယ်၊ ကြက်မတမ်းလောက်ရှိတယ်။

အရောင်ကတော့ အဖြူ၊ အဝါဖျော့ဖျော့။

ငှက်ထဲမှာ သူလည်း အကောင်ကြီးမျိုးပဲ။

တစ်ကောင်နှင့်တစ်ကောင် ပူးကပ်ပြီး တန်းစီအိပ်နေကြတယ်။

ပစ်ကွင်းတလည်း ကောင်းမှကောင်း၊

သေနတ်နှင့်ငှက်ရဲ့ကြားမှာ ညောင်ခက်၊ ညောင်ရွက်တစ်ခုမှ မရှိဘူး။

အေးအေးဆေးဆေး ပစ်လို့ရတဲ့ အနေအထားပဲ။

နိုင်ကြီးက အစွန်ဆုံးကအကောင်ကိုကွက်ပြီး မီးထိုးတယ်။ လေသေနတ်နှင့်ချိန်တယ်။

ပြီးတော့မှ ခလုပ်မောင်းကို ညှစ်ချလိုက်တယ်။

ထိချက်ကတော့ ထုံစံအတိုင်းပဲ။

အိပ်နေတဲ့ ငှတောင်ဘာမှန်း သိလိုက်မှာမဟုတ်ဘူး။





ခေါင်းကိုမှန်ပြီး ပြုတ်ကျလာတယ်။

နိုင်ကြီးက မသီငှက်ကောက်နိုင်အောင် ကျလာတဲ့ ငှက်ကို ဓာတ်မီးနှင့်လိုက်ထိုးပြနေတယ် ...၊

အဲဒီမှာပဲ ...

မထင်မှတ်တဲ့ အဖြစ်အပျက်ကို သူတို့လင်မယား စတွေ့လိုက်ရတာပါပဲ။

## သုံး

ငှက်တာ ညောင်ကိုင်းတွေ၊ ညောင်ရွက်တွေကြားကနေ တစ်ဆင့်ပြီးတစ်ဆင့် ပြုတ်ကျလာတယ်။

ကျတာမှ ဖောက်ထိုး၊ ပက်လက်၊

အဲဒီငှက်ဟာ မြေပြင်နှင့်ထိကာနီးမှ “ဖရူး”ဆို အပေါ်ပြန်တက်သွားတယ်။

နိုင်ကြီး ဓာတ်မီးနှင့် လိုက်ထိုးကြည့်တော့ စောစောက ညောင်ကိုင်း၊ စောစောက အစွန်ဆုံးနေရာမှာပဲ ပြန်နားတာ တွေ့လိုက်ရတယ်။

“ဘာဖြစ်တာလဲဟ”



www.burmeseclassic.com

www.burmeseclassic.com



နိုင်ကြီးပါးစပ်က အသံထွက်သွားတယ်။

ကျောထဲကတောင် စိမ့်ခနဲ စိမ်းလိုက်ရတယ်။

"နင့်ဟာက၊ ဟုတ်မှ ဟုတ်ရဲ့လား ..."

မသီတောင် လန့်သွားတဲ့ပုံပဲ၊ အသံက တုန်နေတယ်။

"အေးလေ၊ ငါလည်း ဒါမျိုးတစ်ခါမှ မကြုံဖူးသေးဘူး။ ဒါပေမယ့်၊ နင်မကြောက်နဲ့၊

ဒါ၊ ချက်ကောင်းမထိလို့ပဲဖြစ်မှာပါ ..."

နိုင်ကြီး၊ မသီကို အားပေးပြီး ငွေအိပ်တန်းရှိရာဆီ ဓာတ်မီး ပြန်ထိုးလိုက်တယ်။

"ကိုနိုင်၊ အစွန်ဆုံးအကောင်က ခုန နင်ပစ်တဲ့အကောင် မဟုတ်လား။

သေချာကြည့် မျက်နှာတစ်ခြမ်းတောင် မရှိတော့ဘူး၊

ဗိုက်မှာလည်း သွေးတွေပေနေတယ် မဟုတ်လား ..."

မသီပြောတာနဲ့ နိုင်ကြီး သေသေချာချာ ပြန်ကြည့်တယ်။

"ဟုတ်တယ်ဟ၊ အစွန်ဆုံးအကောင်မှာ ခေါင်းတစ်ခြမ်း မရှိတော့ဘူး ..."





သေချာကြည့်စမ်းမသီ၊ ခေါင်းကနေ သွေးတွေတစ်စက်စက် နေတယ် ..."

မသီကြည့်လိုက်တော့၊ ဟုတ်တယ်၊ သွေးတွေက တစ်စက်စက် နေတယ်။

မီးရောင်ထိုးထားလို့ အစိမ်းရောင်တောက်နေတဲ့ မျက်လုံး စ်လုံးနှင့်သူတို့ကို စူးစိုက်ကြည့်နေတယ် ...။

နိုင်ကြီးက ဒုတိယမြောက်အကောင်ကို ချိန်ပြီး ပစ်ချလိုက် တယ်။

ဒီတစ်ခါတော့၊ ငှက်က ညောင်ပင်အောက်ထိ ပြုတ်ကျ တယ်။

ညောင်ရွက်ခြောက်တွေပေါ်မှာ သွေးအလူးလူး၊ တောင်ပံ တ်ဖျတ်ခတ်ပြီး အသက်ငင်နေတယ် ...။

မသီ အပြေးသွားပြီး၊ ငှက်ကို ကောက်လိုက်တယ်။

**"အမလေး"**

မသီလန့်ပြီး အော်လိုက်တယ်။

မသီရဲ့လက်နှင့်၊ ငှက်၊ ထိရုံရှိသေး။

ငှက်က "ဗရူး"ခနဲ ထပျံသွားတာကိုး။



www.burmeseclassic.com

www.burmeseclassic.com



နှိုင်ကြီးသိလိုက်ပြီ၊ အဲ၊ မရိုးဘူး။

တောချောက်တာလား၊ အပမှီတာလား။

နာနာဘာဝတွေ လှည့်စားနေတာလား ...၊

တစ်ခုခုတော့၊ တစ်ခုခုပဲ။

နှိုင်ကြီး အံကြိတ်ပြီး ကြိမ်းလိုက်တယ်။

"လုပ်လိုက်လေ၊ လုပ်လိုက်စမ်း ...၊

နင်တို့ကပဲ ကြမ်းနိုင်မလား ...၊

ငါကပဲ ကြမ်းနိုင်မလား ...၊

တစ်ပွဲတစ်လမ်း တွေ့ကြသေးတာပေါ့ ..."

ကြိမ်းဝါးရင်း၊ အော်တစ်ရင်း၊ "ငါ"နှင့် ကိုင်တုတ်ပြီးပါ ဆဲ လိုက်သေးတယ်။

"ကဲဟာ ..."

"သေစမ်းတာ ..."

နှိုင်ကြီးဟာ ဒေါသထွက်ထွက်နှင့် ငှက်တွေကို တစ်ချ ပြီးတစ်ကောင်

တဖောင်းဖောင်း ... ပစ်ချတယ်။

ငှက်တွေကလည်း လေသေနတ်မှန်ပြီး ဖောက်ထိုး ကျလာလိုက် ...





ဖရုံးခနဲ အလန့်တကြား ပျံတက်သွားလိုက် ...

အရင်နားတဲ့ ညောင်ကိုင်းပေါ်မှာပဲ သွေးသံတရဲရဲနှင့် ပြန်နားလိုက် လုပ်နေတယ် ...။

နှိုင်ကြီးဆိုတာက နဂိုကတည်းက ကြောက်စိတ် လန့်စိတ်တလည်း မရှိ၊ ဒေါသကလည်း ထွက်နေဆိုတော့ ဘာကိုမှ မြင်တော့ဘူး။

မသိကတော့ တစ်စတစ်စ သွေးပျက်လာတယ်။

ချောက်ချောက်ချားချား ဖြစ်လာတယ်။

"ကိုနှိုင် ပြန်ကြစို့ ..."

"ကိုနှိုင် ပြန်ကြရအောင် ..."ဆိုပြီး တဗွဗွ ပြောနေတယ်။

"အဲ တောချောက်နေတာဟာ ဘာမှ မကြောက်နဲ့ ...

ငါတစ်ယောက်လုံးရှိတယ်။ ဘာမှ မဖြစ်ဘူး ..."

မသိကြောက်နေတာ သိပေမယ့်၊ နှိုင်ကြီး မပြန်ဘူး။

ငှက်တွေကို သဲကြီးမဲကြီး လေသေနတ်နှင့် တဖောင်းဖောင်း နေတယ်။

မသိ ငှက်အိပ်တန်းကို လှမ်းကြည့်လိုက်တယ်။

မြင်နေရတဲ့မြင်ကွင်းက သွေးပျက်စရာပဲ။

www.burmeseclassic.com



အကြိမ်ကြိမ်၊ အထပ်ထပ် လေသေနတ်နှင့် အပစ်ခံထား ရတာကြောင့် ငှက်တွေအကုန်လုံး သွေးချင်းချင်းရဲနေကြပြီ ...

ငှက်တစ်ချို့က တစ်ကိုယ်လုံး ကျည်တွေမှန်ပြီး ဆန်ကာ ပေါက်တွေဖြစ်လို့ ...။

တစ်ချို့ငှက်တွေက ခေါင်းမှာ ဖွာလန်ကြဲနေတယ်။

အတောင်ပံမှန်ထားတဲ့အကောင်တွေက တောင်ပံတွေ ကျိုးကျလို့ ...

တစ်ချို့အကောင်တွေဆို ခေါင်းတောင်မရှိတော့ဘူး၊ လည်ပင်း ပေါက်တောက်နှင့်။

မသီ ငှက်တွေကိုကြည့်ပြီး ပိုကြောက်လာတယ်။

"ကိုနိုင်၊ ပြန်စို့၊

ငါကြောက်လာပြီနော် ..."

နိုင်ကြီးရဲ့လက်ကို အတင်းဆွဲပြီးခေါ်တယ်။

နိုင်ကြီး၊ သူ့မယားရဲ့ တုန်နေတဲ့အသံကို သတိထား လိုက်တယ်။

ကြောက်ရွံ့စိုးရိမ်နေတဲ့ မျက်နှာပေါ်မှာ ချွေးတွေပြန်နေ ကိုလည်း ဓာတ်မီးအလင်းရောင်နှင့် တွေ့လိုက်တယ် ...။

နိုင်ကြီး မသီကို သနားသွားတယ်။





သူတစ်ယောက်တည်းအနေနှင့်ကတော့ သရဲတစ္ဆေမပြောနှင့်။ သရဲတစ္ဆေရဲ့အဖေလာတောင် ကြောက်မှာမဟုတ်ဘူး ...။

ဒါပေမယ့်၊ အခုက မသီပါနေတယ်။

မသီကလည်း အကြောက်နည်းနည်း လွန်နေပြီ၊ ပြီးတော့ ထတ်ငင်းကြုံနေရတဲ့အဖြစ်ကလည်း ပုံမှန်မဟုတ်ဘူး။

ဒီ့ထက် ကြာလာရင်၊ ဘာတွေဆက်ဖြစ်လာဦးမလဲဆိုတာ သိနိုင်ဘူး။

မသီကို ခေါ်ပြီး ပြန်ဖို့ တွေးလိုက်တယ်။

"အေး၊ အေး၊ ပြန်မယ်၊ ပြန်မယ် ..."

အဲဒီအချိန်မှာပဲ လေပြင်းမုန်တိုင်း တိုက်သလို ညောင်ပင်ကြီး တစ်ပင်လုံး တဝုန်းဝုန်း ယိမ်းထိုးလှုပ်ခါသွားတယ်။

ငှက်တွေကလည်း ဝုန်းခနဲ ထပျံကြတယ် ...၊

ငှက်တွေတာ လန့်ထိတ်စရာအသံတွေ အဆက်မပြတ် အော်ရင်း၊ မြည်ရင်း ...

နိုင်ကြီးနှင့် မသီရဲ့ခေါင်းပေါ် ခပ်မြင့်မြင့်ဆီကနေ ...

မရပ်မနား ဝဲပျံနေကြတယ် ...

မသီမျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားတယ်။

နိုင်ကြီးရဲ့ လက်မောင်းကို အတင်းတွယ်ဖက်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းပေါ်အမြင့်မှာ ပတ်ခြာလည်ဝိုင်းပြီး ပျံဝဲနေကြတဲ့ သွေးတရဲရဲ၊ သံတရဲရဲ ငှက်တွေကို နိုင်ကြီး ဓာတ်မီးနှင့် လိုက်ထိုးကြည့်နေတယ် ...။

အဲဒီအချိန်မှာပဲ ...

"မြွေ ... မြွေ ... မြွေကြီး ... မြွေကြီး ..."

မသီရဲ့ငယ်သံဝါအောင် အော်လိုက်တဲ့အသံကို ကြားလိုက်ရတယ်။

နိုင်ကြီးရင်ထဲ ထိတ်ခနဲ ခံစားလိုက်ရတယ်။

**လေး**

"မြွေကြီး ... မြွေကြီး ..."

မသီက အဆက်မပြတ်အော်ရင်း နိုင်ကြီးရဲ့ ဓာတ်မီးကိုင်ထားတဲ့လက်ကို ဆွဲတယ် ...။

ဓာတ်မီးကိုအုပ်ကိုင်ပြီး ညောင်ပင်ကြီးပေါ်ကို မီးရောင် လှမ်းထိုးပြတယ် ...။

ငှက်တွေ အိပ်တန်းတက်တဲ့ ညောင်ကိုင်းပေါ်မှာ မြွေကြီးတစ်ကောင် ...။

သူတို့ဘက်ကိုလှည့်ပြီး တရွေ့ရွေ့ လာနေတာ တွေ့ရတယ်





မြွေရဲ့ လုံးပတ်က လူကြီးခြေသလုံးလောက်ရှိတယ်။

မြွေရဲ့မျက်လုံးနှစ်လုံးက မီးကျီးခဲတွေလို နီရဲနေတယ်။

လျှာကို ပြူတစ်၊ ပြူတစ်လုပ်နေတဲ့ပုံကလည်း ထိတ်လန့်

ရ

နိုင်ကြီးတာ ချက်ချင်းပဲ လေသေနတ်ကို မောင်းဆွဲတင်၊

ညိုပြည့်တယ်။

ပြီးတာနှင့် ချက်ချင်းပစ်ချိန်လိုက်တယ်။

နိုင်ကြီးသေနတ်မောင်းခလုပ်ကို ဖြုတ်လုဆဲဆဲမှာ ...

မြွေကြီးက လျှောချပြီး အောက်ဘက်က ညောင်ကိုင်းကို

လာတယ် ...။

ထူးခြားတာက မြွေရဲ့မျက်လုံးနှစ်လုံးတာ သူတို့လင်မယားကို

က်ခြေမပြတ်ကြည့်နေသလိုပဲ။

နိုင်ကြီး၊ သေနတ်မောင်းကို ဖြုတ်လိုက်တယ်။

"ဖောင်း ..."

စိတ်လှုပ်ရှားနေလို့လားမသိဘူး။

ခဲကျည်က မြွေရဲ့ခေါင်းပေါ်က ကပ်ပြီး လွဲချော်သွားတယ်။

နိုင်ကြီးဘေးမောင်းကို ဆွဲတင်လိုက်ပြန်တယ်။

ကျည်ကို စမ်းဖြည့်နေတုန်းမှာ မသီကတားတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုနိုင် မပစ်နှင့်တော့ ...

ဒီ ရိုးရိုးမြွေ မဟုတ်ဘူး ...

သွားစို့ ... သွားစို့ ..."

မသီက နိုင်ကြီးကို ပြောလည်းပြော ဆွဲလည်း ဆွဲခေါ်တယ်

စိုးရိမ်ပူပန်လွန်အားကြီးနေတဲ့ မသီရဲ့အသံက ငိုသံပါကြီးနှင့်

"ဒီညောင်ပင်ကြီးအောက်က မြန်မြန်ထွက်မှ ဖြစ်တော့မယ်

နိုင်ကြီးရဲ့ အတွေးတောင် မဆုံးသေးဘူး၊

မြွေကြီးတာ သူတို့ ခေါင်းပေါ်တည့်တည့်က ညောင်ကိုင်း

ရောက်နေပြီ ...။

နိုင်ကြီးသဘောပေါက်သွားတယ်။

မြွေကြီးဟာ သူတို့ဆီကို တမင်တန်းတန်းမတ်မတ် လာ

တာပါလား ...။

လျှပ်တစ်ပြက် အချိန်လေးအတွင်းမှာပဲ မြွေကြီးက သူ

အပေါ်ကို လျှောချဖို့ ပြင်နေပြီ ...။

အဲဒီတုန်းမှာမှ ...

ဓာတ်မီးက ဘာဖြစ်သွားလဲမသိဘူး။

မီးမလင်းတော့ဘူး။

တစ်လောကလုံး မှောင်မိုက်သွားတယ်။





နိုင်ကြီး စိုးရိမ်သွား၊ ဘာလုပ်ရမှန်းမသိ။

အမြန်၊ အမြန် ...၊

ဓာတ်မီးကို လက်ဖဝါးပေါ်ခေါက်၊

ပေါင်ကိုခေါက်ပြီး လှုပ်တယ်။

သူဘယ်လိုပဲလုပ်လုပ်၊ ဓာတ်မီးကတော့ လုံးဝပြန်မလင်း

လာဘူး။

ဘယ်လိုမှ လုပ်မရတဲ့အဆုံးမှာ၊

ဓာတ်မီးကို မြွေကြီးရှိရာမှန်းပြီး ပစ်ပေါက်လိုက်တယ် ...၊

ပြီးတော့ ချက်ချင်းပဲ၊

မသီရဲ့လက်ကိုဆွဲပြီး ညောင်ပင်ကြီးအောက်ကနေ ပြေးထွက်

လာခဲ့ကြတယ် ...။

မြေဦးတည်ရာ မိုက်၊ မှောင်ထုကြီးထဲ။

ညကတော့ ပိန်းပိတ်အောင် မှောင်မိုက်နေဆဲပဲ။

နက်ရှိုင်းသိပ်သည်းတဲ့ အမှောင်ထုကြီးထဲမှာ နိုင်ကြီးတို့

လင်မယားနှစ်ယောက်ရဲ့ ...

ထိတ်လန့်တကြား ခြေသံတွေပဲ ...

တဖျပ်ဖျပ် ထွက်ပေါ်နေလေရဲ့ ...။ ။



www.burmeseclassic.com

www.burmeseclassic.com



## ၅။

စိုးရိမ်စိတ်တွေ …

ထိတ်လန့်စိတ်တွေနှင့် …

နိုင်ကြီးရော၊ မသိပါ မောတိုက်နေကြပြီ …

ချွေးတွေကလည်း တစ်ကိုယ်လုံး ရွှဲနစ်လို့။

နက်ရှိုင်းတဲ့ အမှောင်ကြီးထဲမှာ တစ်ယောက်ကိုတစ်ယောက်၊

အရိပ်လောက်၊ အရောင်လောက်ပဲ မြင်ကြရတယ်။

ဒါတောင်၊ အကျီအရောင်ကြောင့်၊

ဒီလို အမှောင်ထုကြီးထဲမှာ ကျင်းမှန်းမသိ၊ ချိုင့်မှန်းမသိ၊ ခလုပ်ဆူးငြောင့်မှန်းမသိ။

သူတို့ လင်မယားပြေးခဲ့ကြတယ်။

ကြောက်စိတ်မွန်နေလို့ ဘာမှ ဂရုမစိုက်နိုင်တော့ဘူး …။

ခလုပ်ငြိလို့လဲရင်လည်း၊ အတင်းကုန်းရုန်းထ၊ ဆက်ပြေး။

ဒီလိုနှင့် သူတို့လင်မယားနှစ်ယောက် မြုံကြီးတစ်မြုံကို ဝင်တိုးမိတယ် …

မြုံက တော်တော်ထူပုံရတယ်။

အမှောင်ထဲမှာ တိုးဖို့ မလွယ်ဘူး။

ဒီတော့မှ မောပန်းဖြေဖို့ သတိရကြတော့တယ်။



သူတို့လင်မယားနှစ်ယောက်စလုံး ရောက်နေတဲ့ မြုံကြီးရဲ့ အစပ်မှာပဲ ထိုင်ချလိုက်ကြတယ်။

“မသိ နင်တော်တော် ကြောက်သွားလား …”

နိုင်ကြီးက သူ့မိန်းမကို ကြင်ကြင်နာနာ မေးတယ်။

“ကြောက်တာပေါ့တာ၊ သေးတောင်ထွက်ကျလို့ ထမီတစ်ထည်လုံး ရွှဲနေပြီး …”

“နင်ကတော့ လုပ်ပြီ …”

နိုင်ကြီး ရယ်ပြီး ပြောလိုက်တယ်။

သူ့မိန်းမ မသိက ဒီလိုပဲ။

ကြောက်လည်းသေးထွက်၊ ရယ်ရင်လည်း သေးထွက်နှင့်။

ဒါကြောင့်၊ နိုင်ကြီးက တစ်ခါတစ်ခါ မသိကို “မသက်တွေး” လို့ ခေါ်တယ်။

နိုင်ကြီးက အမှောင်ထဲမှာပဲစမ်းပြီး လေသေနတ်မောင်း ဆွဲတင်၊ ကျည်တစ်လုံး ထည့်လိုက်တယ်။

တော်တော်ကြာကြာ နားမိတော့ နှစ်ယောက်စလုံး အမောပြေသွားတယ်။

မြန်နေတဲ့ အသက်ရှူနှုန်းတွေလည်း ပုံမှန်နီးပါး ဖြစ်သွားတယ် …။

www.burmeseclassic.com

www.burmeseclassic.com



“မသီ နင်တစ်ယောက်ထဲ နေရဲလား ...”

“နင်၊ ဘာလုပ်ဦးမလို့လဲ ...”

“ဒါ၊ သွားလမ်းရှာဦးမယ်လေ၊ အဝေးကြီးမသွားဘူး။ မြုံကြီးရဲ့ အစွန်းထိပဲ သွားကြည့်မလို့ ...”

“အေး၊ သွားလေ ...

ဝေးဝေးတော့ မသွားနှင့်၊

ပြီးတော့ ချက်ချင်းပြန်လာနော် ...”

နိုင်ကြီး၊ မြုံကိုင်းတွေ စမ်းကိုင်ရင်း အမှောင်ထဲကို တရွေ့ရွေ့ ဝင်သွားတယ် ...။

“သွားလေ” လို့သာ ပြောလိုက်ရတာ၊

နိုင်ကြီး မရှိတာနှင့် မသီ အသဲငယ်ပြီး လန့်မိပြန်ရော၊

မသီဟာ ထိုင်လျက်ကပဲ မြုံကြီးထဲကို နည်းနည်းလောက် တိုးဝင်လိုက်တယ် ...။

ခဏနေတော့ သူ့လက်က တစ်ခုခုကို စမ်းမိလိုက်တယ်။

လက်ထဲပါလာတဲ့အရာကို သေသေချာချာ လက်နှင့်စမ်းစမ်း ကြည့်တယ်။

အုတ်ခဲကျိုးပိုင်းတစ်ခုပဲ။

“အုတ်ခဲပိုနှင့် တူတယ် ...”





တွေးရင်းနှင့်ပဲ သူလျှောက်စမ်းကြည့်တယ်။

အုတ်ခဲပုံရဲ့ မျက်နှာပြင်ချောနေတဲ့နေရာကို စမ်းမိတယ်။

အလယ်မှာ အခေါင်းပေါက် တစ်ပေါက်ရှိတာ သတိပြုမိ လိုက်တယ် ...။

မြွေတွေ၊ ကင်းတွေ၊ ခိုအောင်းနေတတ်တာမို့ မသီ အခေါင်း ထဲကို နှိုက်မကြည့်ရဲဘူး။

ဒါပေမယ့်၊ အခေါင်းပေါက်ရဲ့အတွင်းမှာ လေးထောင့်ကျကျ သစ်သားပျဉ်ချပ်လိုလိုအရာကို သူစမ်းမိလိုက်တယ်။

ရုတ်တရက် ဝင်လာတဲ့အတွေးကြောင့် မသီ လန့်သွားတယ်။

ကြက်သီးမွေးညှင်းတွေထပြီး ခေါင်းနားပန်းကြီးသွားတယ်။

“ဒီ ... ဒီ ...”

ခဏအကြာမှာပဲ ...

မသီရဲ့ကြောက်လန့်တကြား၊ ငယ်သံပါအောင် အော်လိုက်တဲ့ အသံကို နိုင်ကြီးကြားလိုက်ရတယ်။

“ကိုနိုင် ...

ကိုနိုင် ...

မြန်မြန်ပြန်လာခဲ့၊

နင်၊ ငါ့ကိုထားခဲ့တာ သချိုင်းကျင်းကြီးဟဲ့ မသာရဲ့ ...”



www.burmeseclassic.com

www.burmeseclassic.com



## မြောက်

"ကျုပ်လည်း၊ ကြောက်လည်းကြောက်၊ လန့်လည်းလန့်၊ စိတ်လည်းတိုတာနှင့် ကိုနိုင့်ကိုတောင်အော်ပြီး ဆဲတော့တာပဲ ... ဟီး ဟီး ..."

မသီက ပြောရင်းရယ်နေတယ်။

"ခုတော့လည်း၊ ရယ်နိုင်ပြီပေါ့လေ၊ တုတ်လား"

"ဟုတ်ပါ့ဆရာရယ်၊ ကျုပ်တောင်၊ ဒီကောင်မ အကြောက်လွန်ပြီး သေပြီလားလို့၊

အော်သံကြားတာနှင့် ပြေးလာလိုက်ရတာ၊

ကံကောင်းချင်တော့၊ သချိုင်းက ကျုပ်တို့ ကွန်းနောက်ရှာ သချိုင်းတုန်း ဖြစ်နေတယ်။

ကျုပ်တို့ ထိုင်နားနေတဲ့ ခြုံကြီးထဲမှာက ဂူပျက်ကြီးပဲ။

အဲဒီဂူပျက်ကို မသီက သွားစမ်းမိတာ။

အဲဒါကြောင့် သချိုင်းကုန်းဆိုတာသိပြီး လန့်အော်တာ။

ထိုင်နားနေတာကလည်း လူသေမြှုပ်ထားတဲ့ မြေပုံပေါ်မှာပဲ။

ကိုယ့်ရွာက သချိုင်းဆိုတော့ ဘယ်နေရာဘာရှိတယ်ဆိုတာ သိတယ်လေ။





ဒါနှင့်ပဲ၊ နှစ်ယောက်လက်တွဲ၊ အမှောင်ကြီးထဲ စမ်းသွားပြီး၊ အိမ်ကိုပြန်ရောက်သွားကြတာ ..."

"တော်သေးတာပေါ့ဗျာ၊ ဘာမှ မဖြစ်ကြလို့ ...၊

ကိုနိုင်ကြီးတို့ လင်မယား ကြုံတွေ့ခဲ့တာက တောရုံလှူဆို ကြောက်ပြီးသေရင်သေ။

မသေရင်လည်း သွေးပျက်ပြီး ရူးသွားနိုင်တဲ့ အနေအထား လေ ..."

"တုတ်တယ် စာရေးဆရာရေ၊ မကြောက်တတ်ဘူးဆိုတဲ့ ကျုပ်တောင် ချွေးတွေ ဘာတွေပြန်သွားတယ်လေ ..."

"ဒါထက်၊ ကိုနိုင်ကြီးတို့၊ အဲဒီညောင်ပင်ကြီးဆီ ပြန်သွားပြီး မကြည့်ဘူးလား ..."

"ဘယ်နေပါ့မလဲ ဆရာရယ်၊ ကျုပ်ဓာတ်မီးလည်း ကျန်နေခဲ့တယ်လေ ..."

နောက်နေ့မိုးလင်းတာနှင့် သွားရှာတာပေါ့။

ကွန်းနောက်သချိုင်းကုန်းက ဂူပျက်နှင့်ခြုံကြီးကို မှတ်ညီပြီး လျှောက်ကြည့်တာပေါ့ ...။

တချက်တုန်းမြေတစ်ကွင်းလုံး နံ့နေတာပဲ၊ တစ်နေကို ကျင်းရာ။



www.burmeseclassic.com

www.burmeseclassic.com



ညောင်ပင်ကြီးမပြောနှင့် ညောင်ရွက်တစ်ရွက်တောင် မရှိပါဘူးဆရာ ...။

အဲ၊ အဲ၊ ကျုပ်ခေတ်မီးကိုတော့ ပြန်တွေ့တယ်။

ကျွတ်ကုန်းမြေရဲ့ မြောက်ဘက် အစပ်၊ ဖုန်းဆိုးတောထဲ ကပေါ့ ...၊

အဲဒီနေရာမှာလည်း ဘာညောင်ပင်မှ မရှိပါဘူးဆရာ ...”

“ဒါဆိုရင်၊ အဲဒီညက ကိုနိုင်ကြီးတို့ ကြုံတွေ့ခဲ့ရတဲ့ အသဲတုန်၊ ရင်တုန်ဖြစ်ရပ်ကို ကိုနိုင်ကြီး ဘယ်လိုထင်သလဲ ...”

“ဒီကျွတ်ကုန်းမြေမှာ အမှန်တကယ်ပဲ၊ နာနာဘာဝတွေရှိတယ် ဆရာရဲ့ ...၊

ကျုပ်ကိုယ်တိုင်လည်း မကြာခဏဆိုသလို တွေ့ဖူး ပါတယ် ...၊

နာနာဘာဝတွေက သူတို့နယ်မြေထဲ ဝင်လာတဲ့သူကို အမျိုးမျိုး ဖန်ဆင်းပြီး လှည့်စားတတ်ကြတယ်။

ကြောက်အောင်၊ လန့်အောင် ခြောက်လှန့်တတ်ကြတယ်။

ဖတ်ပွဲ၊ အငြိမ့်ပွဲတွေ၊ ပွဲခင်းကြီးတွေနှင့် ရွာတွေ၊ အိမ်တွေ မြင်အောင်တောင် ဖန်ဆင်းပြီး လှည့်စားနိုင်ကြသေးတာပဲ။





ကျုပ်တို့ တွေ့ခဲ့တဲ့၊ ညောင်ပင်ကြီးရယ်၊ မြွေရယ်၊ ငှက်တွေရယ်ကို ဖန်ဆင်းပြဖို့ဆိုတာ သူတို့အတွက် အခက်အခဲရှိမယ် ထင်ပါဘူး ...”

“အေးဗျ၊ ဒါလည်း ဟုတ်တာပဲ ...”

ဒါပေမယ့်၊ ကျုပ်စိတ်ထဲမှာ မတင်မကျဖြစ်နေတာ တစ်ခုတော့ ရှိတယ် ...။

အဲဒါကို ကျုပ် သိပ်သိချင်တယ် ...”

“ဘာများလဲဗျ၊ ပြောစမ်းပါဦး ...”

“ဒီလိုပါဆရာ ...

နာနာဘာဝ မြေကြီးက ကျုပ်တို့ဆီကို တမင်ရည်ရွယ်ချက် ရှိ ဆင်းလာတာလေ ...

ကျုပ်တို့လင်မယား၊ ညောင်ပင်ကြီးအောက်က အထွက် ကိုပေါ့ ...။

နည်းနည်းသာ နောက်ကျသွားရင် အဲဒီမြွေကြီးဟာ ကျုပ်တို့ ပေါ် လျှောချလာမှာ အမှန်ပဲ။

အဲဒီအခါ၊ သူ့ကျုပ်တို့ကို ဘာလုပ်မလဲ။

ကျုပ်တို့ရော ဘာဖြစ်သွားမလဲ။

ကျုပ်တော့ အဲဒါကို အရမ်းသိချင်တာပဲ ဆရာ ...”



www.burmeseclassic.com

“တော်ပါတော့ ကိုနိုင်ကြီးရာ၊

အဲဒါကိုတော့ မသိချင်ပါနဲ့တော့၊

ပြောရင်းဆိုရင်း ကျုပ်တောင် ကြက်သီးထလာပြီ”

စာရေးသူရဲ့စကားကိုကြားတော့ ကိုနိုင်ကြီးဟာ တဟားဟား အော်ရယ်နေပါတယ် …၊

သူ့ပုံကြည့်ရတာ …၊

ကျုတ်ကုန်းမြေက ချောက်ချောက်ချားချား ညတစ်ညရဲ့ အဖြစ် သနစ်တွေကို သတိရဟန်မတူတော့ပါဘူး။

သူတို့ပြောလို့ သိရတဲ့ စာရေးသူကသာ …

ကိုယ်တိုင်မကြုံတွေ့ရပေမယ့် …

ရင်တွေတုန်လို့ …

နှလုံးခုန်တွေကလည်း မြန်လို့ပါပဲ …။ ။

❖ ❖ ❖



# ဆေးရုံပေါ်ကတစ္ဆေ

အဘိုးကြီးက

လှုပ်ကုလားထိုင်ကို ရှေ့နောက်လွှဲပြီး ထိုင်နေတုန်း၊

သစ်သားတန်းပေါ်တင်ထားတဲ့ ခြေထောက်တစ်ဖက်

ည်း တန်းလန်းကြီး ရှိနေတုန်းပဲ၊

ယ်ကြည့်နေတုန်းမှာပဲ ခြေထောက်ကြီးဟာ နည်းနည်းပိုပြီး

သာသလို ထင်လိုက်ရတယ်။

ဟုတ်ဘူး၊ ထင်တာမဟုတ်ဘူး။

တကယ်မြင်နေရတာ

အဘိုးကြီးရဲ့ ခြေထောက်ကြီးက တဖြည်းဖြည်း ရှည်

ကြီး အောက်ကို တန်းလန်းကျလာတယ်။



www.burmeseclassic.com

www.burmeseclassic.com



## တစ်

"ကိုယ်ဝန်ဆောင်တစ်ယောက်ဟာ သချိုင်းကို တစ်နေ့သုံးခါ မျက်စောင်းထိုးတယ်တဲ့ ..."

ဟိုးရှေးတုန်းက စကားပေမယ့် ခုထိမှန်တုန်း။

အဲဒီစကားကို ကြားဖူးလို့နှင့်တူရဲ့။

မသီမှာ ကိုယ်ဝန်ရှိပြီးဆိုကတည်းက ...

နိုင်ကြီး သူ့မယားကို မျက်လုံးဒေါက်ထောက်ကြည့်ပြီး စိုက်တယ်။

ရပ်ဝေလေ့၊ ရွာတစ်လေ့၊ မင်္ဂလာဆောင်၊ ရှင်ပြုရဟန်းခံရှိ ဝေယျာဝစ္စသွားလုပ်လည်း ချက်ချင်းလိုက်ခေါ်တယ်။

လောကီမှတ်ရာပဒေသာစာအုပ်မှာ ကိုယ်ဝန်ဆောင်သည် လက်မဖွဲ့ရဘူး၊ မသွားရဘူးလို့ ရေးထားတာကိုး။

ဘုရားတည်ရာ၊ ကျောင်းဆောက်၊ အိမ်ဆောက်ရာတွေလည်း မသွားစေဘူး။

ကိုယ်ဝန်ဆောင်သည်ဟာ ဒီလိုကိစ္စမျိုးနှင့် ပတ်သက် ပစ္စည်းတွေကို မကိုင်မတွယ်ကောင်းဘူး။

စုပုံထားတဲ့၊ ချထားတဲ့ သစ်ဝါးတွေကို မကျော်နင်းကောင်း





မတော်တဆ အများအယွင်းလုပ်မိရင် အသက်တောင်ထိခိုက် တတ်တယ်လို့ လူကြီးသူမတွေ ပြောစကားရှိတာကိုး ...။

ကျန်တဲ့ အလေးအပင် မတဲ့ကိစ္စ၊ အပူအစပ်စားတဲ့ကိစ္စ ဆိုလည်း တွေ့တာနှင့်ပြောတော့တာ။

ဂရုစိုက်ချက်က လွန်ရောပဲ။

ပြောမယ့်သာ ပြောရတာပါ။ နိုင်ကြီးကို အပြစ်ဆိုလို့တော့ ရပါဘူး။

ဒီကိုယ်ဝန်က မသီ ပထမဆုံးလွယ်ရတဲ့ ကိုယ်ဝန်လေ။

အတွေ့အကြုံကလည်း မရှိတော့ ဟိုလူပြော စိုးရိမ်ရ။ လူပြောစိတ်ပူရနှင့်။

သူ့မယားမသီအတွက် နိုင်ကြီး သောကရောက်နေရပုံ ပြောပါ သယ် ...။

ဒီလိုနှင့်ပဲ မသီရဲ့ကိုယ်ဝန်က တစ်နေ့ထက်တစ်နေ့ ရင့်မာပြီး မွေးဖွားမယ့်ရက် ရောက်လာတယ်။

မီးနေခန်းထဲက မသီရဲ့ ညည်းညူသံ၊ အော်သံကြားရလေလေ။ နိုင်ကြီး မျောက်မီးခဲ ကိုင်မိသလို ဖြစ်လေ။

ထိုင်မရ၊ ထမရ ဖြစ်လေပဲ။ ဝင်လိုက်ထွက်လိုက်လုပ်နေတဲ့ ရပ်လက်သည် အမေမွေးကြီးရဲ့မျက်နှာပဲ လိုက်ကြည့်နေရတယ်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်ကြာလာလေလေ နိုင်ကြီးစိတ်တွေ ယောက်ယက်ခတ်ကယောင်ချောက်ချားဖြစ်လေပဲ။

ကြိုပြီး ကျက်မှတ်ထားတဲ့ အင်္ဂလိပ်စာလသုတ်ရှုတ်တာတွေ ရှေ့ကဟာနောက်ရောက်၊ နောက်ကတာ ရှေ့ရောက်၊ ကပေါက်တိ ကပေါက်ချာကို ဖြစ်လို့ ...။

တော်တော်ကြီးကြာတော့ အမေမွေးက နိုင်ကြီးကိုခေါ်တ

"ဟဲ့ ငနိုင်၊ နင့်မယား မွေးရခက်နေတယ်၊ ဝမ်းဆွဲဆရာ မြန်မြန်သွားခေါ်စမ်း ..."

နိုင်ကြီးပူထူသွားတယ်။

စက်ဘီးယူပြီး အမြန်နင်းသွားတယ်။

ဝမ်းဆွဲဆရာမက တစ်ခြားရွာမှာ သူ့အိမ်ရောက်တော့ ဆရာမက မရှိဘူး။

အခြားရွာမှာ ကလေးသွားမွေးပေးနေတယ်။

မောကြီးပမ်းကြီးနှင့်ပဲ နိုင်ကြီးဆက်လိုက်ရပြန်တယ်။

ကံအားလျော်စွာ အိမ်ပြန်ရောက်လာတဲ့ ဆရာမကို ရွာ တွေ့တယ်။

နိုင်ကြီး၊ အကျိုးအကြောင်းပြောပြပြီး ဆရာမကို အ လာခဲ့တယ်။





အိမ်ကိုရောက်တော့ ချွေးတောင်မသုတ်ရသေးဘူး။

"ဆေးရုံတင်မှရမယ်၊ မြန်မြန်လုပ်၊ မြန်မြန်လုပ်" ဆိုတဲ့ ဆရာမရဲ့ အသံက နိုင်ကြီးခံစားနေရတဲ့ စိုးရိမ်ပူပန်မှုတွေကို အမြင့်ဆုံးထိ ရောက်သွားစေခဲ့တယ် ..."

"ဘုရား ... ဘုရား၊ မသီ ဘာမှ မဖြစ်ပါစေနှင့်"

နိုင်ကြီးအဖြစ်က စိတ်သောကရောက်တာတောင် အေးအေး ဆေးဆေး သောကမရောက်ရတဲ့အဖြစ်၊

မသီကို ဆေးရုံအမြန်ပို့ဖို့ ပြင်ဆင်ရတယ်။

သတင်းကြားလို့ ရောက်လာကြတဲ့ ညီအစ်ကို မောင်နှမတွေ၊ ရွာထဲက လူတွေရဲ့ အကူအညီနှင့်

စောင်ပုခက်နှင့်ထမ်းပြီး မသီကို ဆေးရုံပို့ကြရတယ် ...။

ဆေးရုံရောက်တော့လည်း ခွဲစိတ်ခန်းထဲ တန်းဝင်ရပြန်တယ်။

ခွဲစိတ်ခန်းထဲက ထွက်မလာမချင်း နိုင်ကြီးတစ်ကိုယ်လုံး သောကမီးတွေလောင်လို့ ...။

နှစ်နာရီလောက်ကြာမှ ခွဲစိတ်ခန်းထဲက ထမီအနီဝတ် သူနာပြု ဆရာမတစ်ယောက် ထွက်လာတယ်။

လက်ထဲမှာ ကလေးနီတာရဲလေးကို ပွေ့လို့ ...။

"မွေးလူနာ မသီရဲ့ လူနာရှင်ဘယ်မှာလည်း ..."



www.burmeseclassic.com

www.burmeseclassic.com



နိုင်ကြီး အပြေးလေးသွားတယ်။

“ဒီမှာ ... ဒီမှာ ...”

“သားယောက်ျားလေးမွေးတယ်၊

လူကြီးရော ကလေးရော ကျန်းမာရေးကောင်းတယ်။

တို့အခန်းထဲက စောင့်နေပါ၊ ခဏနေရင် လူနာထွက်လာ လိမ့်မယ် ...”

ကလေးကိုပေးပြီး ခွဲခန်းထဲ ဆရာမပြန်ဝင်သွားတယ်။

ဒီတော့မှ နိုင်ကြီးပြုံးနိုင်တော့တယ်။

သားလေးရဲ့မျက်နှာကို ရှုမဝတဲ့အကြည့်နှင့်ကြည့်ရင်းက မွှေးမွှေးပေးလိုက်တယ်။

ခဏနေတော့ လူနာတွန်းစင်နှင့် မသီ ခွဲခန်းထဲက ထွက်လာ တယ် ...။

ခွဲစိတ်ခန်းနှင့် မျက်နှာချင်းဆိုင်က သီးသန့်တစ်ယောက်ခန်း ထဲမှာ နေရာချပေးတယ်။

အဲဒီအချိန်မှာ ညဆယ်နာရီလောက် ရှိနေပြီ။

မသီကို ကြည့်ရှုစောင့်ရှောက်ဖို့က ပူစရာမလိုဘူး။

မသီရဲ့အမ အလှကြီးတစ်ယောက်လုံးရှိနေတာပဲ။





နိုင်ကြီးကတော့ “အမျိုးသမီးလူနာ၊ ယောက်ျား ညအိပ် စောင့်လို့မရဘူး”ဆိုတဲ့ စည်းကမ်းချက်ကြောင့် အိမ်ကိုပဲ ပြန်ခဲ့ ရတော့တယ်။

## နှစ်

လူနာဆောင်တစ်ချို့ဆီက ရုံဖန်ရံခါ ပေါ်ထွက်လာတတ်တဲ့ ချောင်းဆိုးသံ၊ ချွဲဟက်သံနှင့်

ကလေးဆောင်ဘက်ဆီက တစ်ခါတစ်ခါ ရုတ်တရက် လန့်လန့်ငိုလိုက်တဲ့ ကလေးငိုသံကလွဲလို့ ...

ဆေးရုံရဲ့ညက ပုံမှန်အတိုင်း တိတ်ဆိတ်နေတယ် ...။

နံနက်လင်း စနာတဲ့အချိန်က နေ့၊ ည ဆယ်နာရီလောက်ထိ အသက်နှင်းရင်းပြီး ပင်ပင်ပန်းပန်း မွေးဖွားခဲ့ရလို့ထင်ရဲ့ ...။

မသီသူ့ကုတင်ပေါ်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေပြီ။

ကလေးနီတာရဲကလေးကလည်း မသီဘေးမှာ အိပ်နေတယ်။

မအိပ်တာဆိုလို့ အလှကြီးတစ်ယောက်ပဲ ကျန်တယ်။

ညီမကို စိတ်မချတာရော၊



www.burmeseclassic.com

www.burmeseclassic.com



ခုနကမှ လူ့ဘဝထဲရောက်လာတဲ့ တူလေးကို စိတ်မချ
ရောကြောင့် အလှကြီးတစ်ယောက် အိပ်လို့မရဘဲ၊ မျက်စိကြ
နေတယ် ...။

အဲဒီအချိန်မှာပဲ သူ့နားထဲမှာ အသံတစ်ခုကို ကြားလိုက်ရတ

"ကျွီ ... ကျွီ ... ကျွီ ... ကျွီ ..."

စည်းချက်ကျကျနှင့် လေးလေးပင်ပင် ထွက်ပေါ်နေတဲ့အ

အသံက သူတို့ရဲ့အပေါ် အထက်ဘက်က၊

အလှကြီး မော့ကြည့်လိုက်တယ်။

"ဩော် ...

အပေါ်မှာလည်း တစ်ထပ်ရှိသေးတာကိုး ..."လို့ တွေ
လိုက်တယ်။

တုတ်တယ်၊ သူတို့အခန်းရဲ့အထက်မှာ ထပ်ခိုးလို အ
တစ်ဆင့်ကို တွေ့ရတယ်။

အဲဒီထပ်ခိုးက အပြည့်မဟုတ်ဘူး။ တစ်ဝက်လောက်ပဲရှိ

ထပ်ခိုးရဲ့အစွန်းမှာ သစ်သားတန်းနှစ်တန်းကို အရံအ
အဖြစ် ကာထားတယ်။

ထပ်ခိုးပေါ်မှာက အသက် ခုနစ်ဆယ်လောက် အဘိုး
တစ်ယောက် လှုပ်ကုလားထိုင်နှင့် ထိုင်နေတယ်။





အလှကြီး ကြားတဲ့အသံက လှုပ်ကုလားထိုင် ရှေ့လှုပ်၊
နောက်လှုပ်၊ လှုပ်နေတဲ့ဆီကအသံ။

အဘိုးကြီးဟာ အဖြူရောင်အင်္ကျီလက်တိုပွပွနှင့် အစိမ်းအနီ
ရောင်တွေပါတဲ့ ပုဆိုးအကွက်ကျဲကျဲကြီးကို ဝတ်ထားတယ်။

အောက်မှာ လူမမာရောက်နေတာတောင် ဂရုမပြုတဲ့ဟန်နှင့်
ရှေ့တူရူကိုပဲ ကြည့်နေတယ်။

သူတို့နေတဲ့ အောက်ဘက်ကို ယောင်လို့တောင် ငုံ့မကြည့်ဘူး။

ပထမတော့ "အပေါ်မှာ ဆရာဝန်နေတာနှင့်တူတယ်"လို့
အလှကြီးတွေးမိတယ်။

နောက်မှ

"တင်၊ မဟုတ်သေးပါဘူး၊ ဒီလောက်အသက်ကြီးနေရင်
ဆရာဝန် မဖြစ်နိုင်ပါဘူး၊

ဆရာဝန်ရဲ့ အဖေများလား ..."လို့ တွေးမိလိုက်တယ်။

သိပ်မကြာခင်မှာပဲ အလှကြီးလည်း တယ်ဘလင်းပေါ်က အိပ်ရာ
ပေါ်မှာ အိပ်ပျော်သွားပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



## သုံး

ရုတ်တရက် ဖြတ်ခနဲ မသီ လန့်နိုးတယ်။

ဘေးကို ကြည့်လိုက်တော့ အပူအပင်မဲ့စွာနှင့် အိပ်ပျော်နေတဲ့ သားလေးကို တွေ့လိုက်တယ်။

အလှကြီးဆီက တရှူးရှူးအသံ ကြားရတယ်။

ငြိမ်ချက်သားကောင်းနေတဲ့အတွက် အိပ်ပျော်နေပြီဆိုတာ သိလိုက်တယ် ...။

မသီခွဲထားတဲ့အဇာ်ရာကြောင့် လှုပ်လှုပ်ရှားရှား မလှုပ်နိုင်ဘူး အိပ်ရာပေါ်မှာ ပက်လက်နေနေရတယ်။

ဟိုတက်၊ သည်တက်ကြည့်ချင်တာတောင် ခေါင်းကို နည်းနည်းပဲ စောင်းလို့ရတယ် ...။

ဒီလိုနှင့် ခေါင်းမိုးကိုပဲ ကြည့်နေရတဲ့ မသီတာ ထပ်ခိုးပေါ်က အဘိုးကြီးကို လှမ်းတွေ့လိုက်တယ်။

အဘိုးကြီးက လှုပ်ကုလားထိုင်ကို ရှေ့တိုးနောက်ငင်လှုပ်ပြီး ထိုင်နေတယ် ...။

လှုပ်ကုလားထိုင်က ထွက်နေတဲ့ တကျွိကျွိအသံက တဖြည်းဖြည်းနှင့် နားငြီးဖို့ ကောင်းလာတယ်။





အဲဒီလိုနေတုန်းမှာ အဘိုးကြီးက မသီကို ရုတ်တရက် လှမ်းကြည့်လိုက်တယ် ...။

မသီကလည်း ပက်လက်က ကြည့်နေတော့ မျက်လုံးချင်း ဆုံသွားတယ်။

မသီရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားတယ်။

ကြက်သီးမွေးညှင်းတွေလည်း ထသွားတယ်။

အဘိုးကြီးကြည့်တဲ့အကြည့်က တစ်မျိုးကြီးပဲ။

ကြောက်စရာကောင်းတဲ့ အေးစက်နက်ရှိုင်းမှုတွေ ပါနေတယ်။

ဖြတ်ခနဲ အဘိုးကြီးမျက်နှာ ပြန်လွှဲသွားတယ်။

မသီက အေးစက်စက်မျက်လုံးပိုင်ရှင်ကြီးဆီကနေ အကြည့်ကို လွှဲမပစ်မိဘူး။

စူးစူးစိုက်စိုက် ကြည့်နေမိတုန်းပဲ။

ခဏနေတော့ အဘိုးကြီးတာ သစ်သားအရံအတားပေါ် ခြေတစ်ဖက် လှမ်းတင်လိုက်တယ်။

ဒူးဆစ်ကွေး၊ ခြေသလုံးနှင့် ခြေဖဝါးတွေက သစ်သားတန်းရဲ့ အပြင်ဘက်ကို တန်းလန်းကျလာတယ်။

အဘိုးကြီးက မသီကို တစ်ချက်လှမ်းကြည့်လိုက်ပြန်တယ်။

ဒီတစ်ခါတော့ အဘိုးကြီးက လှုက်လှိုင်လှဲလှဲ ပြုံးပြဖို့ ...



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် အဘိုးကြီးရဲ့မျက်လုံးကိုကြည့်ပြီး မသီလန့်သွားတယ် ...။

မျက်လုံးနှစ်လုံးတ အစိမ်းနုရောင် တောက်နေတယ်။ ဖန်ဂေါ်လီနှစ်လုံး လှည့်ထားသလို မျက်ဝန်းထဲမှာ မွှတ်နေအောင် လည်နေတယ်။

မိုက်ခနဲ ခေါင်းမူးသွားတာကြောင့် မသီမျက်လုံးကို မှိတ်လိုက်တယ်။

မျက်လုံးပြန်ဖွင့်လိုက်တော့ အဘိုးကြီးမျက်နှာလွှဲသွားပြီ။

လှုပ်ကုလားထိုင်ကို ရှေ့နောက်လွှဲပြီး ထိုင်နေတုန်း၊

သစ်သားတန်းပေါ် တင်ထားတဲ့ ခြေတစ်ဖက်ကလည်း တန်းလန်းကြီး ရှိနေတုန်းပဲ။

မသီကြည့်နေတုန်းမှာပဲ ခြေထောက်ကြီးတာ နည်းနည်းပိုပြီး ရှည်လာသလို ထင်လိုက်ရတယ်။

မဟုတ်ဘူး၊ ထင်တာမဟုတ်ဘူး။

တကယ် မြင်လိုက်ရတာ။

အဘိုးကြီးရဲ့ ခြေထောက်ကြီးက တဖြည်းဖြည်း ရှည်ထွက်ပြီး အောက်ကို တန်းလန်းကျလာတယ်။





မသီယောင်ပြီး အော်မယ်အလုပ်မှာ အဘိုးကြီးရဲ့ခြေထောက် ပုံမှန်အတိုင်း ပြန်ဖြစ်သွားတယ်။ သစ်သားတန်းပေါ်မှာပဲ ကြက်သီးထသွားတယ်။

အဘိုးကြီးကိုကြည့်ရင်း၊ ကြည့်ရင်း မသီမျက်လုံးတွေ လေးလံ အိပ်ပျော်သွားပြန်တယ်။

ပြီးတော့ ချက်ချင်းဆိုသလိုပဲ ဖြတ်ခနဲ ပြန်နိုးလာတယ်။

မျက်စိဖွင့်တာနှင့် မသီတန်းမြင်လိုက်ရတာက ထပ်ခိုးပေါ်က လာတဲ့အဘိုးကြီးရဲ့ ခြေထောက်ကြီး၊

မသီရဲ့ဗိုက်ကို ဖိနင်းတော့မလိုဘဲ။

မသီလက်နှင့် လှမ်းဆွဲရင်တောင် မီနိုင်တဲ့အထိကို နီးကပ် ...။

မသီကြောက်လန့်တကြားနှင့် အော်ပစ်လိုက်တယ်။

မသီရဲ့ စူးစူးဝါးဝါး အော်လိုက်သံကြောင့် အလှကြီးလန့်နိုး တယ်။

ကမန်းကတန်း လူးလဲထပြီး မသီလက်ကို ကိုင်ထားတယ်။

"ဘာဖြစ်တာလည်း ...

ငိုရိုတယ်၊ မကြောက်နဲ့၊ မကြောက်နဲ့" လို့ တဖွဖွ အားပေး ယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာပဲ ဆေးရုံဝန်ထမ်း ဆရာမတွေနှင့် လူနာစောင့် အချို့ပါ ရောက်လာကြတယ်။

မသီကတော့ အပေါ်ကို လက်ညှိုးထိုးပြရင်း

“ဟိုမှာ ... ဟိုမှာ ... မြေထောက်ကြီး ...”

ဆိုတဲ့စကားကိုပဲ ထပ်တလဲလဲ ပြောနေတယ်။

အကြောက်လွန်နေပုံလည်း ရတယ် ...။

အလှကြီးအပေါ်ထပ်ခိုးကို မော့ကြည့်လိုက်တယ် ...။

“ဟင် ...”

အလှကြီး အံ့သြသွားတယ်။

ကြက်သီးတွေလည်း တဖြန်းဖြန်းထလို့ ...

အပေါ်မှာ ဘာထပ်ခိုးမှ မရှိဘူး။

အဖြူရောင် ဆေးသုတ်ထားတဲ့ မျက်နှာကြက်ပဲရှိတယ်။

“ဒါဆိုရင် ညက ငါတွေ့တဲ့ ထပ်ခိုးနှင့် လှုပ်ကုလားထိုင်ပေါ် ထိုင်နေတဲ့ အဘိုးကြီးဟာ ...”

အလှကြီး တစ်ကိုယ်လုံး တုန်လှုပ်သွားတယ်။

ညက သူ သရဲခြောက်ခံရတယ်ဆိုတာကို ခုမှပဲ သိလိုက်တော့တယ် ...။





“အဘိုးကြီးရဲ့ မြေထောက်ကြီးတော့ ကျွန်မ မိုက်မဲခဲ့လို့ မှန်းတော့မလို့ နည်းနည်းပဲ လိုတော့တယ် ...”

မသီက ထပ်ခိုးပေါ်က အဘိုးကြီးအကြောင်း အစအဆုံး ပြောပြနေတယ် ...။

အလှကြီး အံ့အားသင့်သွားတယ် ...။

သူတွေ့တာလည်း လှုပ်ကုလားထိုင်နှင့်အဘိုးကြီး။

မသီတွေ့တာလည်း လှုပ်ကုလားထိုင်နှင့် အဘိုးကြီးပဲ။

တခြားတစ်ကောင်တည်းကပဲ သူတို့ ညီအစ်မနှစ်ယောက်လုံးကို တစ်ချိန်စီ ခြောက်လှန့်နေခဲ့တာပေါ့။

သရဲခြောက်ခံရတဲ့အကြောင်းတွေကို မသီပြောနေချိန်မှာ အလှကြီး သာငြိမ်နေလိုက်တယ်။

ဘာမှဝင်မပြောတော့ဘူး။

မသီ [illegible] ကြီး [illegible]

အ [illegible]

ဆလို [illegible]



www.burmeseclassic.com

www.burmeseclassic.com



မီးနေသည် သွေးလေချောက်ချားပြီး သူရဲခြောက်ခံရတာလို့ ထင်မြင်ယူဆသူလည်း ပါမှာဖြစ်ပါတယ်။

ထဘီအနီဝတ် သူနာပြုဆရာမလေးကတော့ မသီရဲ့စကား အဆုံးမှာ အပေါ်ကို လှစ်ခနဲ တစ်ချက်ကြည့်လိုက်ပြီး ပြန်ထွက်သွားတယ် ...။

လှစ်ခနဲကြည့်တဲ့ သူမရဲ့အကြည့်ထဲမှာ လျှို့ဝှက်ချက်တွေ ပါနေတာကို ဘယ်သူမှ သိကြမှာ မဟုတ်ဘူး ...။

တကယ်တော့ ဒီအခန်းက သရဲအခြောက်ခံရတယ်လို့ ပြောတာ မသီပထမဆုံး မဟုတ်ဘူး ...။

မသီရဲ့အရင်ကလည်း လူနာတစ်ချို့ပြောခဲ့ဖူးတယ် ... ထူးခြားတာက

သရဲခြောက်ခံရသူတိုင်းဟာ ထပ်ခိုးပေါ်မှာ လှုပ်ကုလားထိုင်နှင့် ထိုင်နေတဲ့ အဘိုးကြီးကိုသာတွေ့ကြ၊ မြင်ကြရခြင်းပါပဲ။

ဆရာမလေးကတော့ သိတယ်။

မသီအပါအဝင် သရဲခြောက်ခံရတဲ့ လူနာတွေအားလုံး သွေးလေချောက်ခြားပြီး ထင်ရာမြင်ရာ ပြောတာမဟုတ်ဘူးဆိုတာ။

ဘာကြောင့်လည်းဆိုတော့ ...

လွန်ခဲ့တဲ့ တစ်နှစ်ကျော်လောက်က ...



ပုဆိုးကွက်ကျဲကြီးနှင့် လူနာအဘိုးကြီးတစ်ယောက် ဒီသီးသန့်ခန်းထဲမှာ လနှင့်ချီပြီး နေခဲ့ဘူးတယ်။

သူ့မှာ လှုပ်ကုလားထိုင်တစ်လုံးလည်း ပါလာတယ်။

သူတာ ရောဂါသက်သာလို့ နေသာထိုင်သာရှိတာနှင့် လှုပ်ကုလားထိုင်ပေါ်မှာပဲ တစ်နေ့လုံးထိုင်နေတတ်တယ်။

"ဒီအပေါ်မှာ ထပ်ခိုးလေးရှိက်ပြီးနေရရင် သိပ်ကောင်းမှာပဲ" လို့တောင် ဆရာမလေးကို ပြောသေးတယ် ...။

အဲဒီနောက် မကြာပါဘူး ...။

အဘိုးကြီးဆုံးသွားတယ်။

ဒီအခန်းထဲမှာပဲ။

အဘိုးကြီးဆုံးတဲ့နေ့က အဖြစ်အပျက်ကို ဆရာမလေး ဒီနေ့ထိ မမေ့နိုင်သေးဘူး။

လူနာအခြေအနေ စစ်ဆေးဖို့ ဆရာမလေး အဘိုးကြီးရဲ့ သီးသန့်ခန်းထဲ ဝင်ခဲ့တယ်။

အဘိုးကြီးက လှုပ်ကုလားထိုင်ပေါ်မှာ ငြိမ်သက်နေတယ်။

လူနာစောင့်တဲ့ကောင်လေးလည်း မရှိဘူး။

ဆရာမလေးက အဘိုးကြီးကို ခေါ်ကြည့်တယ်။

မရဘူး။

www.burmeseclassic.com

www.burmeseclassic.com



မသက်ဘာတာနှင့် အဘိုးကြီးရဲ့ လက်ကောက်ဝတ်ကို စမ်းကြည့် တယ်။ မျက်လုံးကို ဖြဲကြည့်တယ်။ ရင်ဘတ်ပေါ် လက်တင် ကြည့်တယ်။ သေချာပြီ။

အဘိုးကြီး အသက်မရှိတော့ဘူး။

အဲဒီအချိန်မှာပဲ အသံတစ်စုံတစ်ရာကို ဆရာမလေး ကြားလိုက် ရသလိုလို ဖြစ်သွားတယ်။

အသံကြားတဲ့အပေါ်ဘက်ကို မော့ကြည့်လိုက်တော့ ...

ထပ်ခိုးတစ်ခုပေါ်မှာ ...

ရှေ့နောက်လှုပ်ရမ်းနေတဲ့ လှုပ်ကုလားထိုင်တစ်လုံး ...

လှုပ်ကုလားထိုင်ပေါ်မှာ ပုဆိုးကွက်ကျဲကြီးနှင့် အဘိုးကြီး တစ်ယောက်ရှိနေတယ် ...။

အဘိုးကြီးက ဆရာမလေးကိုကြည့်ပြီး

လှိုက်လှိုက်လှဲလှဲနှင့်

ပြုံးပြနေလေရဲ့ ...။

သူ့မျက်လုံးတွေက အစိမ်းနုရောင်တောက်လို့၊

မျက်ဝန်းထဲမှာ မှတ်နေအောင်လည်လို့။

❖ ❖ ❖



# ကားမျက်တုံ့ညှ

မခြင်ရတဲ့ တစ္ဆေကောင်က ကားတံခါးကို အချိန်တော်တော် ကြာ တဗုန်းဗုန်း ပုတ်ပြီးမှ ရပ်သွားတယ်။

နိုင်ကြီး ဒီတော့မှ မျက်လုံးဖွင့်လိုက်တယ်။

"အား ..."

ကားရှေ့မှန်မှာ ကြောက်စရာ ရုပ်ပျက်ဆင်းပျက် မျက်နှာ ကြီးတစ်ခုက သူ့ကို ကြည့်နေတယ်။

နိုင်ကြီး အသဲတွေ ပြောင်းဆန်သွားသလား ထင်လိုက် မိတယ်။

ဆံပင်စုတ်ဖွားတွေက မျက်နှာပေါ် ဖရိုဖရဲဖုံးအုပ်လို့၊

မြေမှုန့်တွေ ပေလူးနေတဲ့ မျက်နှာတစ်ခုလုံးမှာ နီညစ်ညစ် သွေးတွေ မြင်မကောင်းအောင် ပေကျံနေတယ်။

ပါးစပ်ထဲကလည်း သွေးတွေ တပွက်ပွက် ထွက်အန်ကျ နေတယ် ...။



www.burmeseclassic.com

www.burmeseclassic.com



## တစ်

အဖြစ်အပျက်ကတော့ လျှပ်ပြက်လိုက်သလိုပါပဲ။

အရမ်းကို မြန်ဆန်လွန်းတယ်။

ခုတ်လှဲလိုက်တဲ့ ပျဉ်းကတိုးပင်ကြီးက ကြိုတင်စီစဉ်ထားတဲ့ဘက်ကို လဲကျမသွားဘဲ လည်ထွက်သွားတယ်။

ပြီးတော့ …

သစ်ခုတ်မြေးစင်ပေါ်မှာရပ်နေတဲ့ အဖွဲ့ခေါင်းဆောင် ဦးသန်းအေးကို ရိုက်ချလိုက်တယ်။

ဦးသန်းအေး မြေးစင်ပေါ်ကလွင့်စင် …၊

မြေကြီးပေါ်မှောက်လျက်အကျ။

အရှိန်နှင့် လဲကျလာတဲ့ ပျဉ်းကတိုးပင်စည်လုံးကြီးက …

ဦးသန်းအေးရဲ့နောက်စေ့အပေါ်တည့်တည့်ကို –

ဝရုန်းသုန်းကားအသံကြီးနှင့် ပိကျသွားတယ်။

အဲဒီအချိန်မှာ "ခွမ်းခနဲ"အသံတစ်ချက်ကြားလိုက်ရတယ်။

သစ်တုံးပိသွားတဲ့ ဦးခေါင်းထဲက နီရဲတဲ့သွေးတွေအပြင်ဘက်ကို စီးထွက်ကျ အိုင်ထွန်းသွားတယ်။

သွေးနီနီရဲရဲတွေထဲမှာ အဖြူပျစ်ပျစ် ဦးနှောက်အစအနတွေပါလာတယ်။



ဦးသန်းအေး အော်တောင်မအော်နိုင်ဘူး။

ခေတ္တခဏလောက် ခြေတွေလက်တွေ ဆန့်ငင်ဆန့်ငင်ဖြစ်ပြီး၊

သေမင်းခေါ်ရာနောက်လိုက်သွားတယ်။

ဖြစ်ပျက်သွားတဲ့အခိုက်အတန့်က မျက်စိတစ်မှိတ်လောက်ပဲမို့ အတူပါလာတဲ့ အဖော်တွေလည်း ဘာမှမတတ်နိုင်ကြဘူး။

မထင်မှတ်တဲ ဖြစ်သွားတဲ့ သွေးပျက်ချောက်ချားစရာအဖြစ်ကို ကြောင်ပြီး ကြည့်နေမိကြတယ် …။

ပုံမှန် သတိပြန်ဝင်တဲ့အချိန်မှာ …

ဦးသန်းအေးရဲ့ဦးခေါင်းက ပျဉ်းကတိုးပင်စည်ကြီးရဲ့ အောက်ဘက် မြေကြီးထဲမှာ မြုပ်ဝင်သွားပြီ။

ပါလာတဲ့ သံတူရွင်းတွေနှင့်၊ သစ်လုံးအောက်ကမြေကိုတူးပြီး ဦးသန်းအေးရဲ့အလောင်းကို ထုတ်ယူလိုက်ရတယ် …။

နောက်ဘက် ဦးခေါင်းခွံတစ်ခုလုံး ကြေမွပျော့စိသွားတယ်။

မြေကြီးထဲ မှောက်ရက်မြုပ်ဝင်ခဲ့တာကြောင့် မျက်နှာတစ်ခုလုံးမှာ မြေမှုန့်တွေ၊ ဖုန်မှုန့်တွေရော၊ နှာခေါင်း၊ ပါးစပ်တွေက ထွက်ကျတဲ့ သွေးတွေရော၊ အလိမ်းလိမ်း ပေကျံနေတယ်။

တကယ်တော့ ဦးသန်းအေးတို့အဖွဲ့ ပဲခူးရိုးမထဲမှာ သစ်ခုတ်စားလာတာကြာပြီ။

www.burmeseclassic.com

www.burmeseclassic.com



အစိုးရသစ်ထုတ်လုပ်ရေးအတွက်ပဲဖြစ်ဖြစ်၊ သစ်ထုတ်ခွင့် ပါမ် ရတဲ့ ပုဂ္ဂလိကသစ်သမားအတွက်ပဲဖြစ်ဖြစ် သူတို့ သစ်ခုတ်ပေး နေကျ။

ပြီးတော့ ...။

ဦးသန်းအေးက ဒီအဖွဲ့မှာခေါင်းဆောင်၊

ခေါင်းဆောင်ဆိုကတည်းက သူ့မှာ အတွေ့အကြုံတွေ အများ ကြီးရှိပြီးသား ...။

သစ်ခုတ်သမားတစ်ယောက် သိသင့်သိအပ်တဲ့ ပညာရပ်တွေ လည်း ပြည့်ဝပြီးသား ...

ဒါပေမယ့် ...

ဘယ်လောက်အတွေ့အကြုံရှိရှိ၊ ဘယ်လိုပဲ ပညာတွေ ပြည့် ပြည့်ဝ။

တံငါက ရေနှင့်သေတယ် ...။

အလမ္ပာယ်ဆရာက မြွေနှင့်သေတယ် ...။

သစ်ခုတ်သမားကလည်း သစ်နှင့်ပဲ သေတယ်တဲ့ ...။

ဆိုလိုတာက ...

ဘယ်လောက်ပဲ သစ်ခုတ်ကျွမ်းကျင်တဲ့လူဖြစ်ဖြစ် တစ်နေ့ မှာတော့ သစ်ပင်ပေါ်က ကျလို့ပဲဖြစ်ဖြစ်၊



သစ်ပင်ပိလို့ပဲဖြစ်ဖြစ် သေရတယ်တဲ့။

သစ်ခုတ်သမားလောကရဲ့ ဆိုရိုးစကားတစ်ခု၊

မှန်တယ်လို့ပဲ ပြောရမယ်ထင်ရဲ့ ...

ဒီနေ့ပဲ ...

သစ်ခုတ်သမားလောကမှာ ဆရာတစ်ဆူဖြစ်တဲ့ ဦးသန်းအေး တစ်ယောက် ...

သူခုတ်တဲ့သစ်ပင်ပိပြီး အသေဆိုးနှင့် သေခဲ့ရပြီပဲလေ ...။

## နှစ်

နိုင်ကြီး၊ ဒရိုင်ဘာသိန်းလွင်ရဲ့သားက ထိုင်လိုက်လာတယ်။

သိန်းလွင်က ကားကို အသည်းအသန်ထိန်းပြီး မောင်းနေရတယ်။

ကားက ကာရီ၊ ခြောက်ဘီး။

ပြီးတော့ ပါဝါစီယာတိုင် မတပ်ဘူး၊ ရိုးရိုး။

သည်လမ်းနှင့်သည်ခရီးနှင့်သည်ကားနှင့်အသက်ကို ဖက်ရွက်နှင့် ထုပ်ပြီး မောင်းနေရတဲ့ဘဝ။

www.burmeseclassic.com

www.burmeseclassic.com



လမ်းကလည်း ပွင့်းလင်းရောသိ၊ သစ်ထုတ်ရှိန်မှ ကိုယ့်သစ်ကွင်း ထဲအရောက် ပေါက်ပြားနှင့်တူရွင်းနှင့် ဖောက်ထားရတဲ့ ပဲခူးရိုးမ ထဲက တောင်ဆင်းတောင်တက်လမ်း၊

ကားကလည်း ဘုတ်ကြီးရှုတ်တရုတ်သူဌေးကိုယ်တိုင်၊ ကိုယ်ပိုင် တွင်ခုံမှာ လက်ပူတိုက်ထားတဲ့ကား။

ကုန်သုံးတန်၊ ယာဉ်သုံးတန်၊ ခဲသုံးတန်လို့ ခေါ်ရမယ့်တာ။

တစ်ကားလုံး ခဲဝရိန်ဆော်ထားတဲ့နေရာတွေချည်းပဲ။

ကားခေါင်းနောက် ဇရိန်ပေါ်ရိုက်ထားတဲ့ သစ်လုံးတင်တဲ့ "ဇင့်တန်း"တွေကလည်း ခနော်နီခနော်နဲ့။

သစ်လုံးခုတဲ့ "ဖားတုံး"တွေကလည်း တိုရဲ့၊ သည်ရဲ့၊

သစ်လုံးကြီးတွေကားပေါ်တင်၊ သံကြိုးကြီးတွေနှင့် ချည်ပြီး သံကြိုးပြုတ်မကျအောင်ရိုက်ရတဲ့ "ဂျက်"တွေလည်း ခဏခဏ လျော့လျော့ကျနေတယ်။

သံကြိုးကို မကြာမကြာစစ်၊ ကားပေါ်တက် ဂျက်ရိုက်နေရတာ ကိုက ဒီအလုပ်တစ်သက်လုံး လုပ်မစားတော့ဘူးလို့တောင် ပြော မလောက် စိတ်ဆင်းရဲ ...

နိုင်ကြီးရဲ့ ကုသိုလ်ကံကလည်းဆိုးတယ်။



ဒီတရုတ်ကပ်စီးရဲ့ကားမှာမှ စပယ်ယာ လိုက်မိရက်သား ဖြစ်နေတယ်။

ပြောလို့သာ ပြောရတာ။

နိုင်ကြီးရဲ့သစ်ကားစပယ်ယာအလုပ်ကလည်း အရှမ်းအန္တရာယ် များတယ် ...။

တစ်ခြားမကြည့်နှင့်။

သစ်တင်တဲ့အလုပ်နှင့်သစ်ချတဲ့အလုပ်ကိုပဲကြည့် ...။

ကရိန်းကားသမားက သံကြိုးနှင့်ချည်ပြီး လေထဲမြှောက် တဲ့ သစ်လုံးကို ကားပေါ်နေရာတကျဖြစ်အောင် သူက တွန်းရွှေ့ ရတယ်လေ ...။

သစ်လုံးပြုတ်ကျပြီးပိုလို့၊ သေတဲ့ကျေတဲ့၊ ခြေလက်ပြတ်ရပြီး စ်သက်လုံး လူစဉ်မမီတော့တဲ့ စပယ်ယာတွေ အများကြီးရှိတယ်။

သစ်ချတော့လည်း ဒီလိုပဲ။

အရင်ဦးဆုံး သစ်လုံးတွေပေါ်တက်ပြီး ချည်ထားတဲ့သံကြိုးက ကိုဖြုတ်ရတယ်။

တစ်ခါတစ်ခါ ဂျက်ဖြုတ်နေရင်း သစ်လုံးတွေ ပြိုကျသွား တယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ကြုံလို့ကတော့ အသက် ဘယ်အပေါက်က ထွက်

မလဲ မသိဘူးဖြစ်သွားမယ်။

ဂျက်ဖြုတ်ပြီးတာနှင့် သစ်လုံးတွေ အောက်မှာခံထားတဲ့ "ဖား"

ကို ရိုက်ဖြုတ်ရတယ်။

အဲဒီတော့မှ သစ်လုံးတွေ တဝုန်းဝုန်း၊ တဒိုင်းဒိုင်းနှင့် ကားပေ

က ပြုကျတာ။ သစ်တွေချတဲ့ နည်းပေါ့။

"ဖား"ကို ရိုက်ဖြုတ်တဲ့အခါမှာလည်း ကားဖရိန်အောက်

အရင်ဝင်ပြီးမှ သံတူရွင်းနှင့် ရိုက်ဖြုတ်ရတာ။

မှေ့လို့ လျော့လို့၊ ပေါ့ဆလို့ ဖရိန်အောက်မဝင်မိရင်တေ

မသာဘယ်ဈေးလည်း မေးယူရမယ်။

ဒီလို အလုပ်မျိုးကိုမှ နိုင်ကြီးလုပ်နေရတာဖြစ်တယ်။

ဒီနေ့လည်း ခါတိုင်းနေ့တွေ နှစ်ခေါက်လောက်ပို ပြီးချိန်

တစ်ခေါက်မှ မရောက်သေးဘူး။

ကရိန်းပျက်နေလို့ သစ်တင်တာ နောက်ကျသွားတယ်

ခုမှ ပထမအခေါက်ရဖို့ ကြိုးစားနေရတုန်း ...။

သူတို့ကားပေါ်မှာ ပျဉ်းကတိုးသစ်လုံး ခုနစ်တန်ကျော်ပေ

တင်ထားတယ်။





ကာကိုကြီးက ဆယ့်နှစ်တန်ကျော် တင်နိုင်ပေမယ့် တောင်ဆင်း၊

တောင်တက်လမ်းကြမ်းတဲ့အတွက် လျော့ပြီး တင်ထားရတယ်။

နိုင်ကြီးတို့ရဲ့ကားဟာ ပဲခူးရိုးမထဲက အဆင်းကြမ်း၊ အတက်

ကြမ်း၊ လမ်းကြမ်းကြီးအတိုင်း ပြေးလွှားနေတယ်။

ဒီလိုနှင့် ခပ်ပြေပြေ ကုန်းဆင်းလေးတစ်ခုကို ရောက်လာတယ်။

အိုင်ဘာသိန်းလွင်က ဘရိတ်ကို ခပ်ဖွဖွနင်းပြီး အရှိန်လေးနှင့်

လိမ့်ဆင်းလိုက်တယ် ...။

ကားတ ကုန်းဆင်းအတိုင်း မနှေးမမြန်လေး ဆင်းသွားတယ်။

ဒါပေမယ့် ...။

ကုန်းတစ်ဝက်အရောက်မှာ

"ဝုန်း ..."

"ဒုန်း ..."

"ဂလွမ်း ..."

"ဟာ၊ ဘာဖြစ်တာလည်း ..."

"ဘာဖြစ်တာလည်း ..."

ကားတို သိန်းလွင်ထိန်းကျောင်းလို့မရတော့ဘူး။

သွားချင်သလို သွားနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



လက်ယာဘက်မှာ လွင်ပြင်မြန့်နှင့် သစ်ပင်တွေရှိပေမယ့် လက်ဝဲဘက်မှာက နက်ရှိုင်းတဲ့ ချောက်ကြီးရှိနေတယ်။

တစ်ချိန်မှာ ကားရဲ့ဝဲဘက်ရှေ့ဘီးက ချောက်နှုတ်ခမ်းတစ်လျှောက် အကွာထိရောက်သွားလို့ စီယာတိုင်ကို အားကုန်ဆွဲလှည့်လိုက်ရတယ်။

အပေါ်မှာ သစ်လုံးတွေနှင့် မြေကြီးပဲကျသွားလို့ကတော့ ကားရော၊ လူရော ချောက်ထဲကျပြီး အရိုးအသားတောင် ရှာရမှာမဟုတ်ဘူး။ ကံကြီးပေလို့။

ကံအားလျော်စွာပဲ ကားက ညာဘက်ကို ဆွဲသွားတယ်။ လဲကျနေတဲ့ သစ်ပင်ကြီးကို တိုက်ပြီးမှ ရပ်သွားတယ်။

နိုင်ကြီးရော သိန်းလွင်ရော ကားပေါ်က ကမန်းကတမ်း ဆင်းပြီး ကြည့်လိုက်တယ်။

ကားမှာ ညာဘက်က နောက်ဘီးမရှိတော့ဘူး။

မနည်းလိုက်ရှာမှ တောခြုံတွေကြားက မြင်ရတယ်။

ဘီးကိုကြည့်လိုက်တော့ ဒစ်ဝိုးနပ်သုံးလုံးက ဘယ်အချိန်ကတည်းက ပြုတ်ကျနေမှန်း မသိဘူး။

ကျန်တဲ့ နပ်တွေက ထက်ပိုင်းပြတ်နေကြတယ်။

သွားပြီ၊ ဘာမှ လုပ်လို့မရတော့ဘူး။





မြို့ကိုသွား၊ တရုတ်ကပ်စီးကို အကျိုးအကြောင်းပြောပြ၊ ဆပ်ဝိုးနပ်တွေ ဝယ်ပြီးပြန်လာ၊ ဘီးကိုပြန်တပ်၊

ဒီအဆင့်တွေအားလုံး ကျော်ဖြတ်ပြီးမှ အလုပ်ဆက်လုပ်လို့ရမယ်။

အခုလောလောဆယ် မြို့ကို ဘယ်သူသွားမလဲ။

မနီးဘူး၊ ခြေကျင် ရှစ်နာရီ/ကိုးနာရီ သွားရမယ့်ခရီး။

တစ်ယောက်ကသွားရမယ်၊ တစ်ယောက်က ကားစောင့်ရင်း နေခဲ့ရမယ်။

နောက်ဆုံးမှာ သိန်းလွင်က ဆုံးဖြတ်ပေးတယ်။

သူက မြို့ကိုသွားမယ်၊ နိုင်ကြီးက ကားစောင့်ကျန်ခဲ့။

အချိန်ဆွဲနေလို့ မဖြစ်တာကြောင့် သိန်းလွင် ကားလမ်းအတိုင်း ဆင်းသွားတယ်။

နိုင်ကြီးတားဦးတိုက်ထားတဲ့ သစ်ပင်ကို ခုမှ သေသေချာချာ ကြည့်မိတယ်။

ပျဉ်းကတိုးပင်ကြီး၊

ဒီနေ့မနက်လောက်ကမှ ခုတ်လှဲထားတဲ့ အမြနအထား။

သစ်ငုတ်တိုမှာ သစ်ခုတ်ပြမ်းဆင်ထားတာကို တွေ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာ သွေးညှိုဝိုဝိုလို အနံ့တစ်မျိုး သူ့နှာခေါင်းထဲ ဝင်လာတယ်။

ဘာကြောင့်လည်း မသိဘူး ...၊

နိုင်ကြီး ကြက်သီးတွေ တဖြန်းဖြန်း ထသွားတယ်။

## သုံး

အချိန်တွေက ကုန်မှန်းမသိ ကုန်လာတယ်။

အနောက်ဘက်မှာ တောင်တစ်လုံးရှိနေတဲ့အတွက် နေ[illegible] အစောကြီး ဝင်သွားတယ်။

တောရိပ်တောင်ရိပ်တွေကြောင့် ညအမှောင်က မျက်[illegible] ဆိုသလို ရောက်လာတယ် ...။

ကားဘေးခပ်လှမ်းလှမ်းမှာ နိုင်ကြီး မီးဖို ဖိုလိုက်တယ် [illegible] ပြီးတော့ ထမင်းတစ်အိုး ချက်တယ်။ [illegible]

ဟင်းကတော့ [illegible]

သစ်တစ်[illegible]

ဒါကြောင့် [illegible] ဆိုရ[illegible]

[illegible] တားသွားလော့ [illegible]



နိုင်ကြီးညနေစာထမင်းစားပြီးတော့ အမှောင်က ထူထပ် [illegible]ပ်သည်းလာပြီ ...။

ထင်းတုံးအခြောက်တွေ၊ ဝါးခြောက်တွေရှာပြီး မီးဖိုထဲ ထည့် [illegible]ိုက်တယ်။

မီးဖိုကြီးက အရှိန်ကောင်းကောင်းနှင့် တညီးညီး တောက် [illegible]ာင်နေတယ်။

ဝါးလုံးတွေပေါက်ကွဲသံကလည်း တအုန်းအုန်း ထွက်ပေါ် [illegible]တယ်။

မီးဖို ဖိုထားတယ်။ ဝါးတွေလည်း ပေါက်ကွဲနေတယ်ဆိုရင် [illegible]းအနားမှာ ဘာကောင်မှ လာမှာမဟုတ်တော့ဘူး။

ဒီနိုးမထဲမှာ ဆင်ရိုင်းတွေ အရမ်းသောင်းကျန်းတယ်။ ကျားတွေ [illegible]ံတွေလည်း ပေါတယ်။

ဒါပေမယ့်၊ ဘာကောင်ပဲဖြစ်ဖြစ်၊ တောမီးကိုတော့ ကြောက် [illegible]တယ်။

မီးလောင်သံကြားရင် ဝေးဝေးက ရှောင်ဖို့ သူတို့ နားလည် [illegible]ား။

ဒါကြောင့် သားရဲတိရစ္ဆာန်ရန်ကို ကြောက်စရာမလိုဘူး။

ဘာပဲဖြစ်ဖြစ်၊ သတိဆိုတာတော့ ပိုတယ်မရှိဘူး။

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



နိုင်ကြီး ပစ္စည်းတွေထည့်တဲ့ "တူးဘောက်"ထဲက ဆေးမှုန့် သံပိုက်လုံးကို ခေါင်းခန်းထဲ ယူလာတယ်။

အရေးရယ်၊ အကြောင်းရယ်ဆိုရင် လက်နက်တစ်ခုခုတော့ ကိုင်ထားရမယ်မဟုတ်လား။

နိုင်ကြီးကားခေါင်းထဲမှာ တံခါးပေါက်တွေ အလုံပိတ်ပြီး ထိုင်နေလိုက်တယ်။

ဟိုစဉ်းစား၊ ဒီစဉ်းစားနှင့် တော်တော်နှင့် အိပ်လို့မရဘူး။

ညတော်တော်နက်မှ မျက်ခွံတွေးလေးကျလာပြီး နိုင်ကြီး အိပ်ပျော်သွားတယ်။

## လေး

ဘာကြောင့်လည်း မသိဘူး၊ နိုင်ကြီးလန့်နိုးသွားတယ်။

ကြည့်လိုက်တော့ တစ်လောကလုံး မှောင်လို့မဲလို့ တိတ်ဆိတ်လို့ ...။

ဘယ်လောက်ကြာကြာ အိပ်ပျော်သွားတယ်မသိဘူး။

မီးဖိုမှာ မီးခဲအစအနလေးလောက်ပဲ ရှိတော့တယ်။





"မီးဖိုထဲကို ထင်းတပ်ထည့်မှ ဖြစ်မယ်"ဆိုပြီး နိုင်ကြီး မြုံထားတဲ့စောင်ကို ခွာချလိုက်တယ်။

ကားအောက်ဆင်းဖို့ တံခါးဂျက်ကို ဖွင့်မယ်အလုပ်မှာပဲ တားက သိမ့်ခနဲ သိမ့်ခနဲ လှုပ်သွားတာကို သိလိုက်တယ်။

ရုတ်တရက်ဆိုတော့ နိုင်ကြီး ရင်ထဲ ထိတ်သွားတယ်။ နှလုံးခုန်တွေတောင် မြန်သွားတယ်။

"တောဆင်ရိုင်းများ ရောက်လာတာလား"လို့ တွေးမိတယ်။

ကားခေါင်းထဲကပဲ အသာငြိမ်ပြီး နားစွင့်နေမိတယ်။

ဘာသံမှ မကြားရဘူး။

တောဆင်ရိုင်းဆိုရင် ခြေနင်းသံ၊ ပါးစပ်က တစ်ခုခုကို ဝါးနေသံ၊ မောင်းလှုပ်ခတ်သံ၊ တစ်ခုမဟုတ်တစ်ခု ဆူဆူညံညံ ကြားရမယ်။

ခုတော့ ဘာသံမှ မကြားရဘူး၊ တောဆင်ရိုင်းမဖြစ်နိုင်ဘူး။

"ဝက်ဝံကြီးများလား ..."

နိုင်ကြီး၊ နောက်တစ်မျိုးလှည့်ပြီး စဉ်းစားပြန်တယ်။

ပဲခူးရိုးမထဲက ဝက်ဝံကြီးတွေက အကောင်အကြီးကြီးတွေ။

တစ်ခါတစ်ခါ ညဘက်ကားမောင်းရင်းတွေ့ရတယ်။

ကားမီးရောင်ရဲ့ရှေ့ကနေပြီး ကားလမ်းအတိုင်း လေးဘက်နေလိုက်တာများ ဆီပီပါကြီး လိမ့်သွားတဲ့အတိုင်းပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ဝံတွေရဲ့အကျင့်က စူးစမ်းတတ်တယ်။

တားကိုတွေ့လို့ တွန်းပြီး လှုပ်ကြည့်နေတာများလား။

နိုင်ကြီးဓားမကို လက်ထဲမှာ တင်းတင်းဆုပ်ကိုင်ပြီး၊ ကားတံခါးဂျက်ကို အသံမကြားအောင် ဖြေးဖြေးဖွင့်လိုက်တယ် ...။

ပြီးတော့ အောက်ကို အသာဆင်း၊

ကားဖရိန်အောက်ကိုဝင်ပြီး ဝပ်လိုက်တယ်။

ကျင့်သားရသွားတဲ့ မျက်လုံးတွေနှင့် အမှောင်ထဲကိုကြည့်တယ်။

ကားအနီး ပတ်ပတ်လည်မှာ ဘာကောင်မှ ရှိတာ မတွေ့ဘူး။

တင်ထားတဲ့ သစ်လုံးတွေပေါ်များ တက်နေသလား။

နိုင်ကြီး ဘီးဖုံးပေါ်ကနေ အသာအယာတက်ပြီး သစ်လုံးတွေပေါ်ကို ကြည့်ပြန်တယ်။

"သစ်လုံးတွေပေါ်မှာလည်း ဘာမှမရှိဘူး ...။

ကား လှုပ်သွားတာတော့ အမှန်ပဲ။

ဒါမှမဟုတ်၊ ငါများ ထင်ယောင်ထင်မှား ဖြစ်နေတာလား"

နိုင်ကြီးစဉ်းစားလို့ အဖြေမရကာကြောင့် အသင့်ရှာထားတဲ့ ထင်းခြောက်တွေကို မီးဖိုထဲထည့်တယ်။

မီးတောက်တွေ တဝုန်းဝုန်း ကက်လာတော့မှ ကားခေါင်းထဲ ပြန်ဝင်ဂေ့လိုက်တယ်။





သူ့မျက်လုံးတွေကြောင်ပြီး အိပ်ချင်စိတ်ပျောက်သွားတယ်။

အဲဒီအချိန်မှာပဲ တဝေါဝေါ၊ တဖြောင်းဖြောင်းနဲ့ သစ်ပင်ကြီး ပြိုလဲသံကို ကြားလိုက်ရတယ်။

အသံက သူ့ပတ်ဝန်းကျင်ကအသံမို့ နိုင်ကြီး လန့်သွားတယ်။

သစ်ပင်လဲပြီး ကားပေါ်ကို ပိကျလာမှာ စိုးလို့ပါ။

ဒါပေမယ့် ချက်ချင်းဆိုသလိုပဲ အသံတွေ တိတ်ဆိတ်သွားတယ်။

"တောချောက်တာလား၊ တကယ်ပဲ သစ်ပင်ကြီးတစ်ပင် လဲကျသွားတာလား ..."

စဉ်းစားလို့ပဲရတယ်၊ အမှောင်ကြီးထဲမှာဆိုတော့ ဘာမှ မမြင်ရဘူး။

မှောင်မည်းနေတဲ့ညကြီးမှာ ကြောက်မက်ဖွယ် ငြိမ်သက်ခြင်းက ပြန်ပြီး စိုးမိုးသွားတယ် ...

"အား ... အား ..."

အသံနက်ကြီးနှင့်အော်လိုက်တဲ့ ယောကျာ်းကြီးတစ်ယောက်ရဲ့ အသံကို ရုတ်တရက် ကြားလိုက်ရပြန်တယ် ...။

နိုင်ကြီး ခေါင်းမွေးတွေ ထောင်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



လန့်လည်း လန့်သွားတယ်။

နားစွင့်နေတုန်းမှာပဲ တတင်းတင်းနဲ့ မချိမဆန့် ညည်းတွား နေတဲ့ ယောကျာ်းတစ်ယောက်ရဲ့ အသံကိုကြားရပြန်တယ်။

ခဏနေတော့ ညည်းညူသံကြီး ပျောက်ကွယ်ပြီး တိတ်ဆိတ် သွားပြန်တယ် ...။

အဲဒီတုန်းမှာပဲ ကားက တသိမ့်သိမ့်၊ တသိမ့်သိမ့်နဲ့ အဆက် မပြတ် လှုပ်ယမ်းလာတယ်။

ဒီတော့မှ နိုင်ကြီး တွေးမိလိုက်တယ် ...

"ဪ ... သရဲ ခြောက်နေတာပဲ ..."

၆း

တကယ်တော့ တစ္ဆေသရဲတွေ နာနာဘဝတွေဆိုတာ နိုင်ကြီး အတွက် အဆန်းမဟုတ်ဘူး။

ကြောက်စရာ၊ ထိတ်လန့်စရာလည်း မဟုတ်ဘူး။

နိုင်ကြီးနေတဲ့ ကွန်းနောက်ရွာရဲ့အနောက်ဘက်မှာ အရှေ့ ဆိုးတဲ့ ကျုတ်ကုန်းမြေရှိတယ်။

အဲကြောင်းသိသူက ညညဆို မသွားရဲဘူး။

မိတ်ဆွေစာပေ



အကြောင်းမသိသူသွားရင်လည်း တစ်ခုမဟုတ် တစ်ခုတော့ ကျုတ်တစ္ဆေတွေက ကြောက်အောင်လန့်အောင် လုပ်လိုက်တာပဲ။

နိုင်ကြီးက အဲဒီကျုတ်ကုန်းမြေမှာ ငှက်ပစ်နေကျ၊ ဖားရှာ ငါးရှာ ထွက်နေကျ။

ဒီလိုသွားတဲ့အခါတိုင်းမှာ အမွှေးအမျှင်ရှည်ရှည်၊ အရုပ်အမြင့် ကြီးတွေနှင့် အကောင်ကြီးတွေ ...။

အရိပ်လိုလို၊ လူလိုလိုသွားလာနေတဲ့အကောင်တွေ အမျိုးမျိုး တွေ့ရကြုံရတယ်။

ဒီလိုတွေ့တဲ့ ကြုံတဲ့အခါတိုင်း ...

"မရှိလို့ လုပ်ကိုင်စားသောက်နေရတာပါ၊ မနှောက်ယှက်ပါနှင့်" လို့ နိုင်ကြီးကပြောတယ်။

မကြောက်တတ်တဲ့သူမှန်း သိလို့လား မဆိုနိုင်ဘူး။

နိုင်ကြီးကို ခြောက်တာ လှန့်တာ သိပ်မလုပ်ကြဘူး။

သူ့လမ်းသူသွား၊ ကိုယ့်လမ်းကိုယ်သွားပဲ။

တစ်ခါတစ်ခါ လယ်ကန်သင်းတစ်ခုပေါ်မှာ ဖျက်နှာချင်းဆိုင် တွေ့ပြီး ရှောင်မိကြရင် ...

သူတို့ကိုယ်လုံးက အမွှေးကြမ်းကြမ်းကြီးတွေနှင့်တောင် နိုင်ကြီး တို့ ပွတ်တိုက်မိသွားသေးရဲ့ ...။

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဆိုရရင် နိုင်ကြီးက သရဲတစ္ဆေမပြောနှင့်။

သရဲသရဲ့အဖေလာလည်း ကြောက်မှာမဟုတ်ဘူး။

ခုလည်း တောကြီးမျက်မည်းထဲမှာ ကားပျက်တယ်။

ကားပျက်တဲ့ညမှာပဲ သရဲခြောက်တာ ခံနေရတယ်။

တော်တော်လေးကြာတော့ ကုားလှုပ်တာ ရပ်သွားတယ်။

အမှောင်လောကကြီးကလည်း ချောက်ချားစရာကောင်းအောင်

ငြိမ်ကျသွားပြန်တယ်။

ဒါပေမယ့်၊ နိုင်ကြီးရင်ထဲမှာတော့ မငြိမ်ဘူး။

နှလုံးခုန်စည်းချက်တွေက တဒုန်းဒုန်း မြန်နေတယ်။

ဘယ်အချိန်မှာ ဘယ်လိုနည်းနှင့် ခြောက်လှန့်ဦးမလဲဆိုတာ

ကိုပဲ တွေးတောနေမိတယ် …။

ဒီလိုနှင့် အချိန်တော်တော် ကြာသွားပြန်တယ်။

"တိတ်ဆိတ်လွန်းတဲ့ညတာ ပိုကြောက်စရာကောင်းသလိုပဲ"

လို့ နိုင်ကြီးတွေးလိုက်မိတယ်။

ရုတ်တရက် ညှီပုပ်ပုပ်အနံ့ကြီးတစ်ခုကို အော်ဂလီဆန်လောက်

အောင် ရှူရှိုက်လိုက်ရတယ်။

နိုင်ကြီးကြက်သီးမွေးညှင်း ထသွားတယ်။





အပုပ်နံ့ဆိုတာ တစ္ဆေ သရဲတွေရဲ့ကိုယ်က ထွက်တဲ့အနံ့

ဆိုတာ နိုင်ကြီးသတိရလိုက်တယ်။

ဒါဆို၊ တစ္ဆေသရဲတစ်ကောင်ကောင် အနီးမှာ ရှိနေပြီပေါ့။

နိုင်ကြီး မျက်လုံးပြူးနေအောင်ကြည့်ရင်း တတ်သမျှ၊ မှတ်

သမျှ ဂါထာတွေ ရွတ်တယ် …။

အပုပ်နံ့ကြီးကတော့ ပျောက်မသွားဘဲ ထောင်းထောင်းထ

အောင်တောင် ပိုပြီး နံလာတယ်။

ညှီပုပ်နံ့ကြီးကြောင့် နိုင်ကြီးပျို့တက်လာတယ်။

မခံနိုင်တဲ့အဆုံးမှာ ကားတံခါးဖွင့်ပြီး တဝေါ့ဝေါ့နှင့် အန်ချ

ပစ်လိုက်တယ်။

အချိန်ကြာကြာအန်ပြီးတော့ နိုင်ကြီးတစ်ကိုယ်လုံး နုံးချိသွား

တယ်။

မျက်နှာပေါ်မှာလည်း ချွေးသီးချွေးပေါက်ကြီးတွေနှင့်။

မျက်လုံးအပြူးသားနှင့် အသက်ရှူပုံမှန်ဖြစ်အောင် ကြိုးစား

နေပေမယ့် သူ့ရင်ဘတ်ကြီးကတော့ ဖားဖိုကြီးလို ဖိုလှိုက်၊ ဖိုလှိုက်

ဖြစ်နေတာ …

အဲဒီအချိန်မှာပဲ …

"ဗုန်း … ဗုန်း … ဗုန်း … ဗုန်း …"



www.burmeseclassic.com

www.burmeseclassic.com



ကားတံခါးကို လာဖွင့်တယ်။

ကြည့်လိုက်တော့လည်း ဘာကိုမှ မတွေ့ရဘူး။

"တဲ ... တစ္ဆေရေ၊ ခြောက်ချင်သလို ခြောက်ပေတော့" လို့ ပြောပြီး နိုင်ကြီးမျက်စိ စုံမှိတ်ထားလိုက်တယ်။

မမြင်ရတဲ့တစ္ဆေကောင်က ကားတံခါးကို အချိန်တော်တော်ကြာ တဖွင့်ဖွင့် ပိတ်ပြီးမှ ရပ်သွားတယ်။

နိုင်ကြီး ဒီတော့မှ မျက်လုံးဖွင့်လိုက်တယ် ...။

"***အား*** ..."

ကားရှေ့မှန်မှာ ကြောက်စရာ ရုပ်ပျက်ဆွင်းပျက်မျက်နှာကြီး တစ်ခု သူ့ကိုကြည့်နေတယ်။

နိုင်ကြီး အသဲတွေ ပြောင်းဆန်သွားသလားထင်လိုက်မိတယ်။

ဆံပင်စုတ်ဖွားတွေက မျက်နှာပေါ် ဗရိုဗရဲ ဖုံးအုပ်လို့ ...

မြေမှုန့်တွေ ပေလူးနေတဲ့ မျက်နှာတစ်ခုလုံးမှာ နီညစ်ညစ် သွေးတွေ မြင်မကောင်းအောင် ပေကျံနေတယ်။

ပါးစပ်ထဲကလည်း သွေးတွေ တပွတ်ပွတ် အန်ကျနေတယ်။

ဒဏ်ရာ ရထားတဲ့လူတစ်ယောက်များလား ...။





နိုင်ကြီး တွေးလိုက်သေးပေမယ့် ဒါဟာ လူစင်စစ် မဖြစ် နိုင်ဘူးဆိုတာလည်း နားလည်လိုက်တယ်။

ထူးခြားတာက သူ့ကိုခြောက်လှန့်နေတဲ့ တစ္ဆေရဲ့မျက်လုံးတွေ နွမ်းဖျော့ညှိုးငယ်နေတာကို နိုင်ကြီး သတိပြုမိလိုက်တယ်။

ခဏနေတော့ တစ္ဆေကောင်က နောက်လှည့်ထွက်သွားတယ်။

"တင်"

နိုင်ကြီး ရုတ်တရက် လန့်အော်မိမတတ်ဖြစ်သွားတယ်။

တစ္ဆေကောင်ရဲ့ ဦးခေါင်းနောက်ဘက်ခြမ်း မရှိတော့ဘူး။

ပွင့်နေတဲ့ ဦးခေါင်းခွံထဲက အဖြူရောင်ဦးနှောက်စတွေ တန်းလန်း ထွက်ကျနေတယ်။

ခေါင်းကစီးကျနေတဲ့ သွေးတွေကလည်း လည်ကုတ်နှင့် ကျော ပြင်ပေါ်မှာ အသည်းတုန်စရာ ချင်းချင်းနီရဲလို့ ...။

ဒယိမ်းဒယိုင်နှင့် ထွက်သွားတဲ့ တစ္ဆေကောင်ဟာ သစ်ခုတ် ငြမ်းစင်ပေါ်ကို တက်သွားတယ်။

ပြီးတော့ နိုင်ကြီးရှိရာဆီ တစ်ချက်လှမ်းကြည့်ပြီး ဖြတ်ခနဲ ကွယ်ပျောက်သွားတယ် ...။

တစ္ဆေပြန်ပေါ်လာဦးမလားလို့ နိုင်ကြီးစောင့်ကြည့်သေးပေမယ့် လင်းအားကြီးအချိန်ထိ ပြန်ပေါ်မလာတော့ဘူး။



www.burmeseclassic.com

တစ်ညလုံး အိပ်ရေးပျက်ခဲ့ရတဲ့ နိုင်ကြီးလည်း အရှေ့အရပ်က ထွက်လာတဲ့ရောင်နီပျပျကိုမြင်မှပဲ အိပ်ပျော်သွားခဲ့တယ်။

**ခြောက်**

"နာနာဘာဝဆိုတာ အတွေးမရောက်တဲ့ အဖြစ်ဆန်း၊ အဖြစ် ဆန်းတွေကို အထူးထူး၊ အမျိုးမျိုး ပြတတ်တဲ့အတွက် နာနာဘာဝ လို့ ခေါ်တာကွယ့် ...။

အမှန်တကယ်တော့ သူတို့တာ ပြိတ္တာဘုံသားတွေပါ။

သူတို့တာ ကြီးအောင်၊ ငယ်အောင်၊ ဖျူအောင်၊ မည်းအောင် မြင်စေနိုင်ကြတယ်။

သူတို့ရဲ့ ခန္ဓာကိုယ်ကို ကွယ်ပျောက်အောင်လည်း လုပ်နိုင် တယ်။ မြင်အောင်လည်း လုပ်နိုင်တယ်ကွယ့်။

ပြီးတော့ လူယောင်၊ မြင်းယောင်၊ ခွေးယောင်လည်း ဖန်ဆင်း နိုင်ကြတယ်။

တစ္ဆေက လူကိုခြောက်လှန့်တယ်ဆိုရာမှာလည်း အကြောင်း အမျိုးမျိုးရှိတယ်ကွယ့်ဒကာရဲ့။

ကံနိမ့်လို့ အခြောက်ခံရတာ။

စားချင်သောက်ချင်လို့ခြောက်တာ။

အတူအညီတောင်းချင်လို့။

နောက်ချင်ပြောင်ချင်လို့။

ချစ်လို့ခင်လို့၊ စွဲလန်းလို့ စသည်ဖြင့်အမျိုးမျိုးပေါ့ကွယ် ...။

တစ်ချို့ကျတော့လည်း အမျှအတန်းဝေတာ ခံယူချင်လို့ ဥစ္စာ စည်းပေးချင်လို့ခြောက်တာ။

ဘုရားသံ၊ တရားသံကြားတဲ့အခါ မရှုတ်အောင်ခြောက်တဲ့ တစ္ဆေမျိုးလည်း ရှိတယ်ကွယ့်။

ညက မောင်နိုင်ကြီးဆီကိုလာတာ ဦးသန်းအေးပဲ ဖြစ်ပါ လိမ့်မယ် ...။

အကူအညီတောင်းချင်လို့ လာတာပဲဖြစ်မှာပါကွယ် ...။

သစ်ပင်ကြီးပိတာကို စွဲလန်းပြီး အကူအညီ တောင်းတာလား။ အမျှအတန်းဝေတာကို ခံယူချင်လို့လားဆိုတာတော့ သူကိုယ် တိုင်မှပဲ သိနိုင်တော့မယ် ဒကာရေ ..."

ဆရာတော်က ရှင်းပြပြီး စကားအဆုံးသတ်လိုက်တယ်။

လင်းအားကြီးမှ အိပ်ရလို့နှင့်တူရဲ့ နိုင်ကြီး တော်တော်နှင့် နိုးဘူး ...။







www.burmeseclassic.com

www.burmeseclassic.com



ကားသံတွေ၊ လူသံတွေ ဆူဆူညံညံကြားမှ လန့်နိုးလာတယ် ...။

ကားနှင့်ပါလာတဲ့လူတွေထဲမှာ ရဲဝန်ထမ်းတွေနှင့် သံဃာတော်သုံးပါးကိုပါ တွေ့ရတယ်။

ဒီတော့မှ နိုင်ကြီးလည်း အဖြစ်အပျက် အစုံအလင်သိရတော့တယ်။

ဒီနေရာမှာ ...

မနေ့တ သူတို့ကားမရောက်ခင် နှစ်နာရီလောက်စောပြီး သစ်ခုတ်ခေါင်းဦးသန်းအေး သစ်ပင်ပိပြီး သေခဲ့တာပဲ။

ရဲတွေက အခင်းဖြစ်နေရာကို ကြည့်ရှုစစ်ဆေးမှတ်တမ်းတင်ဖို့ ...

သံဃာတော်တွေကတော့ ဦးသန်းအေး ကောင်းရာမွန်ရာရောက်ဖို့ တရားနာအမျှအတန်းပေးဝေဖို့ ဦးသန်းအေးရဲ့သားချင်းတွေက ပင့်လာတာ။

သံဃာတော်တွေ တရားပေးတော့ နိုင်ကြီးလည်းဝင်ပြီး တရားနာလိုက်တယ်။

တရားနာ၊ ရေစက်ချ၊ အမျှအတန်းပေးဝေပြီးချိန်မှာ နိုင်ကြီးက တစ်ညလုံး သူတွေ့ကြုံခဲ့ရတာတွေ ဆရာတော်ကိုလျှောက်တဲ့အတွက်





ဆရာတော်က တစ္ဆေ သရဲ၊ နာနာ ဘာဝတွေအကြောင်း နိုင်ကြီးနှင့် ပရိသတ်ကို ပြန်ရှင်းပြခဲ့တာ ...

ဒီတော့မှ နိုင်ကြီးလည်း နွမ်းဖျော့ညှိုးငယ်နေတဲ့ တစ္ဆေရဲ့ မျက်လုံးတွေကို ပြန်မြင်ပြီး အမှတ်ရမိတယ်။

သေကာနီးစွဲလန်းစိတ်နှင့် ဦးသန်းအေးတစ်ယောက် ပျဉ်းကတိုးဝင်ကြီးမှာပဲ တစ္ဆေသရဲဘဝနှင့် တည်မှီနေခဲ့တယ်။

အကြောင်းတိုက်ဆိုင်ချင်တော့ နိုင်ကြီးရဲ့ကားကလည်း ဒီနေရာမှာပဲလာပြီး ပျက်ခဲ့တယ်။

ဒီလိုနှင့်ပဲ ဦးသန်းအေးရဲ့ ဘဝသစ်နှင့် နိုင်ကြီးတို့၊ တစ်ညလုံး ထိတ်လန့်တကြား ကြုံဆုံခဲ့ရတာပေါ့။

လုပ်ကိုင်ဆောင်ရွက်စရာတွေ အသီးသီး လုပ်ကိုင်ပြီးတော့ အားလုံး ပြန်ဆင်းသွားကြတယ်။

အခင်းဖြစ်နေရာမှာ နိုင်ကြီးတစ်ယောက်ထဲပဲ ကျန်ရစ်ခဲ့ပြန်တယ်။

ဒရိုင်ဘာသိန်းလွင်ကတော့ မွန်းတည့်ချိန်ထိ ရောက်မလာဘူး ...။

ညနေ၊ နေဝင်ရီတရောအချိန်ထိလည်း ပြန်ရောက်မလာသေးဘူး ...။



www.burmeseclassic.com

www.burmeseclassic.com



မျှော်မယ့်သာ မျှော်နေရတာပါ။

သူတို့မြို့နယ်လေးမှာ ဆိုဒ်တူ၊ နံပါတ်တူ၊ နှစ်စ်ပိုးနပ်ရတို့ မလွယ်ဘူး။

တောင်ငူမြို့မှာ ရချင်ရ၊ မရရင် ရန်ကုန်ထိ တက်ဝယ်ရမယ်။

နှစ်ညအိပ်နှင့် ပြန်ရောက်ရင် ကံကောင်းပဲ။

အရင်က သူမကြောက်ပေမယ့် အကြောင်းစုံသိပြီးတဲ့ နောက်မှာတော့ စိတ်ထဲက လိပ်ပြာငယ်သလို ခံစားနေရတယ်။

ဒီနေရာမှာထပ်ပြီး ညအိပ်ရမယ့်ကိစ္စက နိုင်ကြီးအတွက် ချောက်ညအိပ်မက်ရှည်ကြီးကို အထိတ်တလန့်မက်နေရသလို ထင်နေတယ် ...။

နိုင်ကြီးစိတ်တွေ လေးလံနေတယ်။

ကားကြီးကို ဒီ့အတိုင်း ထားပစ်ခဲ့လို့မရတဲ့ဘဝမို့ ...

ဘာပဲဖြစ်ဖြစ် သူ၊ ဒီညလည်း ထပ်အိပ်ရပါဦးမယ်။

အမှောင်ကလည်း တစ်စတစ်စနှင့် လွှမ်းခြုံလာပါပြီ ...။

"ဦးသန်းအေးရေ၊ ပြဿနာကုသိုလ်အဝဝကို အမျှပေးဝေပါတယ်။

သာဓုခေါ်ပြီး ဒီနေရာကနေ ဝေးရာကိုသာ သွားပါတော့ ..."





မီးပုံထဲကို ထင်းချောက်တွေ ပစ်ထည့်ရင်း နိုင်ကြီး အမှ အတန်းဝေလိုက်တယ် ...။

အဲဒီအချိန်မှာပဲ ...

ညိုပုပ်ပုပ်အနံ့ကြီးကို နိုင်ကြီး ရှူရှိုက်လိုက်ရပါတော့တယ်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# သရဲကြီးစိုးမင်း

ခဏနေတော့ တံစဉ်ကြီးဟာ သူ့အလိုလို လေထဲ
ပျောက်သွားတယ်။

နိုင်ကြီး အံ့အားသင့်သွားတယ်။

ကြက်သီးမွေးညင်းတွေထောင် တဖြန်းဖြန်းထလို့။

အကောင်အ[illegible]တွေ့ရဘဲ တံစဉ်ကြီးက စပါးတွေ
ရိတ်နေတာကို ရုတ်တရက်သာတွေ့ရရင် လိပ်ပြာစဉ်သွားမှာ
အမှန်ပဲ။

ခုတောင်ကျောချမ်းပြီး ကတုန်ကယင်ကြီး ခံစား
နေရတယ်။ စိုးမင်းရဲ့သူငယ်ချင်းသရဲကို အကောင်သာ မမြင်
ရတာ စပါးခင်းထဲမှာတော့ တဖြောဖြော၊ တဝေါဝေါဆူညံနေတာပဲ





## တစ်

"ဟော့ကောင်သရဲကြီး၊ မင်းသရဲကိုနိုင်တယ်ဆိုတာ
ဘာကယ်လား..."

နိုင်ကြီးကအသုဘအိမ်က အရက်ဝိုင်းမှာ သရဲကြီးစိုးမင်း
ကိုမေးလိုက်တယ်။

စိုးမင်းက တွန်းနောက်ရွာမှာနာမည်ကြီး။

ကလေးလူကြီးအားလုံးသူ့ကို "သရဲကြီး" လို့ပဲခေါ်ကြ
တယ်။

ဘာကြောင့် "သရဲကြီးဘွဲ့" ရတယ်ဆိုတာတော့ နိုင်ကြီး
သိဘူး။

လူတိုင်းခေါ်သလို၊ သရဲကြီးလို့ပဲခေါ်လိုက်တာပဲ။

ရုပ်ဆိုးလွန်းလို့ သရဲကြီးအမည်တပ်ပြီးခေါ်တာလည်း
မြစ်နိုင်ဘူး။

စိုးမင်းရဲ့ရုပ်က အသားနည်းနည်းညိုတာပဲ ပြောစရာ
ရှိတယ်။ မျက်လုံးမျက်ခုံးကောင်းကောင်း၊ နှာတံပေါ်ပေါ်နှင့်
ဘာကျား ပိပိသသရုပ်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆို ဘာလို့ သရဲကြီးလို့ခေါ်တာလဲ။

သရဲကြီးနေတဲ့ တောင်ပိုင်းက လူတွေဆီ နိုင်ကြီးမေး ကြည့်တယ်။

ဒီတော့မှ သိရတယ်။

စိုးမင်းက သရဲကိုနိုင်တယ်တဲ့။

သူ့မှာ အစာကျွေးပြီးမွေးထားတဲ့သရဲ ရှိတယ်တဲ့။

ဒီလောက်ပဲ နိုင်ကြီးသိခဲ့တယ်။

အဲ့ကြောင့် အသုဘအရက်ဝိုင်းမှာ ဆုံတုန်း သရဲကြီးစိုးမင်း ကို မေးကြည့်လိုက်တာ။

သရဲကြီးစိုးမင်းက နိုင်ကြီးကို ပြုံးပြီးကြည့်တယ် "ဟုတ်တယ် ပင်း၊ မယုံလို့လား ..."တဲ့။

နိုင်ကြီးကလည်း လက်တွေ့မှယုံတဲ့ကောင်၊ ဒီကြား တောအရက်လေးကလည်းဝင်နေတော့။

"အေး မယုံဘူးကွ၊ ငါက ကိုယ်တိုင်မျက်စိနှင့် မမြင် ဘာမှမယုံဘူး ..."

သရဲကြီးကတော့ ခပ်ပြုံးပြုံးပဲ။

"နိုင်ကြီး၊ မင်းယုံအောင်ပြမယ်။ မင်းဘယ်တော့ကြ ချင်သလဲပြော ..."





"ဒီညကွာ ..."

"အေး ငါပြမယ် တစ်ခုတော့ရှိတယ်။ သရဲကောင်ရဲ့ရုပ် ကိုတော့ မင်းမြင်ရမှာမဟုတ်ဘူးနော်" ဒါပေမယ့် မင်းယုံအောင် ငါပြမယ် ..."

"ရတယ်ကွာ၊ သရဲကိုမြင်ရမှမဟုတ်ဘူး၊ ငါယုံရင်ပြီးတာ ပဲ ..."

ဒီလိုနှင့် ညသန်းခေါင်းယံတိတိမှာ သူ့လက်ထဲကိုလာဖို့ သရဲကြီးက ချိန်းလိုက်တယ်။

ဒါပေမယ့် ပြရတဲ့အတွက် နိုင်ကြီးက ဝက်သားပီသာတွဲ တစ်တွဲပေးရမယ်။

နိုင်ကြီးသဘောတူလိုက်တယ်။

ပြီးတော့ အသုဘအိမ်ညှော်ခံဖို့အကြောင်းပြပြီး ပိုပိုလျှံလျှံ ချက်ပေါ်ရောင်းတဲ့ထဲက နှစ်တွဲဆွဲပြီးအိမ်ပြန်လာခဲ့တယ်။

စိုးမင်းပြောတဲ့စကားအရဆိုရင် တစ်တွဲက သူတို့စားဖို့ တစ်တွဲကတော့ သရဲကျွေးဖို့ဆိုပဲ။



www.burmeseclassic.com

www.burmeseclassic.com



# နှစ်

ညဆယ်နှစ်နာရီထိုးဖို့ နာရီဝက်လောက်အလိုမှာ နိုင်ကြီး အိမ်က ထွက်လာခဲ့တယ်။

သူ့လက်ထဲမှာ ဝါးခြင်းတောင်းတစ်လုံးပါတယ်။

ဝက်သားတွဲတွေကို ခြင်းထဲထည့်ပြီး အပေါ်ကငှက်ပျော ဖက်နှင့် လုံအောင်အုပ်ထားရတယ်။

ဒီလိုမဖုံးမအုပ်ဘဲ ဝက်သားတွဲချည်းဆွဲသွားလို့ကတော့ သရဲလုတာခံရမှာ သေချာသလောက်ပဲ။

တစ္ဆေသရဲတို့၊ နာနာဘာဝတို့ဆိုတာက ညအချိန်မှာ အစာရှာထွက်ကြတာကိုး။

အငတ်ငတ်အပြတ်ပြတ်ဘဝနှင့် လူတွေရဲ့နှပ်၊ သလိ တံတွေးကအစ မစင်အညစ်အကြေးအဆုံးခက်ခက်ခဲခဲရှာစားရတဲ့ အကောင်တွေ။

သားစိမ်း၊ ငါးစိမ်းဆွဲလာတာတွေ့လို့ကတော့ ဘယ်တ သရဲမှအသာကြည့်နေမှာမဟုတ်ဘူး။

အတင်းဝင်ပြီးဆွဲကြမှာပဲ။





ဒါကြောင့် ညဘက်သားစိမ်းငါးစိမ်းသယ်ယူရင် အသားတင်း ပေးရင် လုံအောင်ဖုံးအုပ်ပြီး ပေးတတ်ကြတယ်။

ညဘက်တွေမှာ ဖားရှာ၊ ငါးရှာထွက်နေကျ၊ ငှက်ပစ် ထွက်နေကျမို့ နိုင်ကြီးမျက်လုံးတွေက အမှောင်ထဲမှာ ကျင့်သား ရပြီးသား ...

နိုင်ကြီးဓာတ်မီးမယူခဲ့တော့ဘူး။

မှုံမှားမှားလင်းနေတဲ့ ကြယ်ရောင်ကိုပဲအားကိုးပြုပြီး သာခဲ့တယ် ...

ကြည့်ချင်မြင်ချင် စူးစမ်းချင်တဲ့စိတ်ကြောင့်သာ လာခဲ့ရတာ၊ ညည်းနည်းတော့ ခပ်လန့်လန့်ပဲ။

စိုးမင်းရဲ့လယ်က ရွာအနောက်ဘက် ကျတ်ကုန်းမြေထဲမှာ ရှိတာကြောင့်ပါ။

နိုင်ကြီးပယ်မြောင်းပေါ်က ကန်သင်းရိုးအတိုင်း လျှောက် လာခဲ့တယ်။

လယ်ကွင်းတွေထဲမှာ စပါးတွေမှည့်နေကြပြီ။

တစ်ချို့လယ်တွေမှာ ရိတ်လက်စတာန်းလန်းနှင့်။

လယ်လေးငါးကွက်အကျော်မှာ ပေါက်ပင်ယောင်နှမကုန်းကို ရောက်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



စိုးမင်းရဲ့လယ်တဲက ပေါက်ပင်မောင်နှမ ကုန်းပေါ်မှာ။

လယ်တဲထဲမှာ မီးခွက်ထွန်းထားပုံရတယ်။

တဲထရံကြားကနေ မီးရောင်တွေ့နေရတယ်။

နိုင်ကြီးက စိုးမင်းကို လှမ်းခေါ်လိုက်တယ်။

စိုးမင်းဓာတ်မီးနှင့်ထိုးပြီး နိုင်ကြီးကိုလမ်းပြတယ်။

"ကဲ ရော့ဟော့ ... ငါကတော့ ကတိတည်ပြီနော်..."

နိုင်ကြီးက ဝက်သားထည့်ထားတဲ့ ငါးခြမ်းကိုပေးရင်း ပြောလိုက်တယ်။

"အေးပါ နိုင်ကြီးရ၊ ငါလည်းငါ့သူငယ်ချင်းကိုမှာထားပြီးသားပါ။ မင်းတဲထဲမှာ ခဏနေခဲ့ဦးနော် ..."

စိုးမင်း တဲအပြင်ဘက်အမှောင်ကြီးထဲ ထွက်သွားတယ်။

နိုင်ကြီးကြည့်လိုက်တော့ စိုးမင်းသွားနေတာက တဲရှေ့လယ်တစ်ကွက်အကွာက ပေါက်ပင်ညီနောင်ဆီကို ခဏကြာတော့ စိုးမင်းပြန်လာပြီး နိုင်ကြီးကိုထွက်ခဲ့ဖို့ခေါ်တယ် ...

"နိုင်ကြီး၊ မင်းကြောက်တတ်လား ..."

"မကြောက်တတ်ပါဘူးကွ၊ မင်းကလည်း ..."

"အေးပါ။ မင်းမကြောက်တတ်ရင်ပြီးတာပဲ၊ လာကြည့်လှည့် ..."





စိုးမင်းက နိုင်ကြီးကို ရိုက်လက်စ စပါးခင်းဆီခေါ်သွားတယ်။

သူ့လက်ထဲမှာ စပါးရိတ်တဲ့တံစဉ်ကြီးတစ်ချောင်းကို ကိုင်ထားတယ်။

"ကဲ သူငယ်ချင်းရေ ငါ့ကို စပါးရိတ်ကူပါဦး ဒီအကွက်ထဲက ရိတ်ဖို့ကျန်တာတွေအကုန်ရိတ်ပေးပါ။

သူငယ်ချင်းကိုပြောထားတဲ့အတိုင်း စပါးရိတ်ပြီးတာနှင့် ဝက်သားတစ်ပိသာကျွေးပါ့မယ် ..."

စိုးမင်းက ပါးစပ်ကပြောပြီး တံစဉ်ကြီးကို ကန်သင်းရိုးပေါ်တင်လိုက်တယ် ...။

ခဏနေတော့ တံစဉ်ကြီးဟာ သူ့အလိုလို လေထဲမြောက်သွားတယ်။

နိုင်ကြီး အံ့အားသင့်သွားတယ်။

ကြက်သီးမွေးညှင်းတွေတောင် တဖြန်းဖြန်းထလို့။

အကောင်အထည်မတွေ့ရဘဲ တံစဉ်ကြီးက စပါးတွေရိတ်နေတာကို ရုတ်တရက်သာတွေ့ရရင် လိပ်ပြာစဉ်သွားမှာ အမှန်ပဲ။

ခုတောင်မှ ကျောချမ်းပြီး ကတုန်ကယင်ကြီးခံစားနေရတယ်။

စိုးမင်းရဲ့သူငယ်ချင်းသရဲကို အကောင်သာမမြင်ရတာ



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းထဲမှာတော့ ဇာပြောပြော၊ တဝေါ်ဝေါ်ဆူညံနေတာပဲ။

နာရီဝက်ကျော်ကျော်ကြာမှ အကွက်ထဲက စပါးတွေရိတ်ပြီးသွားတယ်။

စိုးမင်း တဲထဲက ဝက်သားတွဲကြီးသွားယူလိုက်တယ်။

"ကျေးဇူးတင်ပါတယ် သူငယ်ချင်းရေ၊ မင်းတို့ညီလို့ ငါ့လုပ်ငန်းပြီးသွားပါတယ်။ ရော့ ငါ့ကတိအတိုင်းပေးပါတယ်။ မင်းစားဖို့ ဝက်သားပိဿာတွဲကို လာယူပါ ..."

စိုးမင်းက ကျေးဇူးတင်စကားပြောပြီး ဝက်သားတွဲကို မြှောက်ကိုင်ထားတယ်။

ချက်ချင်းဆိုသလိုပါပဲ။

ဝက်သားတွဲကြီးက စိုးမင်းလက်ကလွတ်ပြီး လေထဲပဲ သွားတယ်။

ဝက်သားတွဲ ဝဲပျံသွားတဲ့ဘက်ကို နိုင်ကြီးလိုက်ကြည့်တော့ ညာဘက်က ပေါက်ပင်ကြီးရဲ့အရွက်တွေကြားထဲ ဝင်သွားတာ တွေ့ရတယ်။

နိုင်ကြီး သရဲရိတ်ထားတဲ့ စပါးကောက်လှိုင်းထုံးတွေကို သွားကြည့်တယ်။





ကောက်လှိုင်းထုံးတွေက လူထုံးတာထက်နှစ်ဆကျော် ကျော်ကြီးတာတွေ့ရတယ်။

ပြီးတော့ ကောက်လှိုင်းစည်းဖွဲ့ကြိုးတွေချည်ပုံကလည်း စနစ်တကျအမှန်အကန်ပဲ။

နိုင်ကြီးသရဲရဲ့ စပါးရိတ်ကျွမ်းကျင်တာကို လက်ဖျားခါ ချီးကျူးမိလိုက်တယ်။

အဲဒီညက နိုင်ကြီးတော်တော်နှင့် မပြန်ဖြစ်ဘူး။

စိုးမင်းရဲ့လယ်ထဲမှာ ထမင်းနှင့် ဝက်သားဟင်းချက်စား ကြတယ်။

သုဇာတာကျောင်းက အုန်းမောင်းခေါက်သံကြားမှ ပြန်လာ ခဲ့တယ် ...

အိမ်ခြံဝရောက်တော့ သူလန့်သွားတယ်။

မည်းမည်းအရိပ်ကြီးတစ်ခုက ပိတ်ပြီးရပ်နေတယ်။

သေသေချာချာကြည့်တော့မှ မသိဖြစ်နေတယ်။

မသီက ခါးကြီးထောက်လို့ ...

"တော် ... တစ်ညလုံး ဘယ်ကောင်မအိမ်သွားအိပ် နေတာလည်းပြော၊ ခုပြော"



www.burmeseclassic.com

www.burmeseclassic.com



အသုဘအိမ်မှာလို့တော့ ပြောဖို့မစဉ်းစားနိုင် ကျုပ်အသုဘအိမ် သွားရှာရတာ နှစ်ခေါက်တောင်ရှိပြီ ...

အိမ်မှာ ကျုပ်တစ်ယောက်ထဲထားပြီး တော်တတော့ မယားငယ်အိမ်သွားနေတယ် အီး ဟီး ဟီး ...

မသိ အော်ကြီးတစ်ကျယ်ရန်တွေ့ပြီး ချုံးပွဲချငိုချလိုက်တာကြောင့် ...

ညက သရဲသွားကြည့်ရင်း ကျောချမ်းရ၊ ထိတ်လန့်ရတဲ့ အရှသာတောင် နိုင်ကြီးဆီက ခွေးပြေးဝက်ပြေးထွက်ပြေးသွားပါရော ...။

## သုံး

"စိုးမင်းက ကျတ်ကုန်းမြေထဲမှာ လယ်လုပ်ရင်း တစ်ညမှာ နာနာဘာဝသရဲကြီး တစ်ကောင်နှင့်တွေ့တယ်တဲ့။

သရဲကြီးက ထန်းပင်ကြီးလောက်အရပ်မြင့်တယ်ဆိုပဲ။

သူလည်းလန့်သွားတာပေါ့။

တွေ့တာနှင့် ထွက်ပြေးဖို့လုပ်တယ်တဲ့။

ဒါပေမယ့် သရဲကြီးက





"ငါ့ကို မကြောက်ပါနှင့် ငါမင်းသူငယ်ချင်းလှကျော်လေ" လို့ပြောတယ်တဲ့။

နိုင်ကြီးက သူ့မယားမသိကို သရဲကြီးစိုးမင်းအကြောင်း ပြောပြီး စိတ်ပြေအောင်ချော့နေရတယ်။

"တင်၊ ဒါဆို တောင်ပိုင်းက အရက်သမားလှကျော်ကြီးက သရဲဖြစ်နေတာပေါ့ ..."

"အေးပေါ့တာ ပေါက်ပင်ယောင်နှမကုန်းပေါ်က ညဘက်က ပေါက်ပင်ကြီးမှာနေတာ ဝက်သားတွဲကြီးလေထဲကနေ အဲဒီ ပေါက်ပင်ဆီသွားတာ ငါကိုယ်တိုင်ကို တွေ့ခဲ့တာ ..."

"တော် မကြောက်ဘူးလား ..."

"စိုးမင်းလည်းရှိတယ်၊ ငါကလည်းကြည့်ချင်သိချင်နေတယ်၊ ပြီးတော့ သရဲက အကောင်အထည်မပြဘူးလေ။ ဒါ့ကြောင့် သိပ်တော့ ကြောက်မိဘူး ...

ဒါတောင် သရဲက စပါးတွေရိတ်တာမြင်ရတော့ ကြက်သီးတွေတောင် တဖြန်းဖြန်းထမိသေးတယ်ဟ ...

နေဦး ငါပြောတာ ဘယ်ရောက်သွားပြီလဲ ...

အဲ အဲ သရဲက သူ့အချစ်ဆုံးသူငယ်ချင်း လှကျော်ဖြစ်နေတော့ စိုးမင်းအံ့သြသွားတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီဘဝမှာ စားရသောက်ရဖို့ သိပ်ခက်ခဲတာပဲ သူငယ်ချင်းရာ။

စားစရာရှိရင် ဝါ့ကိုကျွေးပါဦး။

ငါမင်းခိုင်းတာ လုပ်ပေးပါ့မယ်"လို့ သရဲက ပြောသတဲ့။

စိုးမင်းလည်း သူ့သူငယ်ချင်းကို သနားပြီး ကျွေးမွေး စောင့်ရှောက်နေတာတဲ့။

တစ်ခါတစ်ရံတော့လည်း အကူအညီတောင်းပြီး ခိုင်းတာပေါ့ ...

သူက ဒီလိုခိုင်းတာတွေ၊ ပေါက်ပင်မှာ သားစိမ်းငါးစိမ်းတွေချိတ်ပြီး သရဲကျွေးတာတွေကို တစ်ဦးစနှစ်ဦးစ မြင်ရ၊ တွေ့ရင်ကနေ စိုးမင်းသရဲမွေးထားတယ်လို့ နာမည်ကြီးသွားတာ။

အဲ့ကြောင့် စိုးမင်းကိုလည်း သရဲကြီးစိုးမင်းလို့ ခေါ်ကြတာတဲ့ ...

"ဒါဆို ကျုပ်တို့ကြားဖူးသလို၊ သရဲကို ဖဲဝိုင်းတွေ၊ အန်ထောင်ဝိုင်းတွေ ခေါ်သွားပြီး နိုင်အောင်လုပ်လို့မရဘူးလား ..."

"ငါလည်း စိုးမင်းကို ဒီအကြောင်းမေးကြည့်တာ

သူပြောတာကတော့ မရဘူးတဲ့၊ သူတို့မှာ အပိုင်နယ်မြေကန့်သတ်ထားတာရှိသတဲ့။





အဲဒီနယ်မြေအတွင်းမှာပဲ နေရတယ်။ အစာရှာရတယ်တဲ့၊ နယ်ကျော်လို့မရဘူးတဲ့။

တစ်ခုတော့ရှိတယ်။ သူ့နယ်မြေထဲမှာဆိုရင်တော့ ကူညီလို့ရသတဲ့။

အဲ့ကြောင့်စိုးမင်းက တစ်ခါတစ်ခါ သူ့လယ်ထဲမှာချိန်းပြီး အိုက်ကြတာ ဒီလိုရိုက်တိုင်း သူချည်းဝဲနိုင်တာဆိုတော့ သူ့အကြောင်း သိသွားကြတယ်။

အဲ့ကြောင့် သူ့လယ်ထဲမှာ ဘယ်သူမှလာပြီး ဖဲမရိုက်ကြတော့ဘူးတဲ့ ...။

ငါက အသုဘအိမ်မှာ စိုးမင်းကိုတွေ့တော့ သိချင်တာနှင့်မေးကြည့်တယ်။

စိုးမင်းက ညကျရင်လာခဲ့ဆိုလို့ သွားကြည့်တာပါဟာ။

ဘယ်မိန်းမအိမ်မှ သွားတာမဟုတ်ပါဘူး ..."

နိုင်ကြီး ဒီလောက်ရှင်းပြတော့မှ မသီစိတ်ဆိုးပြေသွားတယ်။

အဲပေမယ့် မသီပြောလိုက်တော့ စကားကြောင့် နိုင်ကြီးချက်လုံးပြူးသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မသီက သူလည်းကြည့်ချင်တယ်"တဲ့လေ။

နိုင်ကြီးက လန့်သွားမှာစိုးလို့ မကြည့်ဖို့တားတယ်။

မသီကတော့ "တော်လည်းပါမှာပဲ မရဘူး၊ ကြည့်မှာပဲ" တဲ့ ဗွတ်၊ နောက်ဆုံးဘယ်လိုမှ ပြောမရတာနှင့် နိုင်ကြီးသဘော တူလိုက်ရတယ်။

"စိုးမင်းနှင့် တိုင်ပင်ပြီးရင် သွားကြည့်မယ်"လို့လည်း ကတိပေးလိုက်ရတယ်။

နိုင်ကြီးနှင့် မသီဆိုတာ ခန္ဓာကိုယ်အနေအထားချင်း ဆင်နှင့်ဆိတ်လိုကွာတယ်။

နိုင်ကြီးက အရပ်ခြောက်ပေနီးပါး ထွားထွားကျိုင်းကျိုင်း သန်သန်မာမာ။

မသီက ပုပုသေးသေးညှက်ညှက်။

ဒါတောင် နိုင်ကြီး မသီကို ကြောက်ရတယ်။

ဘာ့ကြောင့်လည်းမသိဘူး။

အင်းလေ ချစ်လို့၊ ချစ်လို့ပဲဖြစ်မှာပါနော်။





## လေး

ဒီနေ့ သရဲကြီးနှင့်ချိန်းထားတဲ့ည။

တစ်ရွာလုံးအိပ်မောကျပြီး တိတ်ဆိတ်ငြိမ်သက်နေချိန်မှာ နိုင်ကြီးနှင့်မသီတို့လင်မယား အိမ်ကထွက်လာကြတယ်။

ထုံးစံအတိုင်းပဲ၊ နိုင်ကြီးလက်ထဲမှာ ဝက်သားနှစ်တွဲထည့်ထားတဲ့ ဝါးခြင်းတစ်လုံးကို ကိုင်လာတယ်။

"မသီ နင် ဖြစ်ရဲ့လား ... မဖြစ်ရင်ပြောနော်၊ လှည့်ပြန်ကြမယ် ..."

နိုင်ကြီး သူ့မယားမသီကြောက်မှာ အရမ်းစိုးရိမ်နေတယ်။

တုတ်တော့တုတ်တယ်။ အကြောက်လွန်ပြီး မသီတစ်ခုခု ဖြစ်သွားရင် နိုင်ကြီးပဲ ရင်ကျိုးရမှာ။

မသီကလည်း အာဂသတ္တိခဲ။

"ဖြစ်ပါတယ်တော် တော်ကလည်း၊ ကျုပ်ကိုများ အထင် သေးလိုက်တာ မသီတဲ့ လုံးဝမကြောက်ဘူး ..."

မသီဆီက ရဲရဲတောက်အသံကြားမှ နိုင်ကြီးစိတ်ချသွား တယ်။

ဒါတောင်လုံးလုံးစိတ်ချတာတော့ မဟုတ်သေးဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် သိပ်တော့ ကိစ္စရှိမှာမဟုတ်ပါဘူး။

သရဲကြီးစိုးမင်းကို ပြောပြပြီးသား။

မသီသိရုံသဘောလောက်ပဲ ပြဖို့။

ဒီလိုနှင့် သူတို့လင်မယား ပေါက်ပင်မောင်နှမကုန်းကို ရောက်လာကြတယ်။

နိုင်ကြီးအသံပေးလိုက်တာကြောင့် စိုးမင်းလယ်ထဲကနေ ထွက်လာပြီးကြိုတယ် ...

"မသီနှင် မကြောက်နှင့်နော်"လို့ စိုးမင်းကပြောတယ်။

"အေးပါတာ"လို့ မသီပြောပေမယ့် အသံကနည်းနည်း တုန်နေတယ်။

မကြောက်ဘူးဆိုပေမယ့် မသီစိတ်လှုပ်ရှားနေတာတော့ သေချာတယ်။

ခဏတစ်ဖြုတ် စကားပြောပြီးတာနှင့် စိုးမင်းက သူ့အစ် အစဉ်က စတယ်။

"နိုင်ကြီးရေ မင်းနှင့်မသီ ဟဲပေါက်ဝကပဲ ရပ်ကြည့်နေကြ

ငါ ပေါက်ပင်ကနေ ငါ့သူငယ်ချင်းရဲ့ကျောကိုစီးပြီး တဲ ပြန်လာမယ်။

မသီလည်း ဒီလောက်ကြည့်ရရင် တော်ပြီပေါ့နော်။





ငါတို့လာရင် နိုင်ကြီးက ဝက်သားတစ်တွဲ မြှောက်ကိုင် ထားပေး ...

လှကျော် ဆွဲယူလိမ့်မယ်။ ဘာမှမကြောက်နှင့် ..."

မှာစရာရှိတာ မှာပြီးတာနှင့် စိုးမင်းပေါက်ပင်ကြီးဘက် ထွက်သွားတယ်။

နိုင်ကြီးက ဝက်သားတွဲတစ်တွဲ ယူလိုက်တယ်။

ပြီးတော့ မသီကို ခေါ်ပြီးတဲပေါက်ဝ ထွက်လာခဲ့တယ်။

မသီကိုကြည့်ပြီး နိုင်ကြီး ရီတောင်ရီချင်လာတယ်။

မိန်းမတွေများ တယ်ခက်တာပဲ။

"ကြောက်မယ် မကြည့်ပါနှင့်"ဆိုတော့ လုံးဝပြောလို့ ရဘူး။

တော ကြည့်ရတော့မယ်ဆိုတော့လည်း ကြောက်နေပြန် ရော ...

တုတ်တယ်၊ ဘာမှမတွေ့၊ မမြင်ရခင်ကတည်းက မသီ ကြောက်စိတ်ပေါ်နေပြီ။

မသီကိုယ်လုံးလေး နည်းနည်းတုန်နေတယ်။

လက်မှာလည်း ချွေးတွေစို့ပြီး အေးနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့လင်မယား ပေါက်ပင်ကြီးရှိရာ အမှောင်ထဲကို မျှော်
ကြည့်နေကြတယ် ...

မှောင်နေတယ်ဆိုပေမယ့် ဘာမှမမြင်ရအောင် ပိန်းပိန်း
ပိတ်မှောင်နေတာမဟုတ်ဘူး။

"ဆန်းရှစ်ရက်လရောင်ရှိတယ်၊ ကြယ်ရောင်တွေရှိတယ်"

ဆိုရရင် သဲသဲကွဲကွဲထင်ထင်ရှားရှား မဟုတ်တောင်
ခပ်လှမ်းလှမ်းထိ အရိပ်အယောင်တော့ မြင်ရတယ်။

တော်တော်လေးကြာတော့ ပေါက်ပင်အောက်က မည်းမည်း
အရိပ်ကြီးတစ်ရိပ် ထွက်လာတာကို မှုန်မှုန်မှုန်မြင်လိုက်ကြရတယ်...

မသီ ပူးပူးကပ်ကပ်တိုးလာတာ နိုင်ကြီးသတိပြုမိလိုက်
တယ်။

နိုင်ကြီးက "ငါတစ်ယောက်လုံးရှိတယ် မကြောက်ပါနဲ့"
ဆိုတဲ့သဘောနဲ့ မသီရဲ့လက်ကောက်ဝတ်ကို တင်းတင်းဆုပ်ကိုင်
ထားတယ်။

မည်းမည်းအရိပ်တဖြေးဖြေးနီးလာလေ မသီက နိုင်ကြီး
...က်တိုးကပ်လာလေနှင့် နောက်ဆုံးမှာ မသီ၊ နိုင်ကြီးရဲ့ ကျော
နောက်ကို ရောက်သွားတယ်။

မရဲတရဲ ခေါင်းပဲထွက်ပြီးကြည့်နေတယ်။





လက်တွေကတော့ နိုင်ကြီးရဲ့ နောက်ဘက်က ပုဆိုးစကို
တင်းနေအောင် ဆွဲထားလေရဲ့ ...

တဖြေးဖြေး မည်းမည်းအရိပ်ကြီးက နီးလာတယ်။
တစ်စတစ်စ ထင်ရှားလာတယ်။

"အမလေး"

မသီလန့်အော်လိုက်တယ်။

တုတ်တယ်။ မြင်ရတဲ့ မြင်ကွင်းက မသီအတွက် ထိတ်လန့်
တုန်လှုပ်စရာပါပဲ။

စိုးမင်းက သူမှာသွားသလိုပဲ။

သူ့သူငယ်ချင်းရဲ့ကျောကို စီးလာတယ်။

ဒါပေမယ့် သရဲအကောင်ကို မမြင်ရဘူး။

ကျောပိုးစီးတဲ့ အနေအထားနှင့် စိုးမင်းကိုပဲ လေထဲ
မျောနေတာ တွေ့ရတယ်။

နိုင်ကြီးတောင် အမှတ်တမဲ့ မင်တက်မိသလို ဖြစ်သွား
တယ်။

ကတောင်ချောက်ချားတောင်ဖြစ်လို့ ...

ပါးစပ်အဟောင်းသားနှင့် ငေးကြည့်နေမိတယ် ...

စိုးမင်းက မလှမ်းမကမ်းထိရောက်လာပြီ။



www.burmeseclassic.com

www.burmeseclassic.com



"နိုင်ကြီး၊ ဝက်သားတွဲကို မြှောက်ထားပေး၊ မြှောက်ထားပေး ..."

စိုးမင်းအော်သံကြားမှ နိုင်ကြီးသတိရပြီး ဝက်သားတွဲကို ကိုင်မြှောက်ပေးလိုက်တယ် ...

"သူငယ်ချင်းရေ မင်းစားဖို့ ဝက်သားတွဲကို အသာအယာ ယူလိုက်နော်"ဆိုတဲ့ စိုးမင်းရဲ့ အသံကို ကြားလိုက်တယ်။

ခဏနေတော့ နိုင်ကြီးလက်ထဲက ဝက်သားတွဲဟာ တစ်ယောက်ယောက်က ဆွဲယူလိုက်သလိုခံစားလိုက်ရပြီး လေပေါ် မြောက်သွားတယ် ...

"ကဲ သူငယ်ချင်းရေ ငါတို့ပေါက်ပင်ကိုပြန်ကြစို့ ..."

မသီကြောက်မယ်ဆိုလည်း ကြောက်စရာပါပဲ။

စိုးမင်းဟာ ကျောပိုးစီးရက် အနေအထားနှင့် လေထဲမှာ ကျောခိုင်းပြီး ပေါက်ပင်ကြီးဘက်ပြန်လှည့်သွားတယ်။

ဝက်သားတွဲကြီးကလည်း ဘယ်သူမှမကိုင်ပဲ လေထဲမှာ ပြီးလိုက်သွားတယ်။

စိုးမင်း ပေါက်ပင်ကြီးအောက်အမှောင်ထိုပ်မှာ ပျောက်သွားမှ နိုင်ကြီးမသီကို သတိရတော့တယ်။





မသီကိုကြည့်လိုက်တော့ ပါးစပ်အဟောင်းသား မျက်လုံး ကြောင်ကြောင်နှင့်။

နိုင်ကြီးစိုးရိမ်သွားတယ်။ ထိတ်လန့်တုန်လှုပ်သွားတယ်။

"မသီ ... မသီ ... မသီ ..."

ပုခုံးကိုပုတ်ပြီး အဆက်မပြတ်လှုပ်နှိုးတယ်။

မသီ ခွေခနဲ ပုံကျသွားတယ်။

အဲဒီအချိန်မှာ စိုးမင်းပြန်ရောက်လာတယ်။

"မသီဘာဖြစ်လို့လည်း"လို့မေးတယ်။

"အကြောက်လွန်ပြီး သတိမေ့သွားတာနှင့် တူတယ်ကွ"

နိုင်ကြီး ဒီလောက်ပဲပြောနိုင်တယ်။

မသီကိုယ်လုံးလေးကို ဇွေ့ခနဲပွေ့ပြီး ပုခုံးပေါ်တင်၊ အိမ်ကို တန်းပြေးလာခဲ့တယ်။

အိမ်ရောက်တော့ မသီကို အိပ်ရာကုတင်ပေါ်အသာအယာ ချပြီး အဘဆရာပြေးပင့်ဖို့လုပ်တယ်။

ဒီတုန်းမှာပဲ မသီဆီက တဟားဟားနှင့်အူလှိုက်သည်း လှိုက်ရယ်သံကြီးထွက်လာတယ်။

သရဲပူးတာလား၊ တစ္ဆေကပ်လာတာလား။



www.burmeseclassic.com

www.burmeseclassic.com



နှင်းကြီးစိတ်ပူနေတုန်းမှာပဲ မသီပါးစပ်က အသံထွက်လာတယ်။

"ကိုနှင်း၊ ငါ့ဘာမှမဖြစ်ဘူး။ အိမ်ကိုလမ်းလျှောက်ပြန်ရရင် ခြေညောင်းမှာစိုးလို့ နှင့်ပခုံးပေါ်က လိုက်ရအောင်ကြံလိုက်တာ" တဲ့ ကောင်းရော။ ။

မသီအတွက် စိုးရိမ်သောကကြီးစွာ ပူပင်ခဲ့ရတဲ့နှင်းကြီးခမျာ စိတ်ဆိုးရမလိုလို၊ ဝမ်းသာရမလိုလို။

ကယောင်ချောက်ချားတောင် ဖြစ်သွားတယ်။

အော်၊ မသီ မသီ။

နှင်းကြီးလိုကျားကိုးစီးစားမကုန်တဲ့ ယောကျ်ားရင့်မာကြီး ကိုတောင် စကားလေးတစ်ခွန်းထဲနှင့် မှတ်နေအောင်လှည့်ပစ်လိုက်နိုင်တဲ့ မသီပါလားနော်။ ။

❖ ❖ ❖



# မရှေးအောင်ငွေကြေး

အိပ်တန်းတက်နေတဲ့ငှက်တွေဝုန်းခနဲပျံကြတယ်။

ထိတ်လန့်စရာကောင်းအောင် ဆူဆူညံညံအသံတွေ မြည်ကြွေးအော်ဟစ်ကြတယ် ...

အဲဒီတုန်းမှာပဲ အဝေးကြီးကနေ အသံနက်ကြီးနှင့် ဟားတိုက်ရယ်လိုက်သံကြီးကို ကြားရတယ်။

ရယ်သံကြီးက တဖြေးဖြေး နီးနီးလာတယ်။

ငမောင်တို့တစ်ဖွဲ့လုံး တစ်စတစ်စ သွေးပျက်လာကြတယ်။

ချောက်ချောက်ချားချား ဖြစ်လာကြတယ်။

အဲဒီအချိန်မှာပဲ အသံတွေအားလုံးက ရုတ်တရက်ဖြတ်ချလိုက်သလို တုံ့ခနဲရပ်သွားတယ်။

တောကြီးတောင်ကြီးထဲမှာ အမှောင်ထုကြီးပဲကြီးစိုးနေတယ်။

ညပိုးပုရစ်မြည်သံနှင့် မီးပုံကြီးက တဖျစ်ဖျစ် တဖြောက်ဖြောက် တောက်လောင်နေတဲ့အသံပဲကြားနေရတယ်။

"ဒါတောချောက်တာပဲ"

ငမောင်က ပြောလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



## တစ်

သွေးသံတရဲရဲနှင့် မေ‌ောင်ရဲ့ ...

ရုပ်ပျက်ဆင်းပျက်အဖြစ်က မြင်ရက်စရာမရှိ။

တကယ့်သွေးပျက်ထိတ်လန့်စရာမြင်ကွင်း။

နိုင်ကြီးရဲ့ ဘဝတစ်သက်တာ ဘယ်သောအခါမှ မေ့ပျောက်နိုင်မှာမဟုတ်တဲ့မြင်ကွင်း။

ရယ်ရယ်မောမော စကားတွေပြောနေရင်း ...

ပျော်ပျော်ပါးပါး အတူတကွအလုပ်လုပ်နေရင်း ...

မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြတ်အတွင်းမှာ ...

ကျောက်တောင်ကြီးပြိုကျလာ ...

ဝုန်းခနဲအသံကြီးနှင့် နိုင်ကြီးကျောက်လိုဏ်ရဲ့ အပြင်ဘက်လွင့်စင်သွား ...

ကျောက်ကျင်းထဲကျန်ရစ်တဲ့ မေ‌ောင်ရဲ့ အပေါ်...

ကျောက်တုံးကျောက်ခဲကြီးတွေ တဝုန်းဝုန်းကျဆင်းထိမှန်အသံနက်ကြီးနှင့် မေ‌ောင်ရဲ့ အော်တစ်သံကြီး ...

ကျောက်တုံးကျောက်ခဲတွေက အဆက်မပြတ်တဝုန်းဝုန်းကျဆင်းနေဆဲ။

နာရီဝက်မျှလောက်ကြာမှ ရပ်တန့်ငြိမ်သက်သွားတယ်။





ကျောက်တောင်ပြိုကျသံကြောင့် တစ်ရွာလုံးက လုပ်အားပေးနေတဲ့လူအုပ်ကြီး အခင်းဖြစ်နေရာကို ရောက်လာကြတယ်...

"ကျောက်လိုဏ်ထဲမှာ မေ‌ောင်ကျန်နေတယ် ...

မေ‌ောင့်ကို အမြန်ကယ်ကြပါဦး ..."

နိုင်ကြီးရဲ့ အော်သံကြောင့် အားလုံးသွေးဆူသွားကြတယ်...

လူအုပ်ကြီးရဲ့အင်အားနှင့် ကျောက်တုံးကျောက်ခဲတွေကို ဖယ်ရှားရှင်းလင်းကြတယ် ...

ငါးနာရီလောက်ကြာမှ မေ‌ောင်ကိုရတယ် ...

အသက်မသေသေးဘူး ...

ငွေ့ငွေ့ကျန်နေသေးတယ် ...

ပါးစပ်က သွေးတွေတပွက်ပွက်အန်နေတယ် ...

ခေါင်းမှာလည်း တက်တက်ကြဲကွဲလို့။

အဏ်ရာကြီးထဲက သွေးစီးတွေတစိမ့်စိမ့်၊ တစိမ့်စိမ့်ထွက်ကျနေဆဲ ...

ခြေထောက်ရိုးတွေက ကြေမွ၊ အတက်ကွဲ ...

ကျောက်ချွန်ကြီးတစ်စကလည်း ဝမ်းဗိုက်ထဲစိုက်ဝင်လို့..

သွေးသံတရဲရဲနှင့်မေ‌ောင်၊ ရုပ်ပျက်ဆင်းပျက်မေ‌ောင် ...



www.burmeseclassic.com

www.burmeseclassic.com



တကယ့်သွေးမျက်ထိတ်လန့်စရာ မမြင်ရက်စရာ မြင်ကွင်းပါပဲ ...

## နှစ်

ကွန်းနောက်ရွာမှာ နာမည်ရ မုဆိုးနှစ်ယောက်ရှိတယ်။

တစ်ယောက်က နိုင်ကြီး၊ နောက်တစ်ယောက်က မောင်။

နိုင်ကြီးက မြောက်ပိုင်းမှာနေပြီး မောင်က တောင်ပိုင်းသား။

တစ်ခုတော့ရှိတယ်။

မုဆိုးချင်းတူပေမယ့် စရိုက်ချင်းမတူဘူး။ ကျွမ်းကျင်တာချင်း မတူဘူး။ စားကျက်ချင်းလည်း မတူဘူး။

နိုင်ကြီးက လေသေနတ်ပစ် ဝါသနာပါလို့ မုဆိုးဖြစ်ရတာ။

သူ့ရဲ့သားကောင်က ငှက်တွေပဲ။

ပြီးတော့သူက စားဖို့ပဲ၊ စီးပွားရေးမပါဘူး။

ရင်းနှီးခင်မင်သူတွေက ငှက်သားကြော်စားချင်လို့ ကူညီပေးပါဦးဆိုမှ ရံဖန်ရံခါ ရောင်းစားတာ။

သူ့စားကျက်မြေက ရွာအနောက်ဘက် မနီးမဝေးက တောတိရစ္ဆာန်အကုန်လို့ပဲ ပြောရမယ်။





ကျော့ကွင်း၊ ထောင်ချောက်၊ ပြောင့်ကျင်း။

ရိုးမထဲက သားကောင်ကိုဖမ်းဖို့ နည်းလမ်းမှန်သမျှ သူ အကုန်နားလည်တယ်။

ကျွမ်းကျွမ်းကျင်ကျင်လည်း လုပ်တတ်တယ်။

ဒါပေမယ့် သူက စီးပွားရေးဆန်တယ်။

ငွေ များများမျက်မျက်လေးရမယ့် အကောင်ကြီးတွေကိုမှ လုပ်ချင်တယ်။

ရေတော်တုန်း ရေတွင်းထဲကျဆိုသလိုပဲ။

သောင်းကျန်းသူကာကွယ်ဖို့ ကွန်းနောက်မှာ ပြည်သူ့စစ်အဖွဲ့ ဖွဲ့တယ်။ သေနတ်တပ်ဆင်ပေးတယ်။

သေနတ်က ၃၀၃ ရိုင်ဖယ်ကြီးတွေ။

အမဲကြီးပစ်လို့ သိပ်ကောင်းတဲ့အမျိုးအစားထိလည်း ထိရောက်တယ်။

သေနတ်ကပြောင်းရှည်၊ ပြောင်းရဲ့အတွင်းမှာပါတဲ့ အရစ်တွေကစိပ်တယ်။

ဒသသမ ၃၀၃ ကျည်ဆံကလည်းယမ်းပြင်းတယ်။

ရှေ့ကအပေါက်သေးသေးနဲ့ဝင်ပြီး ခန္ဓာကိုယ်ထဲကို မွှေ့ပြီးဖြတ်။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဖက်က ထွက်သွားတဲ့အပေါက်ကျတော့ အကြီးကြီး ပွင့်ထွက်သွားတာ။

စာဆိုတောင်ရှိရဲ့။

ရိုင်ဖယ်၊ တိုင်မကွယ်နှင့် မိုင်နှစ်ဆယ်တောင်မလွတ်ဘူးတဲ့။

မောင်ပြည်သူ့စစ်ထဲရအောင်ကြံဖန်ဝင်တယ်။

တပ်ကပို့ချတဲ့ လက်နက်သင်တန်း၊ စစ်သင်တန်းပြီးတော့ မောင်ပြည်သူ့စစ်ဖြစ်ပြီ၊ သေနတ်ကိုင်ရပြီ။

သေနတ်ကိုအိမ်မှာ ပေးထားတာဆိုတော့ ပိုပြီး အကြိုက်တွေ့တာပေါ့။

လစ်ရင်လစ်သလို သေနတ်ယူပြီး ရိုးမပေါ်တက်သွားတယ်။

တောဝက်၊ ဂျီ၊ ဆတ်၊ မျောက်တွေ့ရာ ပစ်တော့တာပဲ။

ရရင်အသားတွဲတွေ ထမ်းပြန်လာပြီးရောင်းတယ်။

ပြည်သူ့စစ်အဖွဲ့ခေါင်းဆောင်နှင့် ရွာသူကြီးကိုတော့ အသားတစ်တွဲလောက်၊ ဝမ်းတွင်းသားကလီစာလောက်ပို့ပေးလိုက်တယ်။

တဖြေးဖြေးကြာလာတော့ မောင်သေနတ်ကို ဖွက်ပြီးယူသွားစရာမလိုတော့ဘူး။

မြင်မြင်ထင်ထင်ပဲ၊ သေနတ်လွယ်ပြီးရိုးမပေါ်တက်လို့ရပြီ။





အမဲပစ်တဲ့အထဲမှာ မောင်အပစ်ချင်ဆုံးက မျောက်တွေပဲ။

မျောက်တွေကိုကြိုက်တဲ့ အပင်အောက်က အသာပုန်းပြီး စောင့်နေရုံပဲ။

အချိန်တန်တော့ တစ်ပင်နှင့်တစ်ပင် တလွှားလွှားခုန်ကူးပြီး မျောက်တွေရောက်လာတယ်။

အကြိုက်ဆုံးအကောင်ကို ရွေးပစ်လိုက်တယ်။

မောင်က အညှာအတာကင်းတယ်။

ဘုန်းခနဲကျလာတဲ့မသေမရှင်မျောက်ကို လည်ပင်းဓားနှင့်ပြီးလှီးတယ်။

ထွက်လာတဲ့သွေးကို ပါးစပ်နှင့်စုပ်တယ်။

ကာမအားတိုးဆေးတဲ့။

တစ်ခါတစ်ခါ မျောက်မကြီးကိုပစ်ချမိရင် ဖက်တွယ်ထားတဲ့ မျောက်ကလေးတွေပါ အရှင်ရတတ်တယ်။

မောင်ကတော့ အရှင်၊ အသေရွေးမနေဘူး။

ရတဲ့မျောက်မှန်သမျှ လည်ပင်းလှီးပြီး မျောက်သွေးစုပ်တော့တာပဲ။

ရက်စက်လွန်းအားကြီးလို့ သူနှင့်အဖော်လိုက်တဲ့ လူမိုက်တွေတောင် လက်လန်ရတယ်။ ။



www.burmeseclassic.com

www.burmeseclassic.com



ငမောင်ရဲ့ လောဘစိတ်တွေကလည်း ခရုချောင်းဖျားမှာ ပုဂ္ဂလိက ဆင်ကြီးတစ်ကောင်ကို ပစ်သတ်ပြီး အစွယ်ဖြတ်ယူတဲ့ အဆင့်ထိကြီးမားလာခဲ့တယ်။

## သုံး

"ကိုင်းဟာ ... ကိုင်းတာ ... သေစမ်း ... သေစမ်း ..."

ငမောင်ရဲ့မျက်နှာကြီးက ကြောက်စရာကောင်းနေတယ်။

သူ့မျက်နှာပေါ်မှာ ခက်ထန်၊ ကြမ်းတမ်း၊ ရက်စက်မှု မီးတောက်တွေ တဝုန်းဝုန်းတောက်လောင်လို့။

သူရောက်နေတဲ့နေရာက –

မင်းပုန်းရွာဟောင်းအထက် ဒီနေရာက နာမည်ကြီး ဒီချောင်းဆုံနေရာရဲ့ အထက်ဘက်၊ ကွန်းချောင်းပေါ်မှာ အရပ်အခေါ် ဆင်မကုတင်ဆိုတဲ့ နေရာရှိတယ်။

ကုတင်ဆိုတာက ရေတံခွန်ကိုပြောတာ။

အဲဒီအနီးမှာ ဆင်ဝပ်နေတဲ့ပုံစံ ကျောက်တုံးကြီးတစ်တုံး ရှိတယ်။

အဲဒါကြောင့် ဆင်မကုတင်လို့ခေါ်တာ။





မင်းပုန်းဆိုတာ ဟိုတုန်းက တောင်ပေါ် ကရင်တွေနေတဲ့ ရွာ။

တစ်နေ့မှာ ကရင်တွေစိုက်ပျိုးထားတဲ့တောင်ယာခင်းတွေကို ဆင်တစ်ကောင်ဝင်ပြီး ဖျက်ဆီးစားသောက်ထားတာ တွေ့ရသတဲ့...

ကရင်တွေလည်း ဖျက်ဆီးတဲ့ဆင်ရဲ့နောက်ကို ခြေရာခံပြီး လိုက်ကြည့်ကြတာပေါ့ ...၊

ဆင်ခြေရာတွေက ဆင်မကုတင်အနီးမှာပဲ ဆုံးသွားတယ်။

ဆင်ကိုလည်း ရှာမတွေ့ဘူး။

နောက်နေ့တော့၊ ကရင်တွေက တောင်ယာအနီးကနေ ချောင်း ချောင်းပြီး ကြည့်ကြတယ် ...။

ညကျတော့ ဆင်ကြီးတစ်ကောင်လာတာပါပဲ။

ဆင်ကြီးနောက်ကို တိတ်တိတ်လေး လိုက်သွားကြတော့မှ အကြောင်းစုံကို သိကြရတယ်။

ဆင်ဝပ်နေတဲ့သဏ္ဌာန် ကျောက်တုံးကြီးက အသက်ဝင်လာပြီး တောင်ယာတွေကို စားသောက်ဖျက်ဆီးတာပေါ့ ...။

အဲ့ဒါနဲ့ပဲ ကရင်တွေက ဆင်ဝပ်နေတဲ့ပုံ ကျောက်တုံးကြီးကို ခွဲဖျက်ဆီးလိုက်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီညမှာပဲ ရွာသူရွာသားတွေဟာ ဆင်အော်သံကြီးကို ကြားကြရတယ်။

ဆင်အော်သံက နားမခံသာအောင် ကျယ်လောင်လွန်းသတဲ့

ဆင်အော်သံကို ကြားရပြီးတဲ့နောက် ရွာမှာ အဖျားအနာ တွေ ထူပြောလာပြီး လူတွေသေကြသတဲ့ ...။

ဒီနှင့်နောက်တစ်နေရာကို ရွာပြောင်းကြတယ်။

အဲဒီနေရာကလည်း ဆင်အော်သံကြီးကို ကြားရပြန်သတဲ့

လူတွေလည်းဆက်ပြီး သေနေတုန်းပဲတဲ့။

နောက်တော့၊ ရွာရွှေ့ရင်း ချောင်းတစ်ချောင်းရဲ့အနီး ရောက်လာတယ်။

အဲဒီနေရာရောက်မှပဲ ဆင်အော်သံကြီးကို မကြားရတော့ ဘူး။ လူတွေလည်း မသေကြတော့ဘူးတဲ့။

ဒါကြောင့် အဲဒီချောင်းကို "ကရင်မသေချောင်း" လို့ နာမ ပေးထားကြတာ။

ကရင်တွေ ထုခွဲဖျက်ဆီးလိုက်တဲ့ နေရာမှာပဲ ကျော ဆင်ရုပ်ကြီးတစ်ရုပ်ပြန်ဖြစ်နေတာ တွေ့ကြရတယ်။

အဲဒီ ဆင်မကုတင်၊ ကျောက်ဆင်ရုပ်ကြီးနှင့် ကရင်မ ချောင်းတွေဟာ ခုထိ ရှိနေတုန်းပဲ။





ခု၊ မောင်ဖေသာ အမျက်ချောင်းချောင်း ထွက်နေတာလည်း ကျောက်ဆင်ရုပ်ကြီးအနီးမှာ။

ချောင်းကမ်းကိုလာတဲ့ မောင်နှင့် ကျောက်ဆင်ရုပ်ကြီးနှင့် ကပ်ပြီး အရိပ်ခိုနေတဲ့ ဖွတ်ကျားကြီးတစ်ကောင် ဆုံမိတာ။

ဖွတ်ကျားကြီးက အသက်ဘယ်လောက် ရှည်နေပြီလဲ မသိဘူး။

ခြောက်ပေကျော် ခုနစ်ပေလောက်ရှိနေပြီ။

မောင်ကို ဖွတ်ကြီးက အရင်တွေ့ပြီး တိုက်ခိုက်တာ၊

အမြီးနှင့်ဗုန်းခနဲ ရိုက်ချလိုက်တာ

မောင်ကျောကော့ပြီး ရေထဲကျသွားတယ်။

ရုတ်တရက်ဆိုတော့ မိချောင်းကြီးလားလို့တောင် ထင်မိ တယ်။

နောက်မှ ကိုယ်လုံးပေါ်က အဝါ၊ အနက်ကွက် အစပြောက်ကြီးနှင့် နှုတ်သီးကိုမြင်မှ ဖွတ်ကြီးမှန်း သိလိုက်တာ။

မောင်ရေထဲက အမြန်တက်တယ်။

သေနတ်က လက်ထဲမှာပေမယ့် ချက်ချင်းအသုံးချလို့ ရဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဖွတ်ကြီးက အဆက်မပြတ်အမြီးနှင့်ရိုက်ပြီး တိုက်ခိုက်နေတယ်။

ငမောင်ခပ်လှမ်းလှမ်းထိ ပြေးပြီးမှ၊ ပြန်လှည့်၊ သေနတ်မောင်းတင်ပြီး ဖွတ်ကြီးရဲ့ခေါင်းကိုပစ်ချလိုက်တယ်။

ဖွတ်ကြီးခေါင်းလည်ပြီး ပက်လက်လန်သွားတယ်။

ချက်ချင်းမသေဘူး၊ အမြီးက တဗုန်းဗုန်း ရိုက်နေတုန်း။

ဘယ်လိုပဲဖြစ်ဖြစ်၊ ဖွတ်ကြီးကို ရတာသေချာနေပြီ။

ဘာမှလုပ်စရာမလိုတော့ဘူး။ ငြိမ်သက်သွားတဲ့အထိ စောင့်ပြီး ဝါးလုံးလျှို အဖော်နှင့်ထမ်းသွားရုံပဲ။

ဒါကိုပဲ ငမောင်က ဖွတ်ကြီးဆီ ပြေးသွားတယ်။

ချောင်းစပ်က ကျောက်တုံးကြီးတစ်တုံးရှာပြီး ဖွတ်ကြီးရဲ့ခေါင်းကို ဒေါသတကြီးနှင့်ထုတယ်။

ကြေမွနေအောင်ကိုထုတယ်။

တော်တော်ကြာတော့ ဖွတ်ကြီးငြိမ်သက်သွားတယ်။

ဖွတ်ကြီးသေသွားတာတောင် ငမောင်က အခဲမကြေသေးဘူး။

သူ့ကျောကို အမြီးနှင့်ရိုက်ထားတဲ့အတွက် ကလဲ့စားချေချင်တုန်း ....။





ဖွတ်ရဲ့ဗိုက်မှာ အပေါက်တစ်ပေါက်ဖောက်ပြီး ဖွတ်အမြီးကို ထိုးထည့်လိုက်တယ် ...။

## လေး

ဒီအပြုအမူတွေဟာ တောထဲတောင်ထဲမှာ မလုပ်ကောင်းတဲ့ အပြုအမူတွေ ...၊

မုဆိုးလုပ်နေတဲ့ ငမောင်လည်းသိတယ်။

တောထဲမှာ "မဟုတ်မက"တွေ မလုပ်ရဘူး။

"မဟုတ်"ဆိုတာက မမှန်တာ၊ သဘာဝမကျတာ။

"မက"ဆိုတာက လိုတာထက် ပိုတာ၊ လွန်ကဲတာ။

မဟုတ်မကတွေလုပ်ရင် တစ်ခုခုဖြစ်တတ်တယ်။ တောချောက်တတ်တယ်။

ဆိုးတဲ့နေရာဒေသဆိုရင် အသက်သေအောင်ထိ လုပ်တတ်တယ်။

ဒါကို ငမောင်သိပြီးသား ...။

သိရုံတင်မကဘူး၊ ကိုယ်တွေ့တောင် ကြုံဖူးသေးရဲ့၊

တစ်ခါတုန်းက ရိုးမပေါ်မှာ ကရင်တဲတစ်တဲတွေ့လို့ ငမောင်ကြက်ဖတစ်ကောင် ဝယ်ခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နားတဲ့စခန်းရောက်တော့ ချက်စားဖို့ ကြက်ကို သတ်တယ်။

ကြက်သတ်ရင် လည်ပင်းလိမ်၊ အတောင်ပံကြားထဲ ခေါင်းညှပ်ပြီး သတ်နေကျ ငမောင် …

ဒီနေ့ကြက်သတ်တော့ သစ်ပင်နှင့် ကြက်ရဲ့ခေါင်းကို ရိုက်ပြီးသတ်တယ်။

မထင်မှတ်ဘဲ ကြက်ခြေသည်းက သူ့လက်ကို ခြစ်မိပြီး သွေးနည်းနည်း စို့သွားတယ်။

ဒီလောက်လေးဖြစ်တာကိုပဲ ဒေါသတွေထွက်ပြီး ကြက်ကို သစ်ပင်နှင့်တဖုန်းဖုန်း လွှဲရိုက်တယ်။

ဒေါသပြေမှ ရပ်တယ်။

မကြာပါဘူး။ အဲဒီကြက်ကို ပွက်ပွက်ဆူနေတဲ့ ရေနွေးအိုးထဲ နှစ်၊

အမွေးတွေပြောင်အောင် နှုတ်ပြီး

ခုတ်ထစ်ဖို့ စဉ်းတီတုံးပေါ် တင်လိုက်တယ်။

အဲဒီအချိန်မှာပဲ သေပြီးသားကြက်ဖက ဖပ်ဖပ်ဆို မတ်မတ်ထရပ်တယ်။





ငမောင်လည်း ကယောင်ချောက်ချား ကြောင်ကြည့်နေရင်းက သတိရပြီး ထွက်ပြေးရတယ်။

တစ်ကိုယ်လုံး အမွေးပြောင်နေတဲ့ ကြက်က သူ့နောက်ကို တန်းတန်းလိုက်ပြီး ခွပ်တယ်။

ငမောင် လှည့်ပတ်ပြေးနေရတယ်။

အတူပါလာတဲ့အဖော်က သတိရပြီး ကြက်ကို ရိုက်လိုက်မှ လဲကျသွားတယ်။

ဒီတော့မှ ငမောင် မောကြီးပန်းကြီးနှင့် ပြန်ရောက်လာတယ်။

အဲဒီ နာနာဘာဝဝင်ပူးနေတဲ့ကြက်သာ ခွပ်မိလို့ကတော့ ငမောင်အသက်ရှင်လျက် ရွာပြန်မရောက်နိုင်တော့ဘူး။

ခုလည်း တစ်ခါထပ်လုပ်ပြန်ပြီ။

မလိုအပ်တော့ဘဲ ဖွတ်ကြီးရဲ့ခေါင်းကို စိစိညက်ညက်ကြေအောင် ဒေါသတကြီး ကျောက်ခဲနှင့်ထုတယ်။

ဖွတ်ဗိုက်ကိုဖောက်ပြီး အမြီးထိုးထည့်တယ်။

ငမောင်ရဲ့ မဟုတ်မက လုပ်ရပ်တွေရဲ့အကျိုးဆက်က သည်းဃံမှာပဲ ဖြစ်သွားတယ် …။



www.burmeseclassic.com

www.burmeseclassic.com



အစဦးဆုံး အိပ်တန်းတက်နေတဲ့ ငှက်တွေ ဝုန်းခနဲ လန့်ပျံကြတယ်။

ထိတ်လန့်စရာကောင်းအောင် ဆူဆူညံညံ အသံတွေ မြည်ကြွေးအော်တစ်ကြတယ်။

အဲဒီတုန်းမှာပဲ အဝေးကြီးကနေ အသံနက်ကြီးနှင့် ဟား တိုက်ရယ်လိုက်သံကြီးကို ကြားရတယ်။

ရယ်သံကြီးက တဖြေးဖြေး နီးနီးလာတယ် ...။

မောင်တို့တစ်ဖွဲ့လုံး တစ်စတစ်စ သွေးပျက်လာကြတယ်။ ချောက်ချောက်ချားချား ဖြစ်လာကြတယ်။

အဲဒီအချိန်မှာပဲ အသံတွေအားလုံးက ရုတ်တရက် ဖြတ်ချလိုက်သလို တို့ခနဲ ရပ်သွားတယ်။

တောကြီးတောင်ကြီးထဲမှာ အမှောင်ထုကြီးကပဲ ကြီးစိုးနေတယ် ...။

ညပိုးပုရစ်မြည်သံနှင့် မီးပုံကြီးက တဖျစ်ဖျစ် တဖြောက်ဖြောက် တောက်လောင်နေတဲ့အသံပဲ ကြားနေရတယ်။

"ဝေါ ... ဝေါ ... ဝေါ ... ဝေါ"

ခဏနေတော့ မုန်တိုင်းတိုက်လာသလို အသံကြီးကို ကြားရပြန်တယ်။





"ဒီ တောချောက်တာဝဲ ..."

မောင်က ပြောလိုက်တယ်။

မုန်တိုင်းသံကြီးက တဝေါဝေါ မြည်တင်းရင်း ခေါင်းပေါ်ကနေ ကျော်ဖြတ် ဘိုက်ခတ်သွားတယ်။

ထူးဆန်းတာက အသံတွေပဲ ကြားရတာ၊ သစ်ပင်သစ်ကိုင်းတွေကတော့ ပကတိငြိမ်သက်လို့၊ သစ်ရွက်သစ်ခက်တောင် မလှုပ်ဘူး။

ပတ်ဝန်းကျင်က ကြောက်စရာကောင်းလောက်အောင် တိတ်ဆိတ်သွားပြန်တယ်။

တိတ်ဆိတ်ခြင်းက ခဏတာပဲ ခံတယ်။

မောင်တို့တစ်ဖွဲ့လုံး သွေးပျက်ချောက်ချားစရာ အဖြစ်အပျက်တစ်ခုကို မျက်ဝါးထင်ထင် မြင်လိုက်ကြရတယ် ...။

တောအုပ်ရဲ့ အမှောင်ထုကြီးထဲကနေ မည်းမည်းအကောင်ကြီးတစ်ကောင် မီးပုံကြီးအနီးကို ရောက်လာတယ်။

တစ်ကိုယ်လုံးကို နီကြင့်ကြင့် အမွေးအမျှင်တွေ ဖုံးအုပ်နေတဲ့အကောင်ကြီး ...

မည်းမည်းအကောင်ကြီးက မီးပုံပေါ်မှာ လေးဘက်ထောင်စင်ထိုးပြီး ကျုပ်တင်ထားတဲ့ ဖွတ်သေကြီးကို ကြည့်နေတယ် ...။



www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ ကျပ်ခိုးစင်ပေါ်က ဖွတ်ကို စားချင်လို့ ဝက်ကြီး တစ်ကောင်ထွက်လာတာလားလို့ ထင်လိုက်တယ်။

ဒါပေမယ့် ကြည့်ရင်းကြည့်ရင်း ခဏကြာလာတော့မှ သူတို့ ထင်သလို မဟုတ်ဘူးဆိုတာ သိလိုက်ရတယ်။

သူတို့မျက်စိရှေ့မှာပဲ ကျပ်ခိုးစင်ပေါ်က ဖွတ်အသေကြီး တဖြည်းဖြည်း လှုပ်လာတယ်။

အဲဒီဖွတ်ကြီးကို ငမောင်တို့ အရေခွံခွာပြီးသား၊

ဗိုက်ကိုခွဲ ကလီစာတွေထုတ်၊ ဆားဆနွှမ်းတွေ သုတ်လိမ်း ပြီးမှ ကျပ်ခိုးစင်ပေါ်တင်ထားတာ၊

မီးရောင်အောက်မှာ မွှေးနေတဲ့ ဖွတ်အသေကောင်ဟာ ခြေတွေလက်တွေပါ လှုပ်လာပြီး ကျပ်ခိုးစင်ပေါ်ကနေ မီးပုံဘေး ရောက်အောင် ခုန်ချလိုက်တယ်။

ပြီးတော့ အမြီးကို တပုန်းပုန်းနှင့်ရိုက်ရင်း မည်းမည်း အကောင်ကြီးဆီကို သွားတယ်။

ခဏနေတော့ မည်းမည်းအကောင်ကြီးရော၊ ဖွတ်သေ ကြီးရော အမှောင်ထဲဝင်ပြီး ပျောက်သွားတယ်။

ငမောင်တို့အဖွဲ့ဆီမှာ သေနတ်နှင့်ဓားလှံ၊ လေးမြားတွေ ရှိပေမယ့် ဘာမှ မလုပ်လိုက်ရဘူး။





မင်တက်မိသလို၊ အားစေးထည့်ခံထားရသလိုပဲ ခံစားနေ ကြရတယ် ...။

ငမောင်တို့တစ်တွေလည်း အဲဒီအခေါက် ဘာမှ မရဘဲ ပြန်လာပြီးကတည်းက မဆုံမိကြတော့ဘူး။

ဒီလိုနှင့် ရိုးမပေါ် မတက်ဖြစ်တာ တော်တော်ကြာသွား တယ်။

၆း

"တစ်သက်လုံး အကုသိုလ်အလုပ်တွေ လုပ်ခဲ့သမျှ ဒီ တစ်ခါတော့ ဝဋ်ကြွေးတွေကို ကြေအောင် ဆပ်လိုက်မယ်ဟေ့"

ငမောင်ရဲ့အသံက သူ့မိန်းမကို ပြောတာပေမယ့် ခြံရှေ့က သစ်ပင်တွေနှင့် စောင့်နေတဲ့ နိုင်ကြီးတို့ပါ ကြားလိုက်ရတယ်။

"ငမောင်ပြောတာက တစ်မျိုးကြီးပဲ"လို့ နိုင်ကြီးပါးစပ်က ချက်ချင်းပြောမိလိုက်တယ်။

"တစ်သက်လုံး သူများအသက်သတ်တဲ့ မကောင်းမှုတွေ လုပ်ခဲ့တာကို ဒီနေ့လုပ်တဲ့ ကောင်းမှုကုသိုလ်နှင့် အကြွေးဆပ်မယ်လို့ သူပြောလိုက်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



သွားကာနီး၊ လာကာနီး စိတ်ထင့်မှာစိုးလို့ထင်ရဲ့။

ဦးငွေမောင်က အကောင်းဘက်က စဉ်းစားချင်း ပြောပြောလိုက်တယ်။

ကွန်းနောက်ရွာနှင့် မြို့နှင့်ဆက်သွယ်တဲ့ ကျေးလက်လမ်းဖောက်လုပ်အတွက် ကွန်းနောက်တစ်ရွာလုံး လုပ်အားဒါနပေးလှူနေကြတယ် ...

လမ်းခင်းဖို့အတွက် ကျောက်တွေကို တစ်အိမ်ထောင်တစ်ကျင်းနှုန်း လမ်းဘေးမှာ ပုံပေးရမယ်။

ကျောက်ထုတ်ရမယ့်နေရာက ရွာနှင့်လေးငါးမိုင်လောက်ဝေးတဲ့ ရိုးမတောင်ခြေမှာရှိတဲ့ ကျောက်တောင်တွေဆီက...၊

လှည်းနွားရှိသူက ကျောက်တွေသယ်ပို့၊ လှည်းမရှိသူကလုပ်အားပေးကျောက်တူး ...၊

မိမိအစီအစဉ်နှင့်မိမိ လှူတဲ့ပြီး တာဝန်ကျတဲ့အတိုင်းကျောက်ပုံပေးရတယ် ...။

နိုင်ကြီးတို့အဖွဲ့မှာက နိုင်ကြီး၊ မောင်၊ ဦးငွေမောင်နှင့်ရွာထဲက လူခုနစ်ယောက်၊

စုစုပေါင်း လူဆယ်ယောက်နှင့် လှည်းငါးစီး၊





"ရွာသားတွေတူးနေတဲ့ဘက်က သက်နုကျောက်တောင်တွေက၊

အမှုံအစများတယ်၊ ကျောက်တုံးကျောက်ခဲရပြန်တော့လည်းကြေမွသွားတယ်။

သက်ရင့်ကျောက်တောင်ရှိတဲ့ဆီ သွားတူးကြမယ်"

ပဲနှူးရိုးမကို နှံ့စပ်ကျွမ်းကျင်က မောင်က ဦးဆောင်ပြီးအဖွဲ့ကို ခေါ်သွားတယ်။

ဟုတ်တယ်၊ သက်ရင့်ကျောက်တောင်ကြီး၊

ကျောက်တုံးကျောက်ခဲတွေက မာကျောတယ်၊

အချပ်လိုက်၊ အလွှာလိုက်၊ အတုံးအခဲကြီးတွေ လိုက်ရတော့လှည်းတစ်စီးစာကို ခဏနှင့်ရတယ်။

သူတို့အဖွဲ့ ကျောက်တူးရင်း ကျောက်ကျောအတိုင်းလိုက်ရင်းနှင့် လိုဏ်လိုဖြစ်လာတယ်။

"မင်းတို့ ဒီလိုမတူးကြနှင့် အပြင်ကို ပြန်ထွက်ကြ။

အပေါ်က ဖိထားတဲ့ ကျောက်တုံးကျောက်ခဲတွေရဲ့အားကိုခံနိုင်ရင် မြိုကျတတ်တယ် ..."

ရွာလူကြီးက လာပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ပြိုကျရင် ကျွန်တော့်ခေါင်းနှင့် ခံထားလိုက်မှာပေါ့ ..."

မောင်က ရွတ်နောက်နောက် ပြန်ပြောတယ်။

ရွာလူကြီးအုပ်စု သူတို့ဆီကနေ လှည့်ပြန်သွားတယ်။

ရွာသားတွေစုပြီး တူးနေကြတဲ့ ကျောက်တောင်ဆီတောင် မရောက်သေးဘူး ...၊

ကြောက်စရာအသံကြီးနှင့် တဝုန်းဝုန်း ပြိုကျနေတဲ့ ကျောက်တောင်ကြီးကို လှမ်းမြင်လိုက်ရတယ်။

မြေမှုန့်တွေ၊ ဖုန်မှုန့်တွေက တအုန်းအုန်း လွင့်ပျံ၊ တလိပ်လိပ် လိမ့်တက်နေတယ် ...။

"အား"ဆိုတဲ့ အသံနက်ကြီးနှင့် အော်လိုက်သံလည်း ကြားလိုက်ရတယ်။

ဘယ်သူ့အသံမှန်းတော့ သဲသဲကွဲကွဲ မသိရဘူး။

သူတို့ရော၊ ပြေးလာတဲ့ လူအုပ်ကြီးရော အပြေးအလွှား သွားကြည့်ကြတယ်။

ကျောက်တောင်ကြီးကတော့ အဆက်မပြတ် တဝုန်းဝုန်း ပြိုကျနေတုန်းပဲ။

"ကျောက်လိုဏ်ထဲမှာ မောင်ကျန်နေတယ်၊

မောင်ကို ကယ်ကြပါဦး ..."





နိုင်ကြီးက ထိတ်လန့်တကြား အော်နေတယ်။

အကြာကြီးနေမှ ကျောက်တောင်ပြိုတာ ရပ်သွားတယ်။

မောင့်ကိုကယ်ဖို့ လူအင်အားနှင့် ဒီနောရိုလောက်၊ ပိနေတဲ့ ကျောက်တုံးကျောက်ခဲတွေကို ဖယ်ရှားခဲ့ရတယ် ...။

မောင့်ကို ကယ်ယူရချိန်မှာ အသက်မသေသေးပေမယ့် ငွေ့ငွေ့လေးပဲ ကျန်တော့တယ်။

စကားမပြောနိုင်တော့ဘူး ...။

ပါးစပ်က သွေးတွေ တပွက်ပွက် အန်နေတယ်။

ခေါင်းမှာလည်း တက်တက်ကြီးကွဲလို့ ...၊

ဒဏ်ရာကြီးထဲက သွေးစီးတွေ၊ သွေးစီးတွေ၊ တစိမ့်စိမ့်၊ တစိမ့်စိမ့် ထွက်ကျလို့ ...၊

ကျောက်ချွန်ကြီးတစ်စက ဝမ်းဗိုက်ထဲ စိုက်ဝင်နေတယ်။

သွေးသံတရဲရဲနှင့်မောင်။

ရုပ်ပျက်ဆင်းပျက်နှင့် မောင်ရဲ့အဖြစ်က

တကယ့်သွေးပျက်စရာ၊ ထိတ်လန့်စရာ၊ မမြင်ရက်စရာ ပါပဲ။

ဆေးရုံပို့ဖို့ လှည်းပေါ်တင်နေစဉ်မှာပဲ မောင်တစ်ယောက် မရဏတိုင်းပြည်ကို ခရီးထွက်သွားရပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



## ခြောက်

ဤလောက၌ အချို့သော ယောကျ်ား၊ မိန်းမတို့သည် သတ္တဝါများအပေါ်၌ သနားကြင်နာစိတ်ကင်းလျက် ရက်စက်စွာ သတ်ဖြတ်တတ်ကြ၏။

ထိုသူတို့သည် ...

သေလျှင် ငရဲသို့ ရောက်တတ်၏။

အကယ်၍ ရှေးကုသိုလ်ကံတစ်ခုခုက ထောက်မ၍ ငရဲမကျဘဲ လူ့ပြည်၌ လူပြန်လာဖြစ်ရလျှင်

သက်တမ်းစေ့အောင် မနေရဘဲ အသက်တိုကြရသည်။

ရှေးရှေးဘဝဖြစ်စေ၊ ယခုဘဝ၌ဖြစ်စေ

ပြုခဲ့သော အကုသိုလ်ကံက

အခွင့်ရသည်နှင့်

တစ်နည်းနည်းဖြင့် သေစေတော့သတည်း။ ။

❖ ❖



## ကျွန်းပင်စောင့်သရဲ

မျက်နှာကြီးက ဓာတ်မီးထိုးနေတဲ့ တင်မြင့်ဘက်ကို ကြည့်နေတယ်။

ကြည့်နေတာမှ စိန်းစိန်းဝါးဝါးပဲ။

မည်းမည်းအကောင်ကြီးရဲ့ မျက်နှာကို ဓာတ်မီးအလင်းရောင်နှင့် တွေ့လိုက်တယ်။

ကြောက်စရာ၊ ရွံ့စရာမျက်နှာကြီး၊

အထင်ရှားဆုံးက အပြင်ကို ပြူးထွက်နေတဲ့ မျက်လုံးနီနီကြီးတွေ၊

ပြီးတော့ ...

တွန့်လိပ်နေတဲ့ ပါးစပ်ကြီးရဲ့ တစ်ဖက်တစ်ချက်က အစွယ်နှစ်ချောင်း ...

ဆိုရရင် ပုံပျက်ပန်းပျက်မျက်နှာနှင့် သရဲကောင်ကြီး။



www.burmeseclassic.com

www.burmeseclassic.com



## တစ်

"တစ္ဆေကြီးတစ်ကောင် မတ်တတ်ရပ်နေတဲ့အတိုင်းပဲ ကြောက်စရာကြီး ..."

ကျွန်းပင်ကြီးကိုကြည့်ပြီး နိုင်ကြီးတွေးလိုက်မိတယ်။

ပြီးတော့မှ ...

"မတတ်နိုင်ဘူး ငါကလည်းကံဆိုးပါတယ်"လို့ ညည်းညူလိုက်တယ်။

ဟုတ်တော့လည်းဟုတ်တယ်။ နိုင်ကြီး ညည်းမယ်ဆိုလည်း ညည်းညူလောက်ပါရဲ့ ...

နေဆန်းချောင်းတံတားကင်း၊ ပိတ်မြုံကျောင်းကင်း၊ ဗိုလ်တဲပိုင်းကင်းဆိုပြီး ကင်း(၃)ကင်းရှိတဲ့အနက်က သရဲခြောက်တယ်လို့ နာမည်ကြီးတဲ့ ကင်းသမားတွေလန့်တဲ့ နေဆန်းချောင်းတံတားကင်းကိုမှ ကြုံကြုံဖန်ဖန်မဲပေါက်ရတယ်လို့ပဲ။

ပြောရဦးမယ် -

ရန်ကုန်-မန္တလေးရထားလမ်းမကြီးက နိုင်ကြီးတို့ ကွန်းနောက်ရွာထဲကနေ ဖြတ်သွားတာ -

အမြူးချောင်နယ်မြေလို့သာ သတ်မှတ်ထားကာ ရထားလမ်း မိုင်းခွဲတာကတော့ နှစ်တိုင်းလိုလိုပဲ။





(၈၈ နောက်ပိုင်း၊ တပ်က လုံခြုံရေးအပြည့်ယူလိုက်မှ ိုင်းကွဲတဲ့သတင်းမကြားရတော့တာ။ ဒါတောင် တစ်နှစ်က ရထား လမ်းကို မိုင်းထောင်သစ်ပင်ပေါ်မှာ လောင်ချာတင်ပြီး ပစ်ဖို့ချိန်း ထားတယ်။

တပ်ကကင်းလှည့်အဖွဲ့က တွေ့လို့ပေါ့။

မတွေ့များမတွေ့လိုက်လို့ကတော့ အပြစ်မဲ့ရဟန်းရှင်လူ ည်သူတွေ သေလိုက်မယ့်ဖြစ်ခြင်း)

သောင်းကျန်းသူ အဖျက်အမှောင့် မလုပ်နိုင်ဖို့ လယ်ပစ်၊ ာပစ်ပြီးပြည်သူတွေပါဝင်ကြရတယ်။

စစ်တောင်းမြစ်နှင့်နီးတဲ့ရွာတွေက စစ်တောင်းမြစ်တစ် ချက်လက်ဆက်ကင်းတွေနှင့် လုံခြုံရေးယူရတယ်။

ဆိုးဖုံကွင်း၊ သမင်ကွင်း၊ စိုက်တန်းခင် စတဲ့ရွာတွေက ားလမ်းပေါ်တက်ပြီး ကင်းစောင့်ရတယ်။

နိုင်ကြီးတို့ ကွန်းနောက်ရွာကတော့ တာဝါတိုင်လို့ခေါ်တဲ့ ာတတ်အားလိုင်းတိုင်ကြီးတွေကို လုံခြုံရေးယူပေးရတယ်။

တစ်ခုတော့ရှိတယ်။ မီးရထားလမ်းလုံခြုံရေးယူပေးရတဲ့ တွေက လယ်ယာလုပ်ငန်းအခွင့်အရေးကြီးတဲ့အချိန်တွေကို းလာမစောင့်နိုင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ကွန်းနောက်က လူတွေကို ပိုက်ဆံနှင့်ငှားပြီး ကင်းသမားအစားထိုးကြတယ်။

ကင်းငှားခပိုက်ဆံကိုတော့ ရွာသူရွာသားတွေဆီက ကောက်ပြီး စုပေးကြရတာပေါ့ ...

နိုင်ကြီးတို့အဖွဲ့က ကင်းအငှားစောင့်ကြတယ်။

ကင်းတဲတစ်ခု လေးယောက်နှုန်းနှင့် သုံးခုအတွက်ဆယ့်နှစ်ယောက်။

နေဆန်းချောင်းတံတားကင်းကို ဘယ်သူမှမစောင့်ချင်ကြတာမို့ ကင်းခေါင်းက မဲနှိုက်ပြီးတာဝန်ချပေးတာ။

ကံဆိုးတဲ့ လေးယောက်မဲပေါက်သွားတာပေါ့။

အဲဒီထဲမှာ နိုင်ကြီးပါသွားတယ်။

အလှည့်ကျ နွားမတောင်ရှန်းရသေးတာဆိုတော့ သရဲမထ လို့ ဘီလူးပဲရှိရှိ နိုင်ကြီးတို့အဖွဲ့နေဆန်းချောင်းတံတားကင်းတဲကို ချီတက်ခဲ့ရတာပေါ့လေ ...





## နှစ်

ကင်းတဲက တိုင်လေးတိုင်ထောင်ပြီး သက်ငယ်မိုး၊ သက်ငယ်ကာ၊ ဝါးကြမ်းခင်းထားတာ။

လူလေးယောက်ပူးပူးကပ်ကပ်နှင့် ထိုင်သာရုံအိပ်သာရုံပဲ။

ကင်းတဲကို ရထားနှင့် လွတ်ရုံ၊ သံလမ်းအနောက်ဘက် ဘေးကပ်ရက် နေဆန်းချောင်းတံတားထိပ်မှာ ဆောက်ထားတာ။

ကင်းတဲနှင့် မျက်နှာချင်းဆိုင် သံလမ်းရဲ့အရှေ့ဘက်မှာက သရဲခြောက်တယ်လို့ နာမည်ကြီးနေတဲ့ အဓိကရ ကျွန်းပင်အိုကြီး တစ်ပင်၊ ထီးတည်းကြီးရှိနေတယ်။

ရထားသံလမ်းနှင့် ကျွန်းပင်အိုကြီးရဲ့ အောက်ဘက်မလှမ်း မှာတော့ ကျွန်းပင်တွေတောထအောင် ပေါက်နေလို့ ကျွန်းတော ကျောင်းလို့ အမည်ရတဲ့ ဘုန်းကြီးကျောင်းပျက်ရှိတယ်။

တောခြုံတွေ ဖုံးလွှမ်းနေတဲ့အထဲမှာ ရောင်တော်ညှိုးမှိန် ပျက်စီးနေတဲ့ ဆင်းတုတော်ကြီးတစ်ဆူ ဖူးတွေ့နေရတယ်။

ဆင်းတုတော်ကြီးက မြုံနွယ်ပိတ်ပေါင်းတွေရဲ့အပေါ်မှာ မျက်နှာတော်နှင့် ဝဲဘက်ပုခုံးတော်အစွန်းလောက်ပဲပေါ်နေတာ။

နေဆန်းချောင်းက လူစားတဲ့ချောင်း။



www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးမဟုတ်တစ်မျိုးနှင့် လူတွေလာလာသေတယ်။

မိုးတွင်း ချောင်းရေလျှံနေတုန်းက ဆိုက်ကားသမားလူငယ် တစ်ယောက်။

တံတားပေါ်ကနေ ချောင်းထဲ ဒိုင်ဗင်ထိုးချတယ်။

ပြန်တက်လာတယ်။ ဒိုင်ဗင်ထိုးချပြန်တယ်။

သုံးခါမြောက်ဒိုင်ဗင်ထိုးပြီးတော့ ပြန်ပေါ်မလာတော့ဘူး။

နောက်ဆုံး ရေငုပ်တတ်တဲ့သူတွေနှင့် ဝိုင်းရှာတော့ ကျွန်းတောကျောင်းရဲ့ အောက်ဘက်မှာသွားတွေ့တယ်။

ချောင်းရေတိုက်စားလို့ တစောင်းလဲနေတဲ့ ကျွန်းပင်ရဲ့ အမြစ်တွေထဲမှာ ခေါင်းဆိုက်ပြီးသေနေတာ။

ချောင်းက နွေကျရင် ရေမရှိတော့ဘူး။

ရေမရှိလည်း လမ်းသွားရင်းတံတားပေါ်က ပြုတ်ကျသေ ပြန်တာပဲ။

အဲ့ကြောင့် ငနဆန်းချောင်းနှင့် တံတားကိုဘယ်သူမှ ပေ မခန့်မလုပ်ရဲဘူး။

ပြီးတော့ ကျွန်းပင်အိုကြီး။

ကျွန်းတောကျောင်းထဲက ကျွန်းပင်အုပ်စုနှင့် မရောဘူး





ထီးတည်းတစ်ပင်ထဲခွဲပြီး ရထားလမ်းပေါ်လာတက်ပေါက် တယ်။

သရဲကလည်း အရမ်းခြောက်တယ်။

အရင်က အဲဒီကျွန်းပင်အိုကြီးရဲ့ အရိပ်အာဝါသအောက်မှာ ကင်းတဲဆောက်ထားတာ။

နောက်ကျ သရဲခြောက်လွန်းအားကြီးလို့ သံလမ်းအနောက် ဘက်ရွှေ့လိုက်ရတာ။

နိုင်ကြီးတို့ ကင်းသမားတွေရဲ့ ဆန္ဒအတိုင်းဆိုရင်တော့ ကင်းတဲကို ချောင်းနှင့်ဝေးဝေး၊ ကျွန်းပင်ကြီးနှင့်ဝေးဝေးဆိုရင်ပို ပြီးကောင်းတယ်။

ဒါပေမယ့် တံတားလုံခြုံရေးကလည်း ရှိသေးတော့ ဒီနေရာ ကနေခွာလို့ကို မရဘူးဖြစ်နေတာပေါ့။

ပြီးတော့ ဘုန်းကြီးကျောင်းပျက်ကြီးရဲ့ သမိုင်းကြောင်း ကလည်း ကျောချမ်းစရာ ထိတ်လန့်စရာပဲ။

ရှေးမီနောက်မီ လူကြီးတွေပြောတဲ့အတိုင်းဆိုရင် ဒီဘုန်း ကြီးကျောင်းဟာ ဟိုတုန်းက သံဃာအပါးငါးဆယ်လောက်ရှိတဲ့ စာသင်တိုက်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ သံဃာတွေ တစ်ပါးပြီးတစ်ပါး ပျံတော်မူတယ်တဲ့။

ပျံတော်မူတာတွေများလာတော့ ထွက်တဲ့သံဃာထွက်၊ ကျောင်းပြောင်းတဲ့ သံဃာပြောင်းနှင့် စာသင်တိုက်ကြီး ချောက်ကပ်တိတ်ဆိတ်သွားတယ် ...

သံဃာတစ်ချို့က ကျောင်းတိုက်ကို ပြန်လည်တည်ထောင်ဖို့ ကြိုးပမ်းကြပေမယ့် ဘယ်သံဃာမှ တစ်နှစ်ထက် မပိုဘူးဆိုပဲ။

ပျံတော်မူရင်မူ ပျံတော်မမူရင်ကျောင်းက ထွက်ပြေးရတာပဲတဲ့။

ပြောကြတာကတော့ ပျံတော်မူသွားတဲ့ သံဃာတစ်ချို့က ကျောင်းကိုစွဲလန်းစိတ်နှင့် မှီတွယ်နေကြတယ်။

နောက်လာတဲ့ သံဃာတော်တွေကို မနေနိုင်အောင်ခြောက်လှန့်နေကြတာတဲ့။

ဒီလိုနှင့် နေထိုင်သူမရှိ ပြုစုစောင့်ရှောက်မယ့်သူမရှိဖြစ်ရာက တဖြေးဖြေးဟောင်းနွမ်း ပြိုကျပြီးကျောင်းပျက်ကြီးဖြစ်သွားတယ်။

ခြုံနွယ်ပိတ်ပေါင်းတွေကလည်း တစ်စထက်တစ်စ လွှမ်းခြုံဖုံးအုပ်သွားတယ်။





ဘယ်အချိန်၊ ဘယ်ကာလကတည်းက ဒီလိုဖြစ်သွားတယ်ဆိုတာတောင် ဘယ်သူကမှ တိတိကျကျ မပြောနိုင်ကြတော့ဘူး။

ကျတ်၊ တစ္ဆေသရဲနှင့် ဥစ္စာစောင့်တွေ၊ နာနာဘာဝတွေရှိတယ်ဆိုတဲ့ အစွဲကြောင့်လည်း ကျောင်းပျက်ကြီးထဲကို နေ့ခင်းနေ့လည်တောင် သွားရဲသူမရှိတော့ဘူး။

ကဲ၊ နိုင်ကြီးတို့ ဒီကင်းတဲကို ဘာကြောင့် ယန့်ကြသလဲဆိုတာကို သိပြီလား။

ဒီလို အဓိကရနေရာ သုံးခုစလုံးဆိုတဲ့ နေရာကိုမှ မကြောက်ဘူးဆိုရင်တော့ ...

အာဂလူသားလို့ပဲ ခေါ်ရမယ်။

## သုံး

နိုင်ကြီး ကင်းစောင့်ရမယ့်အချိန်က ည ၁၂ နာရီကနေ ၂ နာရီထိ။

ညနက်သန်းခေါင် မှောင်မိုက်ကြီးထဲမှာ သူတစ်ယောက်တည်း ရှိနေသလိုပဲ နိုင်ကြီးခံစားနေရတယ်။

စောင်မြို့ရင်း၊ ကင်းထဲပေါ်ကပဲ ဓာတ်မီးနှင့် တံတားဆောက်ကို လှမ်းလှမ်းထိုးကြည့်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာပဲ အသံတစ်သံကို ထင်ထင်ရှားရှား သူကြားလိုက်ရတယ်။

**"တောက်"**

တစ်စုံတစ်ယောက်၊ တောက်ခေါက်လိုက်တဲ့ အသံကြီး

ညက အရမ်းတိတ်ဆိတ်နေတော့ တောက်ခေါက်သံကို အကျယ်ကြီး ကြားလိုက်ရတယ်။

နိုင်ကြီး လန့်ပြီးတုန်သွားတယ်။

ဒါပေမယ့် အိပ်နေတဲ့ကောင်တွေထဲက တစ်ယောက်ယောက်များယောင်ပြီး တောက်ခေါက်မိတာများလားလို့တွေးရင်း ကြောက်တဲ့စိတ်ကို ဖြေမိတယ် ...။

ညကပြန်ပြီး တိတ်ဆိတ်ငြိမ်သက်သွားပြန်တယ်။

ခဏနေတော့ တောက်ခေါက်သံကြီးတစ်ချက် ထွက်လာပြန်တယ်။

ပြီးတော့၊ ချောက်ချားစရာကောင်းအောင် ပြန်ပြီးငြိမ်ဆိတ်သွားပြန်တယ် ...။

**"အင်း ... တင်း ... တင်း ..."**

အသည်းတုန်စရာ ညည်းညူသံကြီး၊





နိုင်ကြီးကြက်သီးမွေးညှင်းတွေ တဖြန်းဖြန်း ထသွားတယ်။

ညည်းညူသံကြီးက ပျောက်မသွားဘူး။

ဆက်တိုက် ထွက်ပေါ်နေတယ်။

**"အ ... အား ... အား ... အာ ..."**

ရုတ်တရက်၊ ထိတ်လန့်တကြား ...

ဘုရားကျောင်းပျက်ရှိရာဘက်က ကျီးပြိုင်ညံကြားလိုက်ရတယ်။

ကျီးတွေက အိပ်တန်းတက်နေကျ မကျီးပင်ကြီးရဲ့ အပေါ်ကပဲ ဝိုင်းပတ်ဝဲပျံရင်း အော်မြည်နေကြတယ်။

နိုင်ကြီး ခေါင်းနပန်းကြီးသွားတယ် ...။

တစ္ဆေသရဲကောင်တွေဟာ အစာရှာမရရင် အိပ်တန်းတက်နေတဲ့ ငှက်တွေကိုဖမ်းပြီး စားသောက်တတ်ကြတယ်လို့ သူကြားဖူးတယ်။

အခု ကျီးတွေပြိုတာလည်း ကျောင်းပျက်ကြီးထဲက နာနာဘာဝတစ္ဆေသရဲတွေကြောင့်များလား ...

နာရီဝက်လောက် ဆူညံပွက်လောရိုက်ပြီးမှ ကျီးတွေငြိမ်ကျသွားတယ် ...။



www.burmeseclassic.com

www.burmeseclassic.com



တောက်ခေါက်သံကြီးနှင့် ညည်းညူသံတွေလည်း ထွက်ပေါ်မလာတော့ဘူး ...

ညကလည်း ထိတ်လန့်စရာကောင်းအောင်ကို မှောင်မည်းတိတ်ဆိတ်သွားပြန်တယ် ...

**လေး**

"တင်မြင့်၊ ထ၊ ထ၊ မင်းကင်းလှည့်ရောက်ပြီ ..."

နိုင်ကြီးက တင်မြင့်ကို လှုပ်နှိုးပြီး တင်းလဲတယ်။

တင်မြင့်လူးလဲထလိုက်တယ်။

တင်မြင့်ဆိုတာက "မိုးမလင်း၊ ကိုးပုလင်း" ဘွဲ့ရသူ၊ အမှန်တကယ် သောက်သုံးသူအစစ်။

ခုလဲ၊ အိပ်ရာက ထတာနှင့် လက်ထဲမှာ ပုလင်းတပါပြီးသား ...။

တင်မြင့် တောချက်အရက်ကို ပုလင်းလိုက် မော့လိုက်တယ်

"ဝေါ ... ဝေါ ... ဝေါ ... ဝေါ ..."

ရုတ်တရက် ထွက်ပေါ်လာတဲ့ လေတိုက်သံကြီး ...

တင်မြင့် အရပ်မုလင်းကိုင်ထားရင်း ကျွန်းပင်အိုကြီးကို လှမ်းကြည့်လိုက်တယ် ...





ကျွန်းပင်အိုကြီးတစ်ပင်လုံး ယိမ်းထိုးနေတယ်။

တင်မြင့်ကြည့်နေတုန်းမှာပဲ ကျွန်းပင်ကြီးပေါ်မှာ လှုပ်ရှားမှုတစ်ခုကို လှမ်းတွေ့လိုက်တယ် ...။

ဘေးမှာအသင့်ချထားတဲ့ ဓာတ်မီးကိုယူပြီး လှမ်းထိုးလိုက်တယ်။

"တ ... ဘာကြီးလဲတ ..."

ဓာတ်မီးအလင်းရောင်အောက်မှာ မည်းမည်းအကောင်ကြီးတစ်ကောင်၊

ကျွန်းပင်ကြီးပေါ်ကနေ စောက်ထိုးဆင်းလာတယ်။

အကောင်ကြီးက နည်းတဲ့အကောင်ကြီးမဟုတ်ဘူး။

လူ လေး ငါး ခြောက်ယောက်စာ မကဘူး။

တစ်ကိုယ်လုံးကို အမွေးရှည်ကြီးတွေ ဖုံးနေတယ်။

ဓာတ်မီးထိုးလိုက်တော့ ကျွန်းပင်ရဲ့ပင်စည်ကြီးပေါ်မှာ စောက်ထိုးဆင်းရက်နှင့် ရပ်တန့်သွားတယ်။

မျက်နှာကြီးက ဓာတ်မီးထိုးနေတဲ့ တင်မြင့်ဘက် ကြည့်နေတယ်။

ကြည့်နေတာမှ စိမ်းစိမ်းဝါးဝါးပဲ။



www.burmeseclassic.com

www.burmeseclassic.com



မည်းမည်းကောင်ကြီးရဲ့ မျက်နှာကို ထက်မီးအလင်းရောင်နှင့် တွေ့လိုက်တယ်။

ကြောက်စရာ၊ ရွံစရာမျက်နှာကြီး ...

အထင်ရှားဆုံးက အပြင်ကို ပြူးထွက်နေတဲ့ မျက်လုံးနီနီကြီးတွေ။

ပြီးတော့ တွန့်လိမ်နေတဲ့ ပါးစပ်ကြီးရဲ့ တစ်ဖက်တစ်ချက်က အစွယ်နှစ်ချောင်း ...။

ဆိုရရင် ပုံပျက်ပန်းပျက် မျက်နှာနှင့်သရဲကောင်ကြီး ...၊

တော်ရုံလူ၊ လန့်ဖျတ်၊ လိပ်ပြာစင်သွားနိုင်ပေမယ့် တင်မြင့်က မူးနေတဲ့သူ ...

အံ့အားသင့်ရုံလောက်ပဲရှိတယ်။

တင်မြင့်ဇာ အရက်ကိုကုန်အောင် မော့သောက်ပစ်လိုက်တယ်။

ပြီးတော့ ပုလင်းခွံနှင့် သရဲကောင်ကြီးကို ပစ်ပေါက်လိုက်တယ် ...။

သရဲကောင်ကြီး ဖြတ်ခနဲ ပျောက်သွားတယ်။

ပုလင်းခွံကတော့ ကျွန်းပင်ကြီးကိုမှန်ပြီး အစိတ်စိတ်အမွှာမွှာ ကွဲကြေသွားတယ်။





"ဘာသရဲမှ မကြောက်ဘူးကွ ...

... ပဲထင်တယ်၊ ... မသာသရဲ ..."

ကိုးပုလင်းတင်မြင့်က သွေးဆိုးတယ်။

တမတ်ဖိုးသောက်၊ တစ်ကျပ်ဖိုးမူးပြီး၊ တစ်ရာဖိုး သောင်းကျန်းတတ်တယ်။

ခုလည်း တင်မြင့်သောင်းကျန်းနေပြီ။

ရပ်ရွာထဲမှာက ရွာလူကြီး ဒေါ်ရိုက်တာလောက်ပဲ ခံရမယ်။

ဒီလိုနေရာမျိုးမှာက ဘာမဆို ဖြစ်သွားနိုင်တယ်။

သွားမလုပ်နှင့် ...

နိုင်ငံကြီးတို့အားလုံးကလည်း မနိုးကြဘူး။

ထိန်းမယ့်သိမ်းမယ့်လူမရှိတော့ တင်မြင့် တစ်စတစ်စ ကြမ်းလာတယ်။

ဆဲရုံ ဆူရုံတင် မတုတ်တော့ဘူး။

ကျွန်းပင်အိုကြီးဆီသွား၊ ပုဆိုးလှန်ပြီး ကျင်ငယ်နှင့်ပါ ပန်းတော့တာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



၆း

ညက တင်မြင့်နောက်က အလှည့်ကျနှစ်ယောက် ကင်း မစောင့်လိုက်ရဘူး။

တင်မြင့်က မနိုးလို့။

တင်မြင့်ကလည်း မနိုးနိုင်တော့ဘူး။

ကင်းတဲရှေ့က ရထားသံလမ်းပေါ်မှာ သွေးအလိမ်းလိမ်း နှင့် အသက်ပျောက်နေပြီ ...။

ရထားကြိတ်ခံထားရတဲ့အတွက် တစ်ကိုယ်လုံး ပေါက်ပြဲ စုတ်ပြတ်နေပြီ ...။

ပြတ်သွားတဲ့တင်မြင့်ရဲ့ခေါင်းကိုတော့ ရထားလမ်းအရှေ့ဘက် ကျွန်းပင်အိုကြီးရဲ့ခြေရင်းမှာ တွေ့ရတယ်။

တင်မြင့် ဒီလို အသေဆိုးနှင့် သေရတာကို အာရုံတက်ပြီး ကင်းသမားတွေ နိုးကြမှ သိရတာ။

နိုင်ကြီးနှင့်တစ်ယောက်က ရဲစခန်းသွား အကြောင်းကြား တယ် ...

စခန်းမှူးနှင့်အဖွဲ့ လိုက်လာပြီး စစ်ဆေးတယ်။





"မီးရထားသံလမ်းတွေမှာ သံလိုက်စက်ကွင်းပြင်းအားတွေ ရှိတယ်။

လူ့ရဲ့ဦးနှောက်ထဲမှာလည်း အလွန်အားကောင်းတဲ့ သဘာဝ သံလိုက်လေးတစ်ခုရှိတယ်။

သံလမ်းပေါ်ခေါင်းတင်ပြီး အိပ်လိုက်တော့ သံလိုက်စက် ကွင်းနှင့် သဘာဝသံလိုက်တို့ သွားဆုံကြတယ်။

အဲဒီတွေ့ဆုံမှုက ဦးနှောက်ကို ပြောင်းလဲသွားစေတယ်။

ဦးနှောက်ပြောင်းလဲမှုကြောင့် အလိုလို အိပ်ပျော်သွား တတ်တယ်။

အဲဒီမှာ ရထားကြိတ်တာကို ခံရတာပဲ ..."

ရဲအရာရှိက မီးရထားသံလမ်းကင်းစောင့်သူတွေ ရထား လမ်းပေါ် မအိပ်မိအောင် ပညာပေးစကားပြောကြားတယ်။

ရဲအရာရှိပြောတာ မှန်ချင်မှန်ပါလိမ့်မယ်။

ဒါပေမယ့် နိုင်ကြီးတို့ တွေးတာကတော့

ကိုးပုလင်းတင်မြင့် ကင်းစောင့်ရင်း အရက်သောက်တယ်။

အရက်မူးပြီး ဇလီဖားတုံးပေါ်မှာ အိပ်ပျော်သွားတယ်။

ရထားလာတော့ သူ့ကို ကြိတ်သွားတယ် ...။



www.burmeseclassic.com

www.burmeseclassic.com



ရှိုးရှိုးလေးပါပဲ။

တင်မြင့်ရထားကြိတ်ခံရတဲ့အဖြစ်အပျက်မှာ ကျွန်းပင်စောင့်သရဲရဲ့ ပယောဂပါ၊ မပါဆိုတာကတော့ ဘယ်သူမှ သိနိုင်စွမ်းမရှိတော့ဘူး။

ပါချင်လည်း ပါမယ်။

ပါချင်မှလည်း ပါမယ်။

ဒါပေမယ့် ကွန်းနောက်ရွာသူ ရွာသားတွေကတော့ ကျွန်းပင်စောင့်သရဲရဲ့ လက်ချက်လို့ပဲ သေချာပေါက်ကို အပ်ကျမတ်ကျ စွပ်စွဲနေကြတော့တာပါပဲ ...။

❖ ❖ ❖

# ဥစ္စာစောင့်နန်းစောမွန်

ဥစ္စာစောင့်ဆိုတာ မြေပုတ်ဘီလူးအနွယ်ဝင်ဖြစ်တယ်။
ဘုန်းတန်ခိုးနည်းပါးသော ပြိတ္တာအနွယ်ဝင်ဖြစ်တယ်။
ဘုမ္မစိုးနတ်ဘီလူးတို့ စေခိုင်းတဲ့အတိုင်း မြေတွင်းရှိ ဥစ္စာ သိုက်များကို စောင့်ကြပ်ရတယ်။
မိမိကိုယ်ကို လှပအောင် ဖန်ဆင်းနိုင်တယ်။
သိုက်နန်းအတွင်းမှာ ပျော်ပျော်ရွှင်ရွှင် နေနိုင်ကြတယ်။
သူတို့ဘဝကို စွဲလမ်းသာယာနေသူများလည်း ဖြစ်တယ်။
လူ့ပြည်၊ လူသားများနှင့် ဆက်ဆံနိုင်သော အနေအထားရှိပြီး လူတို့ကို ရွှေငွေမှအစ အခြားအရာဝတ္ထုများ ပေးကမ်းနိုင်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



## ကျောင်းပက်ကြီးနှင့်နာနာဘာဝများ

စာရေးသူ ကျွန်းပင်စောင့်သရဲဇာတ်လမ်းမှာ ဖော်ပြခဲ့တဲ့ ကျွန်းတောကျောင်းဟာ မြူးမြို့နယ်၊ ကညွတ်ကွင်းမှာရှိတာပါ။

ရန်ကုန်-မန္တလေးကားလမ်းဘေး မိုင်တိုင်အမှတ်(၁၃၃)မိုင် ၂ ဖာလုံလောက်မှာပေါ့။

အဲဒီကျွန်းတောကျောင်းဟာ စာသင်တိုက်ဘဝကနေ ကျောင်းပျက်ကြီးဖြစ်သွားခဲ့ရတယ်။ နှစ်ပေါင်းများစွာ သစ်ပင်ခြုံနွယ်တွေ ဖုံးလွှမ်းတာ ခံလိုက်ရတယ် ခြုံနွယ်ပိတ်ပေါင်းတွေရဲ့ ကြားက မြိုကျ ယိုယွင်းနေတဲ့ ကျောင်းပျက်ကြီးနဲ့

ရောင်တော်မှေးမှိန်နေတဲ့ ရုပ်ပွားဆင်းတုတော်ကြီးတစ်ဆူကို တစ်စွန်းတစ်စတွေ့ရတယ်။

အဲဒီ ကျောင်းဝန်းကြီးထဲမှာ တစ္ဆေ၊ သရဲ၊ ဥစ္စာစောင့်နဲ့ နာနာဘာဝတွေ ရှိတယ်လို့ ကိုယ်တွေ့ကြုံသူတွေက ပြောကြတယ်။

ဒီလိုနဲ့ ကျွန်းတောကျောင်းဟာ ဆိုးတဲ့သတင်းတွေနဲ့ နာမည်ကြီးလာခဲ့တယ်။



လန့်ထိတ်စရာကောင်းတဲ့ ကိုယ်တွေ့ဇာတ်လမ်းတွေ၊

ခြောက်ခြားစရာ မျက်မြင်အနေအထားတွေကလည်း လူတွေကို လိပ်ပြာငယ်စေခဲ့တယ်။

ညအချိန် မပြောနဲ့၊ နေ့ခင်းကြောင်တောင်တောင် ကျောင်းပျက်ထဲ မဝင်ရဲအောင် ကြောက်လန့်နေကြတယ်။

၁၉၇၉ ခုနှစ်ရဲ့ နှစ်စလောက်မှာတော့ ... နာနာဘာဝတွေ ရှိတယ်ဆိုတဲ့ အဲဒီကျောင်းကို ရဟန်းတော်တစ်ပါး ကြွလာတယ်။

ရဟန်းက တောထွက်ကြီး ...

ပအို့ဝ်တိုင်းရင်းသား ...

လူတွေကတော့ စိတ်ဝင်စားနေကြတယ်။

ဒီကျောင်းကြီးမှာ ဘယ်လိုရဟန်းသံဃာမှ ကြာကြာ သီတင်းသုံးဖို့ မရဘူး။ ကျောင်းထိုင်လို့မရဘူး။

အလွန်ဆုံးနေရ၊ သီတင်းသုံးရ၊ တစ်နှစ်တစ်ဝါပဲ။

နာနာဘာဝတွေ၊ တစ္ဆေသရဲတွေ နှောင့်ယှက်တဲ့ဒဏ် မခံနိုင်လို့ ထွက်ပြေးသွားရတာချည်းပဲ။

တောထွက်ရဟန်းက ကျောင်းအိုပျက်နေရာကို ရှင်းတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဖျာတစ်ချပ်စာလောက် ကိုင်း၊ သက်ငယ်အမိုး၊ အကာ လုပ်ပြီး တစ်ပါးကျောင်းလေး ဆောက်ပြီးနေတယ်။

ကျောင်းပတ်ဝန်းကျင်မှာရှိတဲ့ ရပ်ကွက်တွေက တစ်နှစ် ပြည့်တဲ့နေ့အထိ ရင်တထိတ်ထိတ်နဲ့ စောင့်ကြည့်ခဲ့ကြတယ်။

တောထွက်ရဟန်းကြီး ဘယ်နေ့ ပျံတော်မူမှာလဲ။

နာနာဘာဝတွေ ခြောက်လှန့်တဲ့ဒဏ်ကို မခံနိုင်ဘဲ ဘယ်နေ့ ထွက်ပြေးသွားမလဲ ဆိုတာကိုပေါ့။

တစ်နှစ်ကျော်လွန်ပြီးတဲ့ နောက်မှာမှ တောထွက်ရဟန်း ကြီးရဲ့ သီလ၊ သမာဓိ၊ ပညာနှင့် အကျင့်စရာဏကို ထင်ထင် ရှားရှား သိလာကြတယ်။

တောထွက်ရဟန်းကြီးဟာ နာနာဘာဝတွေ ကျက်စား နေထိုင်တဲ့ အဲဒီ ကျွန်းတောကျောင်းမှာပဲ ဝါတော် ၃၂ ဝါ [illegible] ကော်တော် [illegible] နှစ်မှာမှ ပျံလွန်တော်မူခဲ့တယ် [illegible] ထွက်ရ [illegible] နဲ့ ကျွန်းတော [illegible] ညလ [illegible] ခဲ့တယ်။





ဆက်ဆက်တင်ပြမယ့် အဖြစ်အပျက်တွေဟာ စာရေးသူ ဝန်ထမ်းဘဝဖြင့် ကညွတ်ကွင်းမြို့သို့ရောက်စဉ် ကြားသိခဲ့တဲ့ ကျွန်းတောကျောင်းနှင့် နာနာဘာဝများရဲ့ အဖြစ်အပျက်များပဲ ဖြစ်ပါတယ်။

## ဥစ္စာစောင့်နှင့်တွေ့ဆုံခြင်း

"ရပ် ... ဘယ်သူလဲ"

နေဆန်းချောင်းတံတားကင်း၊ လုံခြုံရေးရဲဘော်ရဲ့အသံက တိတ်ဆိတ်နေတဲ့ညကို ဖောက်ခွဲလိုက်တယ်။

ခပ်လှမ်းလှမ်း မီးရထားလမ်းပေါ်မှာ လူတစ်ယောက် အရိပ်လိုလို သူမြင်လိုက်တယ်။

အော်မေးရင်း ဓာတ်မီးထိုးကြည့်လိုက်တော့ မိန်းမ တစ်ယောက်ကိုတွေ့တယ်။ အဲဒီမိန်းမက သံလမ်းပေါ်ကဆင်းပြီး ကျောက်ပျက်ကြီးထဲ ဝင်သွားတယ်။

မီးရထားမိုင်းထောင်တာတွေ မကြာခဏဖြစ်နေတာမို့ လုံခြုံရေးရဲဘော် မသင်္ကာဖြစ်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးရဲ့နောက်ကို ပြေးလိုက်သွားတယ်။

ခြုံနွယ်ပိတ်ပေါင်းတွေကြား တိုးဝင်သွားနေတဲ့ အမျိုးသမီးကို လရောင်နဲ့ တွေ့နေရတယ်။

ခဏနေတော့ ကွယ်ပျောက်သွားတယ်။

ရထားလမ်းမှိုင်းထောင်တဲ့သူ ဖြစ်နိုင်တယ်လို့ တွေးလိုက်တယ်။

ရဲဘော်က ခြုံနွယ်ပိတ်ပေါင်းတွေကြားထဲ သေနတ်နဲ့ ပစ်ပြီး ရှင်းလိုက်တယ်။

သေနတ်သံတွေ ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာတယ်။

အတန်ကြာတဲ့အထိ အခြေအနေ ထူးခြားမလာတာကြောင့် ရဲဘော် သူ့ကင်းထဲကို ပြန်သွားတယ်။

နောက်နေ့မနက် မိုးလင်းတော့ ခြုံနွယ်ပိတ်ပေါင်းတွေ ဖုံးနေတဲ့ ရုပ်ပွားတော်ကြီးရဲ့ ပလ္လင်တော်မှာ ကျည်ဆံတွေ ထိမှန်ထားတာကို တွေ့ကြရတယ်။

တကယ်တော့ ညအချိန် မီးရထားသံလမ်းပေါ်မှာတွေ့ရတဲ့ လုံခြုံရေးကသေနတ်ဖြင့် ပစ်ခွင့်ရှိတာမို့ မှောင်တာနဲ့ သံလမ်းပေါ် ဘယ်သူမှ မသွားရဲဘူး။





လုံခြုံရေးရဲဘော်အနေနဲ့ ကျောင်းပျက်ကြီးထဲက ဥစ္စာစောင့်မတစ်ယောက်ကို တွေ့တာပဲဖြစ်မယ်လို့ ဒီနေ့ထိ ပြောနေကြတုန်းပါပဲ။

ဒီအဖြစ်အပျက်က တောထွက်ရဟန်းကြီး ရောက်မလာမီ အဖြစ်အပျက်တွေထဲက တစ်ခုပါ။

## နေရာပြောင်းပေးရတဲ့ တစ္ဆေမိသားစု

တောထွက်ရဟန်းကြီးရဲ့ ဘွဲ့အမည်က ဦးသုရိယတဲ့။

နှစ်အနည်းငယ်အကြာမှာ ဆရာတော် ဦးသုရိယဟာ ကျောင်းဝင်းထဲမှာ သိမ်ဆောက်ဖို့ စီစဉ်တယ်။

သိမ်ဆောက်မယ့်နေရာက သစ်ပင်ခြုံနွယ်တွေကို တပည့်တကာတွေ ဝိုင်းဝန်းရှင်းလင်းကြတယ်။

ကိုင်းတွေ၊ ခြုံနွယ်တွေ ထူထပ်လွန်းတာကြောင့် ရေနံဆီလောင်း၊ မီးရှို့ပြီးရှင်းတယ်။

အဲဒီမှာ ထူးခြားတဲ့ အဖြစ်အပျက်ကို တွေ့ကြရတယ်။

ရှို့လိုက်တဲ့မီးဟာ ရေနံဆီတွေကိုပဲ တဖျစ်ဖျစ် တရှုံးရှုန်း တောက်လောင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ချုံနွယ်တွေကို လုံးဝမလောင်ဘဲ ငြိမ်းသွားတယ်။

မီးရှို့လိုက်၊ ငြိမ်းသွားလိုက်၊ ပြန်ရှို့လိုက်၊ ပြန်ငြိမ်းလိုက်နဲ့။

ကြာလာတော့ မီးရှို့တဲ့လူတွေ လန့်လာတယ်။ ဆက်မရှို့ဖြစ်တော့ဘူး။

အဲဒီညမှာပဲ ဆရာတော်ကို အိပ်မက်လာပေးတယ်။

တစ္ဆေမိသားစုတဲ့။ တစ္ဆေကလေးငယ်တွေလည်း ပါတယ်။

"သိမ်ဆောက်မယ့်နေရာက သူတို့မိသားစုရဲ့နေရာပါ။ နေစရာမရှိရင် သူတို့ ဒုက္ခရောက်ရပါလိမ့်မယ်ဘုရား"လို့ ပြောသတဲ့။

မနက်လင်းတော့ ဆရာတော်က အဲဒီမိသားစုကို ကျောင်းရဲ့ အနောက်မြောက်ထောင့်က အပင်တစ်ပင်မှာ နေရာချထားပေးခဲ့သည်။

အဲဒီတော့မှ ကိုင်း၊ ချုံနွယ်တွေကို မီးရှို့ရှင်းလင်းလို့ ရသွားတယ်။

သိမ်ကိုလည်း အောင်အောင်မြင်မြင် ဆောက်လုပ်နိုင်ခဲ့တယ်။

ဒီအကြောင်းတွေကို မီးရှို့ရှင်းလင်းစဉ်က ပါဝင်ခဲ့တဲ့ ဗိုလ်တဲရပ်ကွက်က လက်သမားဆရာကြီးကိုယ်တိုင် ပြောပြခဲ့တာပါ။





## ရဲဦးညာဏ်နှင့် တစ္ဆေသားအမိ

ဦးညာဏ်ဆိုတာဟာ ကညွတ်ကွင်းစခန်းက ရဲဝန်ထမ်းတစ်ယောက်ပါ။

မီးရထားလမ်းလုံခြုံရေးတာဝန်ကို ဆောင်ရွက်ရင်း၊ ကျောင်းပျက်ကြီးထဲ ရောက်လာတဲ့ တောထွက်ရဟန်းကြီးကို အရင်ဆုံးသတိပြုမိတာလည်း သူပါပဲ။

ဆရာတော်ရဲ့ ဝေယျာဝစ္စကို ဆောင်ရွက်ပေးရင်း ဆရာတော်ညွှန်ပြတဲ့အတိုင်း တရားထိုင်၊ တရားမှတ်တာတွေလည်း လုပ်ခဲ့တယ်။

တပည့်တကာတွေ စုပေါင်းပြီး ကျောင်းပျက်ကြီးနေရာမှာပဲ သစ်သားကျောင်းလေးတစ်ဆောင် ဆောက်လုပ်လှူဒါန်းကြတယ်။

တစ်ည ဆရာတော်ကျောင်းပေါ်မှာ တရားထိုင်နေတယ်။

ရဲဦးညာဏ်ကလည်း ယပ်ခတ်ပေးရင်း ဆရာတော့်အနားမှာပဲ ရှိနေတယ်။

အဲဒီအချိန်မှာ ကလေးငိုသံကို ရဲဦးညာဏ်ကြားလိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဉာဏ်တာ ဆရာတော့်အပါးက အသာထပြီး ကျောင်း တံခါးကို ဖွင့်ကြည့်လိုက်တယ်။

လှေကားရင်းမှာ သားအမိနှစ်ယောက် ...

မအေက သားငယ်ကို နို့တိုက်နေတယ်။

ဓါတ်မီးနှင့်သေချာကြည့်လိုက်တော့မှ သားအမိနှစ်ယောက် စလုံးရဲ့ကိုယ်မှာ အမွေးအမျှင်တွေ ပေါက်နေတာ တွေ့လိုက်ရတယ်။

သရဲမက ဓာတ်မီးရောင်လာတဲ့ဘက်ကို နောက်ပြန် လှည့် ကြည့်လိုက်တယ်။

ကြောက်စရာမျက်နှာကြီး။

ရဲဦးဉာဏ်လန့်သွားတယ်။

တံခါးကို ချက်ချင်းဆွဲပိတ်ပြီး ပြန်ဝင်ခဲ့တယ်။

ဆရာတော်ကတော့ တရားထိုင်နေတုန်း။

တော်တော်လေးကြာမှ ဆရာတော် ထလာတယ်။

"မင်း တစ္ဆေသားအမိကို တွေ့လိုက်တာလား" လို့ မေးတယ်။

ရဲဦးဉာဏ် အံ့အားသင့်သွားတယ်။

ဆရာတော်ဟာ ဒီကျောင်းဝန်းကြီးထဲက နာနာဘာဝ တွေကို အမြဲလိုလို တွေ့နေရတယ်ဆိုတာလည်း သိသွားတယ်။





သီလ၊ သမာဓိ၊ မေတ္တာနှင့် အကျင့်စရိုက် ထူးထဲပြည့်စုံ သူတွေသာ နေခွင့်ရမယ့် ကျောင်းလို့လည်း သဘောပေါက်သွား ခဲ့တယ်။

## ဦးဇင်းဉာဏ်နှင့်နာနာဘာဝ

ဦးဉာဏ်ဟာ ရဲဝန်ထမ်းဘဝက အငြိမ်းစားယူပြီး ဆရာ တော်ရဲ့အရိပ်ကို ခိုလှုံခဲ့တယ်။

ကျွန်းတောကျောင်းမှာပဲ ရဟန်းဝတ်ခဲ့တယ်။

ရဟန်းဝတ်နဲ့နေ့စဉ်တစ်လျှောက်လုံးမှာလည်း နာနာဘာဝ တွေနဲ့ အမျိုးမျိုး ကြုံတွေ့ခဲ့ရတယ်လို့ စာရေးသူကို ပြောပြခဲ့ ပါတယ်။

တစ်ညမှာ ရုပ်ပွားဆင်းတုတော်ကြီးရှေ့မှောက် တရား သွားထိုင်မယ့် ဦးဉာဏ်ကို ဆရာတော်က တံခါးပိတ်ပြီးမှ တရား ထိုင်ဖို့ သတိပေးပါတယ်။

အဲဒီအချိန်မှာ ယိုယွင်းပျက်စီးနေတဲ့ ရုပ်ပွားဆင်းတုတော် ကြီးကို ပြုပြင်ပြီးပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



သွပ်မိုး၊ အုတ်ကာ၊ သံဘာဂျာတံခါးတွေနဲ့ ဂန္ဓကုဋိ တိုက်ကြီး ဆောက်ထားပြီးသွားပြီ။

ဦးဇင်း ဉာဏ်လည်း ဆရာတော်က အကြောင်းမရှိဘဲ မမှာဘူးဟု တွေးမိတယ်။

ဒါနှင့် သံဘာဂျာစကားကို သေသေချာချာ ပိတ်ပြီးမှ တရားထိုင်တယ်။

တော်တော်လေးကြာလာတော့ ဦးဇင်းဉာဏ်ရဲ့ ပခုံးနှစ်ဖက်ကို တစ်စုံတစ်ယောက်က ဖိထားတဲ့အတိုင်း လေးလံလာတယ်။

"ဩ ... နာနာဘာဝတွေ နှောင့်ယှက်တာပဲ၊ ဆရာတော်က ဒါကို ကြိုသိလို့ တံခါးပိတ်ဖို့ မှာလိုက်တာပဲ"လို့တွေးပြီး မေတ္တာပို့တယ်။

ဒါပေမယ့် ဖိတဲ့အားက ပိုပြင်းထန်လာပြီး ပိုပြီးလည်း လေးလံလာတယ်။

နောက်ဆုံးမှာ ဘယ်လိုမှ သည်းမခံနိုင်တော့လို့ တရားထိုင်တာကို ဖြုတ်လိုက်ရတယ်။

ပခုံးပေါ်ကို စမ်းကြည့်လိုက်တော့ ဖိထားတဲ့ လက်ကြီးနှစ်ဖက်ကို စမ်းမိတယ်။





သေသေချာချာကြည့်လိုက်တော့မှ သံဘာဂျာတံခါးရဲ့ အပြင်ဘက်မှာ မဲမဲတစ္ဆေကောင်ကြီး ...

သံဘာဂျာတံခါးရဲ့ အပေါက်ထဲကနေ လက်အရှည်ကြီး ထုတ်ပြီး ဦးဇင်းဉာဏ်ရဲ့ပခုံးကို ဖိနေတာ ...

ဦးဇင်းဉာဏ် မတ်တပ်ရပ်လိုက်တော့ တစ္ဆေကောင်ကြီးက သူ့လက်ကို ပြန်ရုပ်လိုက်တယ်။

ဦးဇင်းဉာဏ်ကြည့်နေတုန်းမှာပဲ တစ္ဆေကောင်ကြီး ပြန်လှည့်ထွက်သွားတယ်။

ပြီးတော့ အမှောင်ထဲမှာ ပျောက်သွားတယ်။

ဦးဇင်းဉာဏ်ဟာ (၁၉)ဝါတိတိ ကျွန်းတောကျောင်းမှာ သီတင်းသုံးခဲ့တယ်။

သီတင်းသုံးခဲ့တဲ့ ကာလတစ်လျှောက်လုံး နာနာဘာဝတွေနဲ့ တွေ့ကြုံခဲ့ရတယ်။

နံနက် အရုဏ်ဆွမ်းခံကြွဖို့ အချိန်ရောက်တိုင်း ...

"ဦးဇင်းကြီး၊ ဦးဇင်းကြီး"လို့ အမျိုးသမီးအသံနှင့် လာနှိုးလေ့ရှိကြောင်း ...

တံခါးဖွင့်ကြည့်လိုက်တော့ မည်သူမျှ မရှိကြောင်း ပြောပြ



www.burmeseclassic.com

www.burmeseclassic.com



ပူးတယ်လို့ ဦးဇင်းညာဏ်ရဲ့သမီးဖြစ်သူ ဒေါ်လှလှ(ကံညွှတ်ကွင်း
မိုလ်တဲရပ်)က စာရေးသူကို ပြောပြပါတယ်။

ပြီးတော့ "အဲဒါ နန်းစောမွန်တို့ ညီအစ်မနှစ်ယောက်
ပေါ့ကွ" လို့ ဆရာတော်ကြီးက မိန့်ကြောင်းလည်း သိရပါတယ်။

## ဥစ္စာစောင့်ညီအစ်မ

ကျွန်းတောကျောင်းဝန်းထဲမှာ ဥစ္စာစောင့်ရှိတယ်လို့ နာမည်
ကြီးတာတော့ ကြာပြီ။

တစ်ဆင့်ကြားစကားတွေဖြစ်တာမို့ ဟုတ်၊ မဟုတ်၊ ရှိ/မရှိ
ဘယ်သူမှ မသိနိုင်ဘူး။

ဒါပေမယ့် ဆရာတော်ကြီးရဲ့ မိန့်ဆိုချက်ရှိတဲ့အတွက်
လက်ခံယုံကြည်ကြတယ်။

ဦးဇင်းညာဏ်ကို နှိုးနှက်စောစော လာနှိုးတဲ့ အမျိုးသမီးကို
နန်းစောမွန်တို့ ညီအစ်မနှစ်ယောက်လို့ ဆရာတော်မိန့်ခဲ့ဖူးတယ်။

တစ်ခါကလည်း ကျွန်းတောကျောင်းမှာ အသံမစဲ မဟာ
ပဋ္ဌာန်းပူဇော်ပွဲ ကျင်းပတယ်။





ညသန်းခေါင် လူခြေတိတ်ချိန်ရောက်တော့ ဝေယျာဝစ္စ
လုပ်တဲ့ ဒေါ်လှကြည်နှင့် ဒေါ်စမ်းကြီးတို့ဆီကို အလွန်ချောမော
လှပတဲ့ မိန်းမပျိုနှစ်ဦး ရောက်လာတယ်။

သူတို့က ဒေါ်လှကြည်ကို စာအိတ်တစ်အိတ်ပေးတယ်။
"ပဋ္ဌာန်းအလှူငွေ ထည့်ပေးပါ" လို့လည်း ပြောတယ်။ ပြီးတော့
ကျောင်းအောက်ကိုဆင်းပြီး ပျောက်ကွယ်သွားကြတယ်။

မိန်းမပျိုနှစ်ဦး ဘယ်ဘက်ထွက်သွားတယ်ဆိုတာ မမြင်
လိုက်ရဘူး။

ကျွန်းတောကျောင်းဆိုတာ နာနာဘာဝတွေနဲ့ပတ်သက်ပြီး
နာမည်ရှိတဲ့ကျောင်း၊

မိန်းမသားမပြောနဲ့၊ ယောကျ်ားသားတောင် ခက်ခက်
ခဲခဲ လာရတယ်။

ပြီးတော့ မြို့ထဲက လာတာလည်း မဖြစ်နိုင်ဘူး။

မြို့နဲ့က တစ်မိုင်သာသာဝေးတယ်၊ ကွင်းနောက်သုသာန်
ဘေးက ဖြတ်လာရတယ်။

သံလမ်းပေါ်တတ်တာနဲ့ လုံခြုံရေးက သေနတ်နဲ့ ပစ်ခွင့်
ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဤအချက်တွေကြောင့် မြို့ထဲက လာတာလည်း မဖြစ်နိုင်ဘူး။

ဆရာတော်ကတော့ လာလှူတဲ့မိန်းမပျိုနှစ်ယောက်ရဲ့ ရုပ်ဆင်းလက္ခဏာကို မေးကြည့်ပြီး ....

နန်းစောမွန်တို့ ညီအစ်မပဲလို့ ပြောခဲ့တယ်။

အဲဒီနောက် မကြာခင်မှာပဲ ကျောင်းဝန်းထဲက ကျွန်းပင်ကြီးတစ်ပင်အောက်မှာ နန်းစောမွန်တို့ ညီအစ်မအတွက် သိုက်နန်းတစ်ခု ဆောက်လုပ်ပေးခဲ့တယ်။

## ဦးဇင်းချစ်အောင် နှင့် နန်းစောမွန်

ဦးဇင်းချစ်အောင်က ဒုလ္လဘရဟန်းပါ။

ဆရာတော့်အေးရိပ်ကို ခဏတစ်ဖြုတ်လာပြီး ခိုလှုံတာ။

ဆင်းရဲနွမ်းပါးတော့ သားတွေ လူပျိုဖြစ်တဲ့အထိ ရှင်မပြုရသေးဘူး။

ဒါနှင့်ပဲ နန်းစောမွန်သိုက်နန်းဆီသွားပြီး အကူအညီ တောင်းတယ်။

"သားတွေ ရှင်ပြုချင်လို့ ကူညီပါ"ပေါ့။





အဲဒီညမှာပဲ ဦးဇင်းချစ်အောင် အိပ်မက်မက်တယ်။

"အခုချက်ချင်းထပြီး သိုက်နန်းကို တစ်ပါးတည်း လာခဲ့ပါ။ ကူညီပါ့မယ်"လို့ နန်းစောမွန်က ပြောတယ်တဲ့။

ဦးဇင်းချစ်အောင်လည်း လန့်နိုးသွားတယ်။

ချက်ချင်းအိပ်မက်ကို သတိရကာ သင်္ကန်းရုံ၊ သပိတ်လွယ်ပြီး ကျောင်းပေါ်က ဆင်းခဲ့တယ်။

ကံကဆိုးချင်တော့ ညဦးပိုင်းက မိုးရွာတယ်။

ရထားလမ်း လုံခြုံရေးကင်းတဲ မိုးမလုံလို့ ရဲဘော်တွေ ကျောင်းကိုရွှေ့လာကြတယ်။ ကင်းရဲဘော်တစ်ယောက်က ကျောင်းပေါ်က ဆင်းလာတဲ့ ဦးဇင်းချစ်အောင်ကို တွေ့တယ်။

"အချိန်က ည(၁၂)နာရီလောက်ပဲ ရှိသေးတယ်။ အာရုဏ်ဆွမ်းခံ ကြွချိန်မတုတ်ဘူး။ ဒီဦးဇင်းအိပ်ရာကယောင်ပြီး ထလာတာလား"လို့ တွေးမိတယ်။

"ဦးဇင်း ဒီအချိန်ကြီး ဘယ်ကြွမလို့လဲ ဘုရား"လို့ မေးလိုက်တယ်။

ဦးဇင်းချစ်အောင် အကျိုးအကြောင်းရှင်းပြဖို့ ခက်သွားတယ်။

ဒါနဲ့ပဲ ဘာမှမပြောဘဲ ထွက်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရဲဘော်ကလည်း နောက်ကနေ တိတ်တိတ်ကလေး လိုက်သွားတယ်။

ဦးဇင်းချစ်အောင်တာ သိုက်နန်းရဲ့ရှေ့မှာ အရုဏ်အလင်း ရောင်လာတဲ့အထိ စောင့်နေခဲ့တယ်။

နန်းစောမွန်ကတော့ ပေါ်မလာခဲ့ဘူး။

နန်းစောမွန်က တစ်ပါးတည်းလာခဲ့ဖို့ ပြော

တိတ်တိတ်လေးနောက်က လိုက်လာတဲ့ လုံခြုံရေးရဲဘော် ကြောင့် ဥစ္စာစောင့်ကပေးမယ့် အကူအညီကို ဆုံးရှုံးရတာလို့ ဦးဇင်းချစ်အောင်ကတွေးတယ်။

လုံခြုံရေးရဲဘော်ကလည်း မရေရာ မသေချာတဲ့ အဓိပ္ပါယ်မဲ့ အိပ်မက်တွေလို့ပဲ တွေးတယ်။

ဘယ်သူမှားတယ်၊ ဘယ်သူမှန်သည်ဆိုတာ ဘယ်သူမှ မပြောနိုင်ပေမယ့် ဒီအဖြစ်အပျက်ကတော့ ကျွန်းတောကျောင်းရဲ့ နာနာဘာဝဖြစ်စဉ်တွေထဲက ဖြစ်ရပ်တစ်ခုအဖြစ် ယနေ့တိုင် ပြောနေ ဆိုနေကြဆဲ ဖြစ်ပါတယ်။

**မောင်မှိုင်းညို (ချောင်းဦး)**





## မိတ်ဆွေစာပေမှ ထုတ်ဝေဖြန့်ချိပြီးသည့် မောင်မှိုင်းညို (ချောင်းဦး)၏စာအုပ်များ

၁။ "ပန်းကြွေတဲ့ဆောင်းတစ်ည"နှင့် ရသဖြစ်ရပ်မှန်ဝတ္ထုများ
၂။ "သေဒဏ်ထိုက်သောအကြံ"နှင့် အိုင်အိုစောသိန်း စစ်ဆေး ခဲ့သည့် ရသဖြစ်ရပ်မှန်ဝတ္ထုများ
၃။ "ရွာဘွားရွာလူသတ်မှု"နှင့် ရသဖြစ်ရပ်မှန်ဝတ္ထုများ(ပထမအုပ်)
၄။ "ရွာဘွားရွာလူသတ်မှု"နှင့် ရသဖြစ်မှန်ဝတ္ထုများ(ဒုတိယအုပ်)
၅။ "ကျိန်စာတိုက်သံ"နှင့် ရသဖြစ်ရပ်မှန်ဝတ္ထုများ
၆။ "သုံးချက်ပြတ် လူသတ်မှု"နှင့် ရသဖြစ်ရပ်မှန်ဝတ္ထုများ
၇။ ဗိုးတွမ်တီးစောပေဖော်နောက်ဆုံးပေါ်လိမ်နည်းအမျိုးမျိုး
၈။ "ညောင်မျိုပင်သရဲမ"နှင့် တစ္ဆေဖြစ်ရပ်မှန်များ
၉။ နတ်မြင်းသည်သူရဲကောင်းများ
၁၀။ ကလေးသူရဲကောင်းဇေယျသိတ

ယခု

ဆွဲကြိုးချကုန်းကတစ္ဆေနှင့်ကျွန်းပင်စောင့်သရဲ



www.burmeseclassic.com